# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ စနေနေ့။ Saturday, 11 September 2021 ၁၀၄၉၃


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ၏ ပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံကို များစွာအထောက်အကူပြု ရထားလမ်းများကောင်းမွန်စေရေး စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် စဉ်းစားဆောင်ရွက်

## ရန်ကုန်-ပြည် မီးရထားလမ်းသည် ပထမဆုံးဖွင့်လှစ်ခဲ့သည့် မီးရထားလမ်းဖြစ်ပြီး အဆင့်မြှင့်တင်ကာ လျှပ်စစ်ရထားလမ်းများအထိ မျှော်မှန်းလုပ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)နှင့် ဘူတာကြီးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


မျိုးတွေ ဘယ်လောက်ပြောင်းပြောင်း မျိုးမပြောင်းနိုင်တဲ့အပိုင်းကို ဦးတည်ပြီး ကုသပေးနိုင်တဲ့ လူလုပ်ပဋိပစ္စည်းလို ဆေးဝါးတွေ ထွက်လာစရာရှိနေတဲ့အတွက် ဒီဗိုင်းရပ်စ်ရောဂါကို ရေရှည်မှာ လူသားတွေအနေနဲ့ နိုင်ကိုနိုင်ရမှာ ဖြစ်ပါတယ် — စာမျက်နှာ » ၁၀

ဉာဏ်ပညာနှင့်ယှဉ်၍ နေထိုင်တတ်ကြပါစေ — စာမျက်နှာ » ၆



ဂျပန်နိုင်ငံ၌ အီးတီအေ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှု တွေ့ရှိ — စာမျက်နှာ » ၁၃

ကြေးမုံ

# မိမိတို့ပိုင်ဆိုင်မှုမထိခိုက်ရန် ဥပဒေကိုသတိမူ

ယခုအခါတွင် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားအားနှောင့်ယှက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH က ဖြစ်ပေါ်လာသော NUG နှင့် ၎င်းတို့ဖွဲ့စည်းထားသော PDF တို့နှင့် လက်အောက်ခံအဆက်အနွယ် အကြမ်းဖက်သမားတို့က နိုင်ငံတစ်ဝန်းတွင် အများပြည်သူဆိုင်ရာတို့ကို ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း စသည်တို့ကို ကျူးလွန်ရန်အတွက် မြို့ပေါ်တွင် ပုန်းရှောင်၊ ခိုအောင်းရန်နှင့် အကြမ်းဖက်မှုပြုလုပ်ရန် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းအသုံးပြုကြသည်ကို တွေ့ရမည်ဖြစ်သည်။

သာဓကအားဖြင့် ပြီးခဲ့သည့်လများက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းနှင့် ချမ်းမြသာစည်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ငှားရမ်းနေထိုင်သည့်နေအိမ်နှင့် တိုက်ခန်းများအတွင်းမှ လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အကြမ်းဖက်သမားများကို ဖမ်းဆီးရမိခဲ့သည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း အကြမ်းဖက်လုပ်ရပ်များကျူးလွန်မည့်သူများသည် နေအိမ်တိုက်ခန်းများအား ငှားရမ်းနေထိုင်ပြီး မြို့နယ်များအတွင်း ဗုံးထောင်ဖောက်ခွဲမှုဖြစ်စဉ်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခဲ့ကြသည့်ဖြစ်စဉ်များ ဖြစ်ခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်မှုများ ကျူးလွန်ရန်အတွက် ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များ အသုံးပြုခဲ့ကြသည်ကိုလည်းတွေ့ရသည်။

မြို့ပေါ်နေပြည်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်သော နေအိမ်များ၊ တိုက်ခန်းများ၊ မော်တော်ယာဉ်များကို ဝင်ငွေရရှိရေးအတွက် ငှားရမ်းအသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ငှားရမ်းအသုံးပြု ဝင်ငွေရှာကြရာတွင် ဝင်ငွေရလမ်းတစ်ခုတည်းကိုသာမကြည့်ဘဲ မိမိပိုင်ဆိုင်သည့် နေအိမ်၊ တိုက်ခန်းနှင့် မော်တော်ယာဉ်များ ထိခိုက်နစ်နာမှု မဖြစ်စေရေးအတွက်လည်း ကြည့်ရမည်ဖြစ်သည်။ ငွေရလျှင် မည်သူ့ကိုမဆို ငှားရမ်းမည်ဟူသောခံယူချက်ဖြင့် လုပ်ကိုင်ပါလျှင် ငှားရမ်းသူများ ထိခိုက်နစ်နာရသည့်အဖြစ်များ ရှေးယခင်ကတည်းကရှိခဲ့ပါသည်။ ယခင်က ဒုစရိုက်မှု၊ မူးယစ်ဆေးဝါးအမှုများနှင့်ပတ်သက်သူများကို ငှားရမ်းမိသည့်အတွက် မိမိတို့ပိုင်ဆိုင်မှုများသာမက မိမိတို့ပါအမှုပတ်ခဲ့သည်ကိုတွေ့ရသည်။ ယခုအခါ ၎င်းအမှုများအပြင် အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ရန်အတွက် ငှားရမ်းအသုံးပြုသည်များကို ဖမ်းဆီးရမိသောအခါ တွေ့ရသည်။

ရာဇဝတ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ မသိ၍ပတ်သက်မိပါသည်ဟူသော ဆင်ခြေပေး၍ ရမည်မဟုတ်ပေ။ ရာဇဝတ်မှု၊ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ ပါဝင်ပတ်သက်မိပါက ရာဇဝတ်မှု ဥပဒေ၊ အကြမ်းဖက်မှုဥပဒေနှင့်ငြိစွန်းသည်ကို သတိပြုရမည်ဖြစ်သည်။ မိမိပိုင်ဆိုင်မှုတစ်ခုခုကို ငှားရမ်းအသုံးပြုခွင့်ပေးမည်ဆိုပါက ယင်းငှားရမ်းမှုအတွက် မိမိတွင်လည်း တာဝန်ရှိသည်ကို သတိပြုရမည်ဖြစ်သည်။ မိမိငှားရမ်းမည့်သူများအား မျက်စိစုံမှိတ်၍ ငှားရမ်းခြင်းမပြုဘဲ မိမိငှားရမ်းမည့်သူနှင့်ပတ်သက်၍ ဆင်ခြင်သုံးသပ်လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ကိုင်ရမည်ဖြစ်သည်။ အကယ်၍ငှားရမ်းမိပြီဆိုလျှင်လည်း မိမိအတွက် အန္တရာယ် ရှိ၊ မရှိ အကဲခတ်ကြည့်ရမည်ဖြစ်သည်။ အကယ်၍ အန္တရာယ်ရှိသည်ဆိုလျှင် မိမိကိုယ်တိုင်မဖြေရှင်းနိုင်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်အကြောင်းကြားနိုင်ရေး အားထုတ်ရမည်ဖြစ်သည်။

ပြီးခဲ့သည့်ကာလက လုံခြုံရေးတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကို ကျူးလွန်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတိုငှားရမ်းနေထိုင်လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် နေအိမ်၊ တိုက်ခန်း ငှားရမ်းသူအိမ်ရှင်များအနေဖြင့် မိမိတို့၏ နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူသည် သံသယဖြစ်ဖွယ်ရှိပါက သက်ဆိုင်ရာသို့ အချိန်မီသတင်းပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

သို့ဖြစ်ရာ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိသည့်အခါ နေအိမ်၊ တိုက်ခန်းများငှားရမ်းစဉ် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့်ပိုင်ရှင်တွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းကိုလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ထုတ်ပြန်ချက်ကို သတိမူရန်ဖြစ်ပါကြောင်း။ ။


ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်

"ရှေးဦးပြုစုသူရဲကောင်းများ ကျောင်းနှင့်ရပ်ရွာမှာ မွေးထုတ်ထား"

"Be a First Aid hero at school and in your community"


## ငါန်းဇွန်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

**ငါန်းဇွန် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်က ငါန်းဇွန်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အားသာချက်၊ အားနည်းချက်၊ အခက်အခဲများ၊ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၏ စွမ်းဆောင်ရည်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့်အတူ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၅၀၀ | ၁၃,၃၅၀,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၃,၄၅၁ | ၁၀,၇၇၀,၆၅၀ |
| MCB | ၈,၀၀၀ | ၇,၈၀၀ | ၁၀ | ၈၀,၀၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၁၅၀ | ၅၃၆ | ၉,၉၁၆,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၁၂ | ၃၃,၅၀၀ |
| EFR | ၃,၂၀၀ | ၂,၉၅၀ | ၁,၁၁၀ | ၃,၂၇၇,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၅ | ၂၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၃၄.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၆၉.၃၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၁၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၁၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၄.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၉၅.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၇.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်

# နှစ် ၁၀၀ ကျော် အတွေ့အကြုံရှိပြီးဖြစ်သည့် မိမိတို့မီးရထားလုပ်ငန်းသည် မီးရထားစက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများကို ပြည်တွင်းဖြစ် တည်ဆောက်နိုင်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ ရွှေဖုံးမှ

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းနှင့် စက်ရုံမှူး ဦးမြင့်နိုင်တို့က မြန်မာ့မီးရထား၏ နောက်ခံသမိုင်းအကျဉ်းနှင့် လုပ်ငန်းတာဝန်များ၊ စက်ရုံများနှင့် ဌာနများအလိုက် ဝန်ထမ်းများခန့်အပ်ထားမှု အခြေအနေများ၊ နိုင်ငံတစ်ဝန်း မီးရထားများ ပြေးဆွဲနေမှုအခြေအနေများနှင့် တိုးချဲ့ပြေးဆွဲမည့် အခြေအနေများ၊ မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်နေမှု အခြေအနေများ၊ မီးရထားလူစီးတွဲနှင့် ကုန်တွဲအသစ်များ တည်ဆောက်ခဲ့မှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများ၊ စက်ခေါင်းများ ပြုပြင်ထိန်းသိမ်းမှုနှင့် မီးရထားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်) သမိုင်းကြောင်းနှင့် မီးရထားပြတိုက် တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ၂၀၂၁ ခုနှစ် မေလ ၁၈ ရက်တွင် မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

**နိုင်ငံကို များစွာအထောက်အကူပြု**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏ပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေး လုပ်ငန်းသည် နိုင်ငံကို များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း၊ မီးရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အဓိက ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းတစ်ခုချင်းအလိုက် တိုင်းတာစစ်ဆေးရန်လိုကြောင်း၊ မီးရထားလမ်းများ ကောင်းမွန်ခြင်းမရှိပါက ရထားတွဲများ ပျက်စီးစေပြီး ခရီးသွားလာမှုကို ကြန့်ကြာမှု ဖြစ်ပေါ်စေသဖြင့် လမ်းများကောင်းမွန်စေရေး ရထားလမ်းများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေးစဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ရန်ကုန်-ပြည် မီးရထားလမ်းသည် ပထမဆုံးဖွင့်လှစ်ခဲ့သည့် မီးရထားလမ်းဖြစ်ပြီး အဆင့်မြှင့်တင်ကာ လျှပ်စစ်ရထားလမ်းများအထိ မျှော်မှန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်မဟုတ်သော်လည်း ရေရှည်အတွက် စီမံချက်ချလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြစ်ကူးမီးရထားတံတား ဖောက်လုပ်ရာတွင် ယခင်က မှားယွင်းစွာဖောက်လုပ်ခဲ့သည့် ဒီဇိုင်းအမှားများအပေါ် သင်ခန်းစာယူ၍ ဘေးချင်းယှဉ်လျက်သော်လည်းကောင်း၊ အပေါ်အောက် နှစ်ထပ်ဒီဇိုင်းပုံစံဖြင့်သော်လည်းကောင်း ဖောက်လုပ်နိုင်ရေး စဉ်းစားလုပ်ဆောင်ကြရန်လိုကြောင်း။

ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းတွင် အသုံးပြုရန် ပြန်လည်ပြုပြင်မည့် ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများ မောင်းနှင်ရာတွင် ကျောက်မီးသွေးကို အသုံးပြုမောင်းနှင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကျောက်မီးသွေးများကို အသုံးပြုရမည်ဖြစ်ကြောင်း၊ မီးရထားလမ်းများအနေဖြင့် လမ်းကောင်းရန်နှင့် လမ်းတစ်လျှောက် ရထားစီးခရီးသည်များ မျက်စိပသာဒရှိရန် လိုအပ်သကဲ့သို့ ရထားအတွင်းပိုင်းသည်လည်း သန့်ရှင်းသပ်ရပ်နေရမည်ဖြစ်ကြောင်း၊ နှစ် ၁၀၀ ကျော် အတွေ့အကြုံရှိပြီးဖြစ်သည့် မိမိတို့ မီးရထားလုပ်ငန်းသည် မီးရထား စက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများကို ပြည်တွင်းဖြစ်တည်ဆောက်နိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု တိုးတက်ရေးအတွက် Research and Development သည် အဓိကလိုအပ်သကဲ့သို့ မြန်မာ့မီးရထားတွင်လည်း ရထားနှင့်ပတ်သက်သည့် Research and Development Center တစ်ခု ထူထောင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားတွဲများတည်ဆောက်ရာတွင် လျှပ်စစ်ရထားအထိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး အနာဂတ်အတွက် ကြိုတင်စဉ်းစား ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့စဉ်းစား၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ခေါင်းတွဲငယ်များဖြင့် စတင်ဆောင်ရွက်ကာ အဆင့်ဆင့်အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားဆွေးနွေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ(နေပြည်တော်)အတွင်း လူစီးစက်ခေါင်းများနှင့် ရိုးရိုးစက်ခေါင်းများ တပ်ဆင်မွမ်းမံထားရှိမှု၊ စက်ခေါင်းသစ်များ တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးသည့် စက်ခေါင်းသစ်များကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြပြီး မီးရထားပြတိုက် တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မီးရထားပြတိုက်တည်ဆောက်ရာ၌ ရှေးဟောင်းစက်ခေါင်းတွဲများအား အဆောက်အဦ၏ ပြင်ပတွင် ပြသထားရှိပါက ရေရှည်တွင် ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ပြတိုက်အတွင်း ထည့်သွင်းပြသရန်လိုကြောင်း၊ ပြည်ပနိုင်ငံများတွင် တည်ဆောက်ထားရှိသည့် မီးရထားပြတိုက်များကို လေ့လာ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီဇိုင်းပုံစံမျိုးရရှိအောင် စနစ်တကျတွက်ချက်လုပ်ဆောင်ကြရန် လိုကြောင်းနှင့် မီးရထားနှင့်ပတ်သက်၍ ဘူတာရပ်ဝန်းတွင်သာမက လမ်းနယ်များတွင်ပါ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရေး မီးရထား စည်းကမ်းချက်များကို တိတိကျကျလိုက်နာစေရေး ကြပ်မတ်လုပ်ဆောင်ကြရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

**စတင်တည်ဆောက်ခဲ့**

အဆိုပါ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)ကို မြန်မာ့မီးရထားရှိ အဓိကစက်ရုံကြီးများဖြစ်သည့် စက်ခေါင်းစက်ရုံ(အင်းစိန်)နှင့် ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)တို့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်စေရန်၊ ပြည်တွင်း၌ လိုအပ်သည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းများ ပြုပြင်မွမ်းမံမှုများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလတွင် တည်ဆောက်မှုလုပ်ငန်းများပြီးစီးခဲ့ပြီး ပထမဦးဆုံး စက်ခေါင်းသစ် DF 2093 စက်ခေါင်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ စက်ရုံတွင် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း စက်ခေါင်းသစ် ၁၀ ခေါင်းကို တပ်ဆင်ထုတ်လုပ်နိုင်ခဲ့ကြောင်းနှင့် မြန်မာ့မီးရထား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးရှိ မီးရထားပြတိုက်တည်ဆောက်ရန် စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံက အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်သည့် (၁၃)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် စက်တင်ဘာ ၁၀

(၁၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်သည်။




### ဝန်ကြီးများထံ တင်ပြ

အစည်းအဝေး၌ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံက အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်သည့်ကာလအတွင်း စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေး၏ သဘာပတိဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဝါဝါမောင်က ဝန်ကြီးများထံ တင်ပြသည်။

အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဝါဝါမောင်က ၂၀၂၁ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးကျင်းပနိုင်မှု စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ အခြေအနေ၊ ဂျာမန်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲမည့် လုပ်ငန်းလမ်းညွှန်ကို အတည်ပြုနိုင်မှု အခြေအနေများကို စီးပွားရေးဝန်ကြီးများထံ တင်ပြခဲ့ရာ ဝန်ကြီးများက အဆင့်မြင့်စီးပွားရေး အရာရှိများအား စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၂၁-၂၀၂၂ အရ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ စီအယ်လ်အမ်ဗွီနိုင်ငံများ၏ အားသာချက်ဖြစ်သည့် စိုက်ပျိုးရေးကို အခြေခံသည့် လုပ်ငန်းများကို ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းဆောင်ရွက်ရေး၊ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် အခြားအာဆီယံနိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့ကို လမ်းညွှန်ခဲ့ကြသည်။

### မှတ်တမ်းတင်ခဲ့

ထို့နောက် စီအယ်လ်အမ်ဗွီနိုင်ငံများရှိ အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့က ဗီယက်နမ်နိုင်ငံသို့ တစ်နိုင်ငံလျှင် ပညာသင် (၂၀) စေလွှတ်ခြင်းအစီအစဉ်အတွက် ဗီယက်နမ်နိုင်ငံ၏ ပံ့ပိုးပေးမှုကို မှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးဝန်ကြီးများက စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းအစီအစဉ်ရေးဆွဲမည့် စီမံချက်ကို ဆက်လက်ဆွေးနွေးခဲ့ရာ စီမံချက်အတွက် ပံ့ပိုးကူညီပေးသည့် ဩစတြေးလျနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပြီး စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်သည် ၂၀၃၀ ပြည့်နှစ်တွင် စီအယ်လ်အမ်ဗွီနိုင်ငံပြည်သူများအား အလယ်အလတ်ဝင်ငွေရှိသည့် အခြေအနေသို့ ရောက်ရှိစေရန် ရည်ရွယ်ထားသည့်အတွက် စီမံချက်ကို ၂၀၂၁ ခုနှစ်အတွင်း အချိန်မီပြီးစီးစေရေး မဲခေါင်သုတေသနအဖွဲ့၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အဆင့်မြင့်အရာရှိများအား လမ်းညွှန်ခဲ့သည်။

ထို့နောက် စီးပွားရေးဝန်ကြီးများက ဂျာမန်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ယှဉ်ပြိုင်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ပိုမိုတိုးတက်စေရေးပံ့ပိုးဆောင်ရွက်ပေးသည့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု အခြေအနေများ၊ နိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်မှုအခြေအနေများနှင့် ဒေသအတွင်း ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ဆောင်ရွက်မှုများ၊ ဒေသခွဲအတွင်းတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ပေါင်းစပ်ဆက်သွယ်မှု တိုးတက်ရေးတို့အတွက် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးကို တိုးမြှင့်ရေး၊ ငွေကြေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးလာစေရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး (၁၃) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို အတည်ပြုခဲ့သည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံက ၂၀၂၁ ခုနှစ်အတွင်း ဦးဆောင် ဆောင်ရွက်ခဲ့သည့် စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ပံ့ပိုးဆောင်ရွက်ပေးသည့်အတွက် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ၂၀၂၂ ခုနှစ်တွင် အလှည့်ကျ စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဦးဆောင်ရန် ဗီယက်နမ်နိုင်ငံအား လွှဲပြောင်းပေးအပ်သည်။

**သတင်းစဉ်**

# တရုတ်-အာဆီယံ ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များအကြား ချစ်ကြည်ရေးကို ခိုင်မာစေပြီး ဒေသတွင်းနှင့် နှစ်နိုင်ငံဘက်စုံကုန်သွယ်မှု ဆက်ဆံရေးမြှင့်တင်ရာတွင် အရေးပါသော Platform တစ်ခုဖြစ်

နေပြည်တော် စက်တင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၁၈)ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း အွန်လိုင်းဖြင့် တက်ရောက်သည်။



### ဆက်ဆံရေးမြှင့်တင်

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့က ဗီဒီယိုဖြင့် မိန့်ခွန်းများ အသီးသီးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ စိန်ခေါ်မှုများစွာရှိနေသည့်ကြားမှ တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကြီးကျယ်ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တရုတ် - အာဆီယံ ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များအကြား ချစ်ကြည်ရေးကို ခိုင်မာစေပြီး ဒေသတွင်းနှင့် နှစ်နိုင်ငံဘက်စုံကုန်သွယ်မှု ဆက်ဆံရေးမြှင့်တင်ရာတွင် အရေးပါသော Platform တစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေးကဏ္ဍများတွင် ထိခိုက်နစ်နာမှုများ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး စီးပွားရေး ပြန်လည်ဦးမော့လာစေရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မိတ်ဆွေ အာဆီယံနိုင်ငံများအနေဖြင့် မိမိတို့နှင့်အတူ လက်တွဲပူးပေါင်းပြီး စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက နှစ်စဉ် အင်တိုက်အားတိုက် ပါဝင်တက်ရောက်ပြသခဲ့ကြသော်လည်း ယခုနှစ်တွင် ကိုဗစ်ကပ်ရောဂါကြောင့် ကိုယ်တိုင်လာရောက်ပြသနိုင်ခြင်းမရှိသော်လည်း အွန်လိုင်းမှတစ်ဆင့် ပါဝင်ပြသနိုင်အောင် ကူညီပံ့ပိုးပေးသည့်အတွက် CAEXPO ပြပွဲမှ သက်ဆိုင်ရာတာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ပေးပို့လှူဒါန်းသည့်အတွက်လည်း CAEXPO မှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကုန်စည်ပြပွဲ အောင်မြင်ရန်နှင့် တရုတ်-အာဆီယံဒေသတွင်း အစဉ်ထာဝရ ချစ်ကြည်ရင်းနှီးမှုရှိကြပါစေရန် ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပြပွဲကျင်းပရာနေရာ၌ ခင်းကျင်းပြသခြင်းအပြင် ပြပွဲသို့ ကိုယ်တိုင်လာရောက် ခင်းကျင်းပြသနိုင်ခြင်းမရှိသည့် အာဆီယံနိုင်ငံများမှ လုပ်ငန်းများအတွက် အွန်လိုင်းပြပွဲတစ်ရပ်ကို တစ်ပြိုင်နက်တည်း ခင်းကျင်းထားရှိပြီး တစ်နှစ်ပတ်လုံး ပြသပေးထားမည်ဖြစ်သည်။ ယင်းပြပွဲသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီ ၁၄ ခုတို့က ကုန်စည်ပြခန်းပေါင်း ၂၂ ခန်းဖြင့် စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုး၊ ကော်ဖီ၊ လက်ဖက်ရည်၊ သီဟိုဠ်စေ့ကဲ့သို့ စားသောက်ကုန်များ၊ သဘာဝဆိုးဆေးအသုံးပြုထားသည့် ချည်ထည်များဖြင့်ချုပ်လုပ်ထားသည့် အထည်များကို ခင်းကျင်းပြသလျက်ရှိသည်။ အွန်လိုင်းပေါ်မှ ပြခန်းများတွင်လည်း သစ်သီးဝလံ၊ ဆေးကုလားမ၊ သဘာဝဆိုးဆေး အသုံးပြုထားသည့် ချည်ထည်များဖြင့် ချုပ်လုပ်ထားသည့် အထည်များနှင့် အထည်ချုပ်လုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ စားသောက်ကုန်၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များစသည်ဖြင့် ပြခန်းပေါင်း ၂၂ ခန်း ပါဝင်ပြသလျက်ရှိသည်။

### ထည့်သွင်းတည်ဆောက်

ကုန်စည်ပြခန်းများအပြင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကာလအတွင်း ၈၁ စတုရန်းမီတာ အကျယ်အဝန်းရှိသည့်နေရာ၌ မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့် ပုသိမ်မြို့ကို ဦးစားပေးလျက် မြန်မာအမျိုးသားပြခန်းဆောင် (National Pavilion) ကို ထည့်သွင်းတည်ဆောက်ထားပြီး ယင်းပြခန်း၌ LED TV ဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ကုန်စည်ထုတ်လုပ်နေသော၊ ကုန်သွယ်မှုဆောင်ရွက်နေသော လုပ်ငန်းများ၏ မြှင့်တင်ရေးဗီဒီယိုများနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဗီဒီယိုများကိုပါ ပြသလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လို

**မိမိတို့ တာဝန်ယူသည့်ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ သွင်းအားစုများအသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျ စိုက်ပျိုးခြင်းဖြင့်၊ စပါးများအထွက်နှုန်းတိုးစေရေးဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်သူလူထုအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အစီအစဉ်ကောင်းများ ထုတ်လုပ်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံဝင်း အတွင်းရှိ Forever Studio အား ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညှိခန်း၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှ ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အတူ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ ဦးရဲထွန်းက အသင်းမှ ထုတ်ဝေသည့် စာအုပ်၊ စာစောင်များအား ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ခေတ်နှင့်လျော်ညီစွာ ထုတ်လုပ်နိုင်ရန်**

ရှေးဦးစွာ ဂျီတီစီပုံနှိပ်စက်ရုံရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်စက်ရုံများသည် နိုင်ငံတော်အတွက် လိုအပ်သည့် စာအုပ်များကို ခေတ်နှင့်လျော်ညီစွာ ထုတ်လုပ်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြုပြင်သင့်သည်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများကိုလည်း ဘဏ္ဍာနှစ်အလိုက် တင်ပြဆောင်ရွက်ပေးရန်လိုကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအတွက် ရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် ကောင်းမွန်ပြီး မှန်ကန်သော အသိပညာနှင့် အတွေးအခေါ်များပေးနိုင်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူများကို အကောင်းဆုံးဝန်ဆောင်မှုများ ပေးနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံ တို့တွင် ရွှေသွေးဂျာနယ်နှင့် စာအုပ်များပုံနှိပ်ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိ**

ယမန်နေ့ညနေပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိပြီး မြန်မာ့အသံ ရေဒီယိုထုတ်လွှင့်မှုနှင့် ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေကူးအသံလွှင့်စက်ရုံ အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် စက်ရုံဧရိယာကျယ်ဝန်းပြီး တည်နေရာအနေအထားအရ လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်တွင် မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က မီဒီယာနှင့်ပတ်သက်၍ အလေးထားပါကြောင်း၊ ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ခေတ်နှင့်လျော်ညီသော၊ နုပျိုသစ်လွင်သော၊ ပြည်သူများ စိတ်ဝင်စားမည့် အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေး ပြောင်းလဲဆောင်ရွက်စေလျက်ရှိပါကြောင်း ပြောကြားသည်။

**ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Sky Net ရုပ်သံလုပ်ငန်း၏ စတူဒီယိုများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ရိုက်ကူးရေးဆောင်ရွက်နေမှုကို ကြည့်ရှုပြီး တိုးချဲ့ဆောင်ရွက်လိုသည့် ရိုက်ကူးရေးလုပ်ငန်းများအတွက် အသေးစိတ်ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ Forever Group ကုမ္ပဏီ၏ ရုပ်သံလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ရေးယာဉ်များ၊ စတူဒီယိုများ၊ Virtual Studio တွင် သရုပ်ပြရိုက်ကူးမှုနှင့် ရုပ်သံတည်းဖြတ်မှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအား အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အစီအစဉ်ကောင်းများ ထုတ်လုပ်ပြသနိုင်ရေး ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ စီမံချက်ရေးဆွဲပြီး တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

## ရေတာရှည်မြို့နယ်၌ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ပြီးဆုံး



**ရေတာရှည် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး Green Growth အသိပညာပေးသင်တန်းများကို ဇူလိုင် ၁၄ ရက်မှစတင်၍ စက်တင်ဘာ ၉ ရက်အထိ သင်တန်း ငါးကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့ ပီတူးကျေးရွာအုပ်စု ဝါးရုံတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သော နောက်ဆုံးသင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က ကျေးရွာများအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လိုက်နာကျင့်သုံး ဆောင်ရွက်တတ်စေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများ ပေါ်ပေါက်လာစေရန်၊ ကျေးလက်ဒေသနေ ပြည်သူများ လူမှုဘဝ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ကာ သင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ဉာဏ်ပညာနှင့်ယှဉ်၍ နေထိုင်တတ်ကြပါစေ

ကနောင်

"ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်" တဲ့။ မြန်မာဆိုရိုးစကားရှိပါတယ်။

အဲဒီလိုပဲ လူချင်းတူရင် ကံကောင်းတဲ့သူက သာသတဲ့၊ ကံချင်းတူရင် ဉာဏ်ကောင်းတဲ့သူက သာသတဲ့၊ ဉာဏ်ချင်းတူရင်တော့ ဝီရိယအားစိုက်သူက သာပါသတဲ့။ မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာ မိမိရဲ့အားထုတ်မှုပဲဖြစ်ပါတယ်။ ကံကောင်းသူဟာ ကောင်းတဲ့လုပ်ရပ်တွေကို လုပ်ဆောင်တဲ့သူပဲဖြစ်ပြီး ဉာဏ်ကောင်းသူဟာ အသိဉာဏ်ပညာကို ကောင်းကောင်းမွန်မွန်အသုံးချနိုင်သူပဲ မဟုတ်ပါလား။ ကောင်းမွန်တဲ့အလုပ်တွေကိုလုပ်ပြီး အသိဉာဏ်နဲ့ယှဉ်တဲ့ မဆုတ်မနစ်ကြိုးစားအားထုတ်မှုရှိမယ်ဆိုရင် အကောင်းဆုံးလူသားဘဝကို ပိုင်ဆိုင်နိုင်ကြမှာပါ။

**မိမိတို့ဗုဒ္ဓဘာသာမှာ ကံငါးပါးဟာ အခြေခံကျင့်ဝတ်စည်းကမ်းဖြစ်သလို အခြားသော ဘာသာကြီးတွေမှာလည်း လိမ်ညာမပြောရ၊ သူ့အသက်မသတ်ရ၊ သူ့ဥစ္စာမခိုးရ စတဲ့ အချက်တွေကို အလေးအနက်ထည့်သွင်းထားတာပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ မဲတစ်ပြားဟာ တိုင်းပြည်အတွက်တော့ အုတ်တစ်ချပ်ချင်း၊ သဲတစ်ပွင့်ချင်းပဲဖြစ်ပါတယ်။ အုတ်ချပ်တိုင်း၊ သဲပွင့်တိုင်းကို တန်ဖိုးထားပြီး မှန်ကန်တဲ့မဲရလဒ်တွေဖြစ်မှသာ ပြည်သူ အပေါ်ကို သစ္စာရှိတဲ့ခေါင်းဆောင်ကောင်းတွေ ထွက်ပေါ်လာမှာမဟုတ်ပါလား။ ဒါကို မဲလိမ်၊ မဲခိုးခဲ့ကြတဲ့ အတ္တကြီးတဲ့ အနိုင်ရလိုသူတွေဟာ အခြေခံ ငါးပါးသီလကိုမှ မလိုက်နာ၊ ခိုးမှု၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နေသူတွေပဲဖြစ်ပြီး ထိုလူစားတွေနဲ့ အပေါင်းအပါတွေ ခေါင်းဆောင်ဦးစီးမှုသာဆိုရင် တိုင်းပြည်ဟာ ရိုးသားမှုပျောက်ဆုံးပြီး ပျက်စီးခြင်းရောက်ရမှာ အသေအချာပဲဖြစ်**

**ဗျာသနတရားငါးပါးမှ ကင်းဝေးကြဖို့**

လက်ရှိမိမိတို့တိုင်းပြည်ရဲ့ နိုင်ငံရေးအပြောင်းအလဲတစ်ရပ်ဟာ အကြောင်းကြောင့် အကျိုးဖြစ်လာခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့အကြောင်းအရာကို တိတိပပ စေ့ငုလေ့လာမှုမရှိ၊ ခံစားချက်အပေါ်အခြေခံပြီး သူတစ်ပါးစေ့ဆော်မှုတွေကို နားယောင်ရင်း ဗျာသနဆိုတဲ့ ပျက်စီးခြင်းသဘောကို မကြုံချင်ဘဲ ကြုံရသူတွေကို ယခုကာလမှာ စိတ်မသက်သာဖွယ် အများဆုံးမြင်တွေ့လာရပါတယ်။

ဗျာသနမှာ ဉာတိဗျာသန၊ ဘောဂဗျာသန၊ ရောဂဗျာသန၊ သီလဗျာသန၊ ဒိဋ္ဌိဗျာသနဆိုတဲ့ ဆွေမျိုးမိတ်သင်္ဂဟဆုံးရှုံးရခြင်း၊ စည်းစိမ်ဥစ္စာဆုံးရှုံးရခြင်း၊ ရောဂါဘယနှိပ်စက်သဖြင့် ဆုံးရှုံးရခြင်း၊ မိမိဆောက်တည်ထားတဲ့ သီလဆုံးရှုံးရခြင်း၊ ကိုယ်ကျင့်တရားပျက်ယွင်းခြင်း( မသမာမှု၊ မတရားမှု၊ အဓမ္မမှု၊ အကြမ်းဖက်မှု) တွေနဲ့ အယူမှား၊ အယူလွဲတွေကို ယုံကြည်ခြင်းဖြင့် ပျက်စီးစေတဲ့ ဗျာသနကို အသိဉာဏ်ပညာအားနည်းသူတွေ၊ သတိမမူဂူမမြင်ကြသူတွေနဲ့ အတွေ့အကြုံအားနည်းတဲ့ လူငယ်တွေမှာ အများဆုံးကြုံတွေ့နေကြရပါတယ်။

ဘာသာတရားရဲ့ အဆုံးအမတွေ၊ မိရိုးဖလာယဉ်ကျေးမှုအလေ့အထတွေဟာ ဒီမိုကရေစီအရေခြုံထားတဲ့ ပရမ်းပတာအုပ်ချုပ်သူတွေလက်အောက်မှာ အများကြီးပျက်ယွင်းခဲ့ရတာကိုလည်း အထင်အရှားမြင်တွေ့ရပါတယ်။ ဗျာသန (ပျက်စီးခြင်း)မှာ ဆွေမျိုးပျက်စီးတာ၊ မိမိကိုယ်ကိုထိခိုက်စေတာရှိပေမယ့်ဘဝနဲ့သံသရာအထိ မပျက်စီးသေးပါဘူး။ မီးလောင်၊ ရေမျော၊ စည်းစိမ်ဆုံးရှုံးစတဲ့ ဗျာသနမှာလည်း ပြာပုံဘဝရောက်ရင်တောင် ပြန်လည်ရှန်းထဖို့အတွက် အခွင့်အရေးရှိပါသေးတယ်။ သို့ပေမဲ့ ယုံကြည်မှု၊ အားကိုးမှု လမ်းမှားရောက်ရင် အဇာတသတ်က ဒေဝဒတ်ကို ဆရာတင်မိသလို အလုံးစုံပျက်စီးပြီး ယခုဘဝ၊ နောင်သံသရာတစ်လျှောက် ပျက်စီးရကိန်းကြုံရမှာဖြစ်ပြီး အပယ်လေးဘုံကိုလည်း လမ်းက တန်းနေစေပါတယ်။ အထူးသဖြင့် အကျင့်သီလနဲ့ အယူဒိဋ္ဌိ ဖောက်ပြန်ပျက်ယွင်းခဲ့မယ်ဆိုရင် လူသားဘဝဟာ အမြစ်ကစပြီး တူးဖြိုခံရတဲ့ သစ်တစ်ပင်လို နာလန်ပြန်ထူဖို့ ဝေးရမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံဟာ ဘာသာတရားပေါင်းစုံယှဉ်တွဲပြီး အေးအေးချမ်းချမ်းနေထိုင်ခဲ့တဲ့နိုင်ငံ၊ တိုင်းရင်းသားပေါင်းစုံ စုစည်းပြီးနေထိုင်ခဲ့တဲ့နိုင်ငံ၊ ဂါရဝေါစ၊ နိဝါတောစနဲ့ ပြည့်စုံတဲ့နိုင်ငံ၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်နဲ့အညီ နေထိုင်ခဲ့တဲ့သမိုင်းအစဉ်အလာကောင်းရှိခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက မိဘ၊ ဆရာသမားတွေဟာ ငါးပါးသီလကို သားငယ်သမီးငယ်တွေဆီ သင်ကြားပေးခဲ့ကြပါတယ်။ "သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်၊ သူ့ဥစ္စာလည်းမခိုးဘဲ အမြဲရှောင်ကြဉ်မည်၊ လိမ်ညာ၍လည်းမပြောဘဲ အမြဲရှောင်ကြဉ်မည်၊ သူ့အိမ်ရာလည်း မမှားဘဲ အမြဲရှောင်ကြဉ်မည်၊ သေရည်သေရက်မသောက်စားဘဲ အမြဲရှောင်ကြဉ်မည်" ဆိုတဲ့ သံပေါက်လေးတွေက ငါးပါးသီလကို ပါဠိလို ဋ္ဌာန်ကရိုဏ်းကျကျမရွတ်တတ်သေးတဲ့ ကလေးငယ်ဘဝမှာ ကလေးတွေ စိတ်သန္တာန်မှာ မှတ်မှတ်ရရဖြစ်စေဖို့ လူကြီးမိဘတွေက လေ့ကျင့်ပေးခဲ့ကြတဲ့ သင်ကြားမှုတစ်ခုပဲဖြစ်ပါတယ်။

**ခေတ်သစ်ခိုးသားငါးရာ**

မိမိတို့ဗုဒ္ဓဘာသာမှာ ကံငါးပါးဟာ အခြေခံကျင့်ဝတ်စည်းကမ်းဖြစ်သလို အခြားသောဘာသာကြီးတွေမှာလည်း လိမ်ညာမပြောရ၊ သူ့အသက်မသတ်ရ၊ သူ့ဥစ္စာမခိုးရ စတဲ့အချက်တွေကို အလေးအနက်ထည့်သွင်းထားတာပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ မဲတစ်ပြားဟာ တိုင်းပြည်အတွက်တော့ အုတ်တစ်ချပ်ချင်း၊ သဲတစ်ပွင့်ချင်းပဲဖြစ်ပါတယ်။ အုတ်ချပ်တိုင်း၊ သဲပွင့်တိုင်းကို တန်ဖိုးထားပြီး မှန်ကန်တဲ့မဲရလဒ်တွေဖြစ်မှသာ ပြည်သူအပေါ်ကို သစ္စာရှိတဲ့ခေါင်းဆောင်ကောင်းတွေ ထွက်ပေါ်လာမှာမဟုတ်ပါလား။ ဒါကို မဲလိမ်၊ မဲခိုးခဲ့ကြတဲ့ အတ္တကြီးတဲ့ အနိုင်ရလိုသူတွေဟာ အခြေခံ ငါးပါးသီလကိုမှ မလိုက်နာ၊ ခိုးမှု၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်နေသူတွေပဲဖြစ်ပြီး ထိုလူစားတွေနဲ့ အပေါင်းအပါတွေ ခေါင်းဆောင်ဦးစီးမှုသာဆိုရင် တိုင်းပြည်ဟာ ရိုးသားမှုပျောက်ဆုံးပြီး ပျက်စီးခြင်းရောက်ရမှာအသေအချာပဲဖြစ်ပါတယ်။

မြန်မာ့သမိုင်းဖြစ်စဉ်တွေကို ပြန်ကြည့်မယ်ဆိုရင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေနဲ့ ပြည့်စုံတဲ့ မင်းကောင်းမင်းမြတ်တွေလက်ထက်မှာ တိုင်းပြည်ဟာ တိုးတက်စည်ကားဖွံ့ဖြိုးခဲ့သလို ဆန်ရေစပါးပေါကြွယ်တာ၊ ရာသီဥတုမျှတတာ၊ ရာဇဝတ်မှုနည်းပါးတာ၊ ဘာသာတရားပိုမိုကိုင်းရှိုင်းကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ မိမိတို့မျက်မှောက်ကာလမှာလည်း သီလဝိသုဒ္ဓိ ကိုယ်ကျင့်သီလကောင်းမွန်တဲ့ခေါင်းဆောင်တွေနဲ့ သီလကိုတန်ဖိုးထားရမှန်းသိ၊ ကိုယ်ကျင့်တရားလေးစားလိုက်နာပြီး နိုင်ငံတကာက ဦးညွှတ်လေးစားရတဲ့ လူကြီးလူကောင်းဆန်တဲ့ စိတ်ဓာတ်ရှိသူတွေ၊ ဒီမိုကရေစီရဲ့ အနှစ်သာရကို နားလည်ပြီး အထက်တန်းကျကျ ခံစားနိုင်တဲ့ပြည်သူတွေများများရှိမှ သူခိုး၊ ဓားပြမရှိ၊ အကြမ်းဖက်လူသတ်မှုမရှိနဲ့ တိုင်းပြည်က လုံခြုံအေးချမ်းပြီး ပြည့်စုံတဲ့နိုင်ငံ ထူထောင်နိုင်မှာဖြစ်တယ်ဆိုတာကို ပြည်သူတွေ သတိပြုမိစေလိုပါတယ်။

မိမိတို့နိုင်ငံသားတွေဟာ အစဉ်အဆက် လူကြီးသူမတွေကို မြင်တွေ့တဲ့အခါ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတတ်အောင်၊ ယဉ်ကျေးပျူငှာတဲ့ လောကဝတ်တွေကို သင်ကြားပေးခဲ့ကြပါတယ်။ ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ စာရိတ္တသီလ၊ ဝါရိတ္တသီလတွေကို လူငယ်တွေ သိမြင်နားလည်ပြီး မကောင်းမှုဒုစရိုက်တွေကို လုပ်ဆောင်ဖို့ ရှက်တတ်၊ ကြောက်တတ်အောင် သင်ကြားပေးခဲ့ကြပါတယ်။ ဒါဟာ လူတစ်ဦးချင်းစီရဲ့ စိတ်ဓာတ်အရည်အချင်းကို ဖြည့်ဆည်းဖို့အတွက် လူကြီးမိဘတွေရဲ့ ကြိုးပမ်းခဲ့မှုတွေပဲ ဖြစ်ပါတယ်။ လက်ရှိမှာလည်း မိမိတို့ပြည်သူတွေဟာ တစ်ဦးချင်းစီရဲ့ သီလနဲ့ပညာကို ဖြည့်ကြရမှာဖြစ်ပြီး မကောင်းမှု၊ ဒုစရိုက်တွေနဲ့ ပြည့်နှက်နေတဲ့ ဆင်ခြင်တုံတရားအားနည်းတဲ့ လူတစ်စုရဲ့ မြှောက်ပင့်သွေးထိုးမှုတွေကို တွန်းလှန်ကြရင်း နိုင်ငံထူထောင်ရေးမှာ ပါဝင်ကြရမှာဖြစ်ပါတယ်။

**ဆင်ခြင်တုံတရားမပါတဲ့ ခြောက်လှန့်မှုတွေကို တွန်းလှန်**

ပြီးခဲ့တဲ့ရက်ပိုင်းက မြေပြင်မှာလက်တွေ့ကျကျ ဘာတစ်ခုမှ မပြသနိုင်ဘဲ ပြည်ပြေးဘဝနဲ့ တိုင်းပြည်အတွင်းရေးကို ခြယ်လှယ်လိုတဲ့ လေလှိုင်းအကြမ်းဖက် NUG ကနေ ဆင်ခြင်တုံတရားကင်းမဲ့၊ နိုင်ငံကို ဆင်းရဲတွင်းနက်စေမယ့် လိမ့်လုံး၊ ခြောက်လုံးတွေကို မိန့်ခွန်းဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ကိုဗစ်တတိယလှိုင်းကြောင့် မောပန်းနေကြရတဲ့ ပြည်သူတွေအတွက် ဆင်းရဲတွင်းနက်စေမလား၊ အတိဒုက္ခကြုံစေမလား ခံစားပေးဖော်မရ၊ မိမိတို့လူတစ်စုကောင်းစားရေးအတွက် အဝေးကနေ ကယောင်ကတမ်းမြှောက်ပင့်သွေးထိုးချက်လို့ပဲ စာရေးသူကတော့ သတ်မှတ်လိုပါတယ်။

အမိုက်မှောင်ဖုံးလွှမ်းနေတဲ့ PDF တွေရဲ့လက်ချက်နဲ့သေဆုံးသွားရတဲ့မိသားစုတွေ၊ မသိနားမလည်တဲ့လူငယ်တွေကို အာဇာနည်ဆိုပြီး မြှောက်ပေးနေသံတွေဟာ အကျည်းတန်လွန်းပါတယ်။ ကုန်စိမ်းရောင်းနေတဲ့ အမျိုးသားတစ်ယောက်ကို သေနတ်နဲ့ ၁၂ ချက်လောက်ပစ်ရလောက်အောင်၊ လျှပ်စစ်ရုံးရှေ့ ဗုံးထောင်တဲ့အခါ ဖြတ်သွားမိတဲ့ ဆိုက်ကားဆရာထိခိုက်ရလောက်အောင် တော်လှန်ရေးဆိုတဲ့ ခေါင်းစဉ်က ထင်ရာစိုင်းသတ်ဖြတ်ကြဖို့အတွက်လားလို့ မေးခွန်းထုတ်စရာဖြစ်ခဲ့ရပါတယ်။

**အကြမ်းဖက်ခြင်းကို မည်သည့်နိုင်ငံကမျှ လက်ခံမှာမဟုတ်ပါဘူး။ လက်နက်ကိုင်တော်လှန်ရလောက်အောင်လည်း မိမိတို့နိုင်ငံကို မည်သည့်နိုင်ငံကမျှ မတရားသိမ်းပိုက်ထားတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ တရားမျှတမှုကို ဖော်ဆောင်ဖို့ လက်ရှိအစိုးရရဲ့ဆောင်ရွက်ချက်တွေကို မျက်ကွယ်မပြုဘဲ မြင်အောင်ကြည့်တတ်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တပ်မတော်တို့အကြား၊ အစိုးရတို့အကြား ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းနေခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာရှိပါပြီ။ စားပွဲဝိုင်းပေါ်ရောက်အောင် ကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ ပင်ပန်းမှုတွေ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေဟာ ပါတီတစ်ခု၊ လူတချို့ရဲ့ အခွင့်အာဏာကို အကြောင်းပြုပြီး ပျက်သုဉ်းသွားရမှာကိုတော့ မတွေ့မမြင်လိုတဲ့ဆင်ခြင်တုံတရားရှိတဲ့ပြည်သူတွေ ရှိနေမှာဖြစ်ပါတယ်။**

လက်ရှိမိမိတို့ပြည်သူတွေဟာ D Day ဆိုတဲ့ စကားရပ်အောက်မှာ ပင်ပန်းလွန်းလှပြီပဲဖြစ်ပါတယ်။ လက်သုံးချောင်းထောင်ရင်း ကြွေလွင့်ခဲ့ရတဲ့ လူငယ်တွေ၊ CDM လုပ်ရမယ်ဆိုလို့ လိုက်လုပ်ရင်း အနေအစားပျက်ယွင်းခဲ့ရတဲ့ ဝန်ထမ်းတွေ၊ မတရားမှုဆိုပြီး မြှောက်ပင့်ပေးတိုင်း တောခို၊ ပြည်ပြေးဘဝနဲ့ မိသားစုနဲ့ ထာဝရဝေးကွာသွားခဲ့ရတဲ့ မျိုးဆက်သစ်တွေ ...။ မိမိတို့ပြည်သူအားလုံး အသိဉာဏ်ပညာနဲ့ယှဉ်ပြီး ဝေဖန်ပိုင်းခြားစေလိုလှပါပြီ။

**ထင်ရာမစိုင်းကြလေနဲ့**

နုနယ်စဉ်ငယ်ဘဝက သူငယ်ချင်းအချင်းချင်း မရေမရာဝေခွဲရခက်တဲ့အခြေအနေမှာ အချင်းချင်း သတိပေးတာလေး သတိရမိပါတယ်။

"ဟော့ကောင် အများယောင်လို့ မယောင်နဲ့၊ သူများပြောတိုင်းမယုံနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစဉ်းစားစားလုပ်"

"ဒါဆိုဘယ်လိုလုပ်ရမလဲ"

"ကျုတ်ကျက်လိပေါ့ကွ"

"ဟေ ဘာလဲဟ ကျုတ်ကျက်လိက"

"မင်းကလည်း ဦးနှောက်နည်းနည်းလေးကွာ၊ ကျုတ်ကျက်လိဆိုတာ ကြည့်ကျက်လုပ်ပေါ့ဟ"

ယခုလည်း စိတ်ထဲထင်ရာ၊ ဘာမသိညာမသိ သူများလုပ်တာနဲ့ ရောယောင်ကာ မလုပ်ကြပါလေနဲ့၊ ကျုတ်ကျက်လိ။ သိမြင်အောင် ကြည့်ကြပါဦးဟုသာ။ ။

**ပြီးခဲ့တဲ့ရက်ပိုင်းက မြေပြင်မှာလက်တွေ့ကျကျ ဘာတစ်ခုမှ မပြသနိုင်ဘဲ ပြည်ပြေးဘဝနဲ့ တိုင်းပြည်အတွင်းရေးကို ခြယ်လှယ်လိုတဲ့ လေလှိုင်းအကြမ်းဖက် NUG ကနေ ဆင်ခြင်တုံတရားကင်းမဲ့၊ နိုင်ငံကို ဆင်းရဲတွင်းနက်စေမယ့် လိမ့်လုံး၊ ခြောက်လုံးတွေကို မိန့်ခွန်းဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ကိုဗစ်တတိယလှိုင်းကြောင့် မောပန်းနေကြရတဲ့ ပြည်သူတွေအတွက် ဆင်းရဲတွင်းနက်စေမလား၊ အတိဒုက္ခကြုံစေမလား ခံစားပေးဖော်မရ၊ မိမိတို့လူတစ်စုကောင်းစားရေးအတွက် အဝေးကနေ ကယောင်ကတမ်းမြှောက်ပင့်သွေးထိုးချက်လို့ပဲ စာရေးသူကတော့ သတ်မှတ်လိုပါတယ်**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို Danger List မဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လို



**နေပြည်တော်  စက်တင်ဘာ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့်အတူ စက်တင်ဘာ ၉ ရက်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပြီးစီးမှုများ၊ ဟိုတယ် တည်ဆောက်မှုနှင့် ကျူးကျော်နေအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

**ဆောက်လုပ်ခွင့်မရှိသည့်နေရာဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ကျရောက်၍ မြို့ပြဧရိယာနှင့်ဆက်စပ်လျက်ရှိသည့် သံတောင်ကုန်းနေရာသို့ ကြည့်ရှုစစ်ဆေးပြီး ကျောက်ခေတ်ဦး လူသားများနေထိုင်ခဲ့သည့် အထောက်အထားများ တွေ့ရှိသော နေရာဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသတွင် ပါဝင်နေသဖြင့် ဇုန်စည်းကမ်းသတ်မှတ်ချက်များအရ အဆောက်အအုံဆောက်လုပ်ခွင့်မရှိသည့်နေရာဖြစ်၍ အဆောက်အအုံများ ဆောက်လုပ်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကျောက်ဂူဥမင်ဘုရားကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျောက်ဂူဥမင်ဘုရားသည် (၁၂) ရာစုတွင် နရပတိစည်သူမင်းက သဲကျောက်ဖြင့် တည်ထားခဲ့၍ ပုဂံဒေသရှိ အနုလက်ရာ၊ ဗိသုကာလက်ရာများ ထူးခြားသည့် ဘုရားတစ်ဆူဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့်ပေါင်းစပ်၍ နည်းပညာများ ရယူကာ ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့ရှောင်လမ်းရှိ ပုဂံဌာနခွဲဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးပါက ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ပြောင်းရွှေ့ဖွင့်လှစ်သွားနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် မှာကြား၍ ညောင်ဦး လေဆိပ် လေယာဉ်ပြေးလမ်းမွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်း၊ ဒေင်ဟိုတယ်တည်ဆောက်ရေးလုပ်ငန်း၊ Bagan Beach Hotel စီမံကိန်း၊ ပုဂံမြို့သစ်နှင့် အနီးဝန်းကျင်တို့ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သုတေသနလုပ်ငန်း၊ ထိန်းသိမ်းရေးလုပ်ငန်း၊ ပြတိုက်လုပ်ငန်းများအား စဉ်ဆက်မပြတ်လေ့လာဆည်းပူး မှတ်သားသွားရန်နှင့် အထူးသဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ထားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို Danger List မဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်တို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြင်းကပါဂူပြောက်ကြီးဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများ၊ Korea Cultural Heritage Foundation (KCHF) က ပညာရှင်များနှင့် ဌာနမှဝန်ထမ်းများပူးပေါင်း၍ အဆောက်အအုံပိုင်းနှင့် နံရံပန်းချီများ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် ဘုရားသုံးဆူနှင့် သံပျင်စွာဘုရားတို့ကို ကြည့်ရှုစစ်ဆေးပြီး မူလပုံစံမပျက် ပြန်လည်ပြုပြင်ရန်၊ ဝန်ထမ်းများအနေဖြင့် ပညာရပ်များကို နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူရန်၊ များပြားလှသော ရှေးဟောင်းအဆောက်အအုံများကို မိမိတို့ဌာနဝန်ထမ်းများဖြင့် ရေရှည်ထိန်းသိမ်းနိုင်ရေး စီမံဆောင်ရွက်ရန်၊ မိုးရွာသွန်းမှုများကြောင့် စေတီများ ထိခိုက်မှုများမရှိစေရန် ဝန်ထမ်းများအနေဖြင့် အဆက်မပြတ် ကွင်းဆင်းစစ်ဆေးပြီး ထိန်းသိမ်းမှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အကျိုး ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ပြည်သူများပူးပေါင်းဆောင်ရွက်ရေး အလေးထားဆောင်ရွက်



**နေပြည်တော်  စက်တင်ဘာ ၁၀**

ပန်းခင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုကို အခြေအနေအမျိုးမျိုးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်စွက်ရေးနှင့် အခက်အခဲများ ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် စက်တင်ဘာ ၉ ရက်တွင်လည်းကောင်း၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့နှင့် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများသည် သက်ဆိုင်ရာဒေသအသီးသီးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အရေးကြီးသည့်လုပ်ငန်းဖြစ်**

အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်အစည်းအဝေးများကို ယခုကဲ့သို့ မကြာခဏဆောင်ရွက်ရခြင်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်ပြီး အချိန်ကာလနှင့် လုပ်ငန်းပမာဏ သတ်မှတ်ချက်များ ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ပန်းခင်းစီမံချက်လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအပိုင်းမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေးလျက်ရှိပါကြောင်း။

**အသိပေးဆောင်ရွက်လျက်ရှိ**

ထို့ပြင် ပြည်သူများ သိရှိနားလည် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မီဒီယာပိုင်းမှ အသိပေးဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများပြီးစီးနိုင်ရန် အချိန်ကာလနှင့် လုပ်ငန်းပမာဏ ကန့်သတ်ချက်များရှိသည့်အတွက် လုပ်ငန်းများ ရပ်တန့်နေခြင်းမျိုး မဖြစ်စေရေး တတ်နိုင်သမျှ၊ စွမ်းဆောင်နိုင်သမျှ နည်းလမ်းများကို ဘက်ပေါင်းစုံမှ တွေးတောကြံဆ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီမံချက်ဖြစ်သည်နှင့်အညီ ကိုဗစ်-၁၉ ရောဂါ အပါအဝင် အခြားသောအဟန့်အတား၊ အခက်အခဲများကြားမှ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံချက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များကို ရက်အလိုက် သတ်မှတ်၍ အစည်းအဝေးများ ဆောင်ရွက်ရခြင်းမှာ နယ်မြေဒေသ တစ်ခုနှင့်တစ်ခု လုပ်နည်းလုပ်ဟန် မတူညီသောအချက်များမှ မိမိတို့ နယ်မြေဒေသနှင့် ကိုက်ညီဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ အကြံဉာဏ်များကို ညှိနှိုင်းတိုင်ပင်ကာ အတုယူ၊ အမြင်ချင်းဖလှယ် အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ကြောင်း။

မိမိတို့ နယ်မြေဒေသအလိုက် ဆောင်ရွက်ပေးနိုင်မည့် ဦးစားပေးနယ်မြေ ခွဲခြားသတ်မှတ်ကာ အခြေအနေပေးလာသည်နှင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ပန်းခင်းစီမံချက်ကြောင့် နိုင်ငံသားတစ်ဦးဖြစ်ကြောင်း ဥပဒေနှင့်အညီ ခိုင်လုံသည့် အထောက်အထားတစ်ခုရရှိကိုင်ဆောင်နိုင်မည့် အခွင့်အရေးဖြစ်ပြီး ၎င်းတို့၏ လူမှုဘဝဆောင်ရွက်ချက်တိုင်းတွင် မရှိမဖြစ် လိုအပ်သည့် သက်သေခံမှုဖြစ်သည်ကို ပြည်သူများ နားလည်သိရှိကြရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းကို ပြည်သူများသိရှိနားလည် ပူးပေါင်းဆောင်ရွက်နိုင်ရေး အလေးထားကာ ထိထိရောက်ရောက် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကိုလည်း ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပန်းခင်းစီမံချက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းရှင်းလင်းလင်း တင်ပြကြရန်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက နယ်မြေဒေသအလိုက် ပန်းခင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ယခုကာလအတွင်း ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရေးနှင့် သတ်မှတ်သည့် အရွေ့တစ်ခုသို့ အချိန်မီရောက်ရှိနိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# မွန်မြတ်စေတနာနှင့် အေးမြသောအရိပ်အာဝါသ

မောင်မျိုးအောင်(ပန်းရော)

သစ်ပင်တစ်ပင်တွင် သစ်မြစ်သည် အရေးကြီးဆုံးဖြစ်သကဲ့သို့ အဆောက်အအုံတစ်ခုတွင် အုတ်မြစ်သည် အရေးကြီးဆုံးဖြစ်၏။ ထို့အတူ လူတစ်ယောက်တွင်မူ အခြေခံထားရမည့် ကိုယ်ချင်းစာတရားစိတ်ဓာတ်သည်သာ ပဓာနပင်ဖြစ်သည်။ လူတစ်ဦး၏ဘဝ ကောင်းခြင်း၊ ဆိုးခြင်းကို ထိုသူ၏စိတ်ဓာတ်တစ်နည်းအားဖြင့် စိတ်သဘောထားကသာ ဆုံးဖြတ်ပေးလေ့ရှိ၏။ စိတ်ထားကောင်းသူတို့၏ အဆုံးသတ်ရလဒ်တွင် အကျိုးတရားများစွာ ခံစားရပေမည်။ တိုင်းပြည်ကို အုပ်ချုပ်စောင့်ရှောက်နေသူတို့ကား ဆိုဖွယ်မရှိချေ။ လောကနီတိတွင် **"သစ်ပင်၏အရိပ်သည် ချမ်းသာ၏။ ထို့ထက် ဆွေမျိုးတို့အရိပ်က သာ၍ချမ်းသာ၏။ ထို့ထက် အမိ၊ အဖတို့၏အရိပ်က သာ၍ချမ်းသာ၏။ ထို့ထက် ဆရာ၏အရိပ်က ပို၍ချမ်းသာ၏။ ထို့ထက် မင်း၏အရိပ်က ပို၍ချမ်းသာ၏။ ထို့ထက် မြတ်စွာဘုရား၏ သာသနာတော်တည်းဟူသောအရိပ်က အဆများစွာ သာလွန်၍ချမ်းသာ၏"** ဟု ဖော်ပြထားၡ၏။

### ထားရှိသည့်စိတ်ထားတစ်ခု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၆-၉-၂၀၂၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံသားများအပေါ် ထားရှိသည့်၎င်း၏သဘောထားတစ်ရပ်ကို ထည့်သွင်းပြောကြားခဲ့သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်မှုနှင့် ပတ်သက်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ထားရှိသည့်စိတ်ထားတစ်ခုကို ၎င်း၏ ပြောကြားချက်တွင် တွေ့ရှိခဲ့ရသည်။ **"အိမ်နီးနားချင်းနိုင်ငံတွေက ဝင်လာတာနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားတဲ့အခြေအနေလေး ကျွန်တော်တို့ ပြီးခဲ့တဲ့လဆန်းပိုင်းလောက်မှာ အိမ်နီးနားချင်းတိုင်းပြည်တွေမှာလည်း ကျွန်တော်တို့လူမျိုးတွေ၊ ကျွန်တော်တို့ တိုင်းရင်းသားတွေရှိပါတယ်။ သူတို့ပြန်လာချင်ကြတယ်။ ပြန်လာချင်ကြတော့ ကျွန်တော်ပြန်ခေါ်မယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီးတော့ ပြန်ခေါ်ခိုင်းပါတယ်။ ကိုယ့်လူမျိုးတွေ အပြင်မှာသွားနေတာ ဒုက္ခသုက္ခနဲ့နေမယ့်အစား ကိုယ့်တိုင်းပြည်အတွင်းမှာ ဘယ်လိုပဲဖြစ်ဖြစ် အေးအတူ ပူအမျှပေါ့ဗျာ။ အေးအတူပူအမျှ အားလုံးကျွန်တော်တို့က အစိုးရဆိုတာအရိပ်ပါပဲ။ နိုင်ငံတော်ကပေးထားတဲ့ အရိပ်တစ်ခုပါပဲ။ ဒီအရိပ်က ပြည်သူ၊ ပြည်သားတွေ အေးမြတဲ့ဟာကို ခံစားရအောင်ဆိုပြီး ဒါကိုလည်း ကျွန်တော်ဆုံးဖြတ်ပြီးတော့ ခေါ်ခိုင်းတာပါ"**ဟူ၍လည်းကောင်း၊ **"ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်တိုင်းရင်းသားကိုတော့ ကိုယ့်မြန်မာပြည်ထဲရောက်အောင်ပြန်ခေါ်မှာပဲ။ ပြန်လုပ်မှာပဲ"**ဟူ၍လည်းကောင်း၊ **"ပြီးခဲ့တဲ့နှစ်ပတ်ကျော်လောက်က Relief Flight နဲ့ ပြန်ခေါ်ဖို့လုပ်တဲ့အချိန်မှာ စီစဉ်ထားတဲ့ တိုင်းရင်းသားတွေမှာပဲ မြန်မာအချင်းချင်း လိမ်သွားတယ်ဗျာ။ လိမ်သွားတော့ ၁၇ ယောက်က အလိမ်ခံပြီး ကျန်ခဲ့ရတယ်။ မလိုက်နိုင်ဘူး"**ဟူ၍ လည်းကောင်း၊ **"ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေကို ပစ်မထားပါဘူး။ မဖြစ်ဖြစ်အောင် ရအောင်စီစဉ်ပေးမယ်။ တိုင်းပြည်အတွင်းမှာ လာခဲ့ဗျာ။ ပြဿနာရှာလည်းရှာ ကိစ္စမရှိဘူး။ ကျွန်တော် အဲဒီလောက်ထိတော့ စိတ်ရှည်တယ်ဗျ။ သူတို့အပေါ်မှာ တော်တော်လေးသည်းခံတာ။ တိုင်းရင်းသားနဲ့ပတ်သက်ရင် ကျွန်တော်တို့က ဒီလိုစိတ်ရှိတယ်"**ဟူ၍လည်းကောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ မိမိတို့လူမျိုးများအား မိမိသားချင်းကဲ့သို့ သဘောထားဆောင်ရွက်ပေးရေး ရည်ရွယ်ထားကြောင်း တွေ့ရသည်။ ပြည်ပရောက်သူများအပေါ် ကောင်းမွန်သော ခံယူချက်နှင့် ထားရှိသင့်သည့် စိတ်ထားပင်ဖြစ်၏။

မြန်မာ့အဘိဓာန်တွင် **"ဆွေမျိုး"** ဆိုသည့် ဝေါဟာရတိုင်း **"သွေးစပ်၍ဖြစ်စေ၊ အိမ်ထောင်စပ်၍ဖြစ်စေ တော်စပ်သောသူ"**ဟု ဖွင့်ဆိုထား၏။ လူတိုင်းမှာ အရင်းခံအားဖြင့် သွေးသားတော်စပ်သော ဆွေမျိုးများ ရှိစမြဲပင်ဖြစ်သည်။ မင်္ဂလာတရား ၃၈ ပါးတွင် "ဉာတကာနဉ္စ သင်္ဂဟော" ဆွေမျိုးများကို ထောက်ပံ့ရခြင်းသည် မင်္ဂလာတစ်ပါးအဖြစ် ပါဝင်ပေသည်။ ဆွေမျိုးမတော်စပ်သော်လည်း တစ်ရပ်တည်းအတူတူနေပြီး ဆွေမျိုးကဲ့သို့ ခင်မင်နေသူကို ရပ်ဆွေရပ်မျိုးဟု ရည်ညွှန်းလေ့ရှိသည်။ ဆွေမကင်း၊ မျိုးမကင်း၊ ဆွေရိပ်၊ မျိုးရိပ်မကင်းဟူသော စကားများကလည်း ဆွေမျိုးကို အလေးထားကြောင်း ဖော်ပြနေသည်။ နိုင်ငံတော်အကြီးအကဲ၏ စိတ်ထဲတွင် ဝမ်းရေးအတွက် ပြည်ပနိုင်ငံများတွင် ဒုက္ခခံစားလှုပ်ရှားရုန်းကန်နေရသော မြန်မာနိုင်ငံသားများ၏ ဒုက္ခသောကကို မိမိ၏သားချင်း၊ ဆွေမျိုးကဲ့သို့ သဘောပိုက်ကာ မျှဝေခံစားပူပင်ပေးခဲ့သည်။

### အရေးကြီးအဆိုတင်သွင်းခဲ့

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က **"ပြည်ပရောက်မြန်မာနိုင်ငံသားများသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း လမ်းကြောင်းအမျိုးမျိုးဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ(အထူးသဖြင့်) မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများမှာ ပြန်လာရန်ခက်ခဲလျက်ရှိကြောင်း၊ မလေးရှားရောက် မြန်မာနိုင်ငံသား ၁၀ ဦးသည် မိမိကိုယ်ကို သတ်သေသည်ဟု ကြားသိရကြောင်း၊ မြန်မာ့တပ်မတော်တွင် လူတစ်ထောင်ကျော် တစ်ပြိုင်တည်း သယ်ဆောင်နိုင်သည့် ရေယာဉ်များလည်း ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ကုသ စောင့်ရှောက်ရေးများလည်း လုပ်ဆောင်နေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသားနှစ်သောင်းကျော်ကို တပ်မတော်ရေယာဉ်၊ လေယာဉ်များအသုံးပြု၍ ရွေးကောက်ပွဲအမီ ပြန်လည်ခေါ်ဆောင်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်သွင်းခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုကို ဆွေးနွေးရန် မဲခွဲဆုံးဖြတ်သည့်အခါ ထောက်ခံမဲ ၁၂၅ မဲသာရရှိခဲ့ပြီး အဆိုတစ်ရပ် ဆွေးနွေးရန်လိုအပ်သည့် ထောက်ခံမဲ ၁၄၄ မဲ မရရှိခဲ့သည့်အတွက် အဆိုကို ဆွေးနွေးရန် ပယ်ချခဲ့သည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများအား ခေါ်ယူနိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သဖြင့် ပြန်လည်ခေါ်ယူနိုင်ခြင်းမရှိခဲ့ဘဲ ဖြစ်ခဲ့ရသည်။ ပြည်သူက ရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်နှင့် အစိုးရတစ်ရပ်က ၎င်းတို့ကို မဲပေးရွေးချယ်ခဲ့သည့် ပြည်သူများ၏အရေးကို လျစ်လျူရှုခဲ့၏။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရအနေဖြင့် မိမိပြည်သူအားလုံးအပေါ် မေတ္တာအရင်းခံသော အုပ်ချုပ်မှုမရှိသည့်အပြင် ပြည်သူအားလုံးအပေါ် မိသားစုသဖွယ် စောင့်ရှောက်လိုစိတ်ကင်းမဲ့သော စိတ်မျိုးသည်ကား မထားသင့် မထားအပ်သော စိတ်ထားမျိုးပင်ဖြစ်၏။ ပြည်ပရောက် မြန်မာတိုင်းရင်းသားများ၊ တစ်နည်းအားဖြင့် သောက၊ ဒုက္ခခံနေရသူတို့ကား ဆက်လက်ခံစားနေခဲ့ရ၏။

> ☆ **ပြည်သူက ရွေးချယ်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်နှင့် အစိုးရတစ်ရပ်က ၎င်းတို့ကို မဲပေးရွေးချယ်ခဲ့သည့် ပြည်သူများ၏အရေးကို လျစ်လျူရှုခဲ့၏။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရအနေဖြင့် မိမိပြည်သူအားလုံးအပေါ် မေတ္တာအရင်းခံသော အုပ်ချုပ်မှုမရှိသည့်အပြင် ပြည်သူအားလုံးအပေါ် မိသားစုသဖွယ် စောင့်ရှောက်လိုစိတ်ကင်းမဲ့သော စိတ်မျိုးသည်ကား မထားသင့် မထားအပ်သော စိတ်ထားမျိုးပင်ဖြစ်**
>
> ☆ **တပ်မတော်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်၌ ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများ ကြီးမားစွာ ကွာခြားမှုများရှိနေသောကြောင့် ဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အဆင့်ဆင့်တောင်းဆိုခဲ့သည်။ တောင်းဆိုချက်များအပေါ် ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခဲ့သည်အထိ ကြိုးပမ်းလာ**

တပ်မတော်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်၌ ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများ ကြီးမားစွာ ကွာခြားမှုများရှိနေသောကြောင့် ဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အဆင့်ဆင့်တောင်းဆိုခဲ့သည်။ တောင်းဆိုချက်များအပေါ် ဖြေရှင်းဆောင်ရွက်ခြင်း မရှိသည့်အပြင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခဲ့သည်အထိ ကြိုးပမ်းလာခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေက အရေးပေါ်အခြေအနေ ကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာအရပ်ရပ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် လွှဲပြောင်းထိန်းသိမ်းခဲ့ရသည်။

### ကူညီဖြေရှင်းပေးလျက်ရှိ

တပ်မတော်အကြီးအကဲများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အခက်အခဲများကို အစဉ်ရှေးရှုကူညီဖြေရှင်းပေးလျက်ရှိပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်၌ **"လူ့အသက်ထက်အရေးကြီးတာ မရှိသည့်အတွက် ဆောင်ရွက်ပေးနိုင်သမျှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို အချိန်နှင့်တစ်ပြေးညီ Real Time တိတိကျကျဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

လူဆိုသည်ကား ဝမ်းရေးအတွက် ရေကြည်ရာမြက်နုရာသွားရောက်ပြီး ၎င်းတို့၏ အနာဂတ်အတွက် စီးပွားရှာတတ်၏။ တစ်ပါးမြေမှာ ဆွေရိပ်၊ မျိုးရိပ်ကင်းစွာ အလုပ်လုပ်ရ၏။ အားချည့်နေချိန် တိုင်းပြည်အပေါ် လွမ်းဆွတ်နေသည်မှာ ဓမ္မတာပင်ဖြစ်၏။ ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းတစ်ပါးနိုင်ငံများတွင် ပိတ်မိနေသော အမိနိုင်ငံသားတို့၏ ဘဝကို တပ်မတော်အကြီးအကဲသည် ကြားသိရသော သတင်းစကားများမှတစ်ဆင့် ကိုယ်ချင်းစာမိ၏။ **"ကိုယ့်နိုင်ငံကို သူတို့လည်းပြန်လာချင်မှာပေါ့"** ဟု ခံစားမိ၏။ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ တာဝန်ယူစဉ် ဖေဖော်ဝါရီလ ၂ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ **"ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာပိတ်မိပြီး ဒုက္ခခံစားနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက် မြန်မာနိုင်ငံသားများ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

### အနာဂတ်ဆီသို့ ဆောင်ကြဉ်းပေးနိုင်

စိတ်ထားအလှပိုင်ရှင်တစ်ဦးသည် အရာရာကို အပြုသဘောဘက်မှ ရှုမြင်တတ်၏။ သူ၏မွန်မြတ်သော စိတ်စေတနာနှင့် ကျင့်ကြံမှုတို့ကသာ အောင်မြင်ပေါက်ရောက်သည့် အနာဂတ်ဆီသို့ ဆောင်ကြဉ်းပေးနိုင်ပေ၏။ ဗြဟ္မစိုရ်တရားလေးပါးအား လက်ကိုင်ထားကာ ကရုဏာထားအပ်သူအားကရုဏာထား ရိုင်းပင်းကူညီပေးရမည် မဟုတ်ပါလော။ ထိုနှလုံးလှပိုင်ရှင်များသာ အဖိုးတန်ဆုံးပင်ဖြစ်၏။ ထိပ်ဆုံးနေရာ ရောက်ရှိသူ ခေါင်းဆောင်များသည် ဗြဟ္မစိုရ်တရားများကို လက်ကိုင်ထားပြီး လောကဓံဆိုးများအား သည်းခံစိတ်အပြည့်ဖြင့် ဖြတ်သန်း၍ ထိပ်ဆုံးရောက်သွားကြသည် ချည်းသာဖြစ်၏။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်အား တာဝန်ယူပြီး ၁၅ ရက်အတွင်းမှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ အတိဒုက္ခရောက်နေကြသော မိမိတို့၏ နိုင်ငံသားများကို အမိမြေသို့ ပြန်လည်ရောက်ရှိရေး သွားရောက်ခေါ်ယူခဲ့သည်။ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသားများအား ခေါ်ဆောင်ရန်အတွက် ဖေဖော်ဝါရီလ ၁၅ ရက်တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် စနစ်တကျစီစဉ်၍ သွားရောက်ခေါ်ယူခဲ့ရာ ဖေဖော်ဝါရီလ ၂၇ ရက်တွင် မလေးရှားရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား အမိမြေပေါ် ပြန်လည်ခြေချနိုင်အောင် ခေါ်ဆောင်နိုင်ခဲ့သည်။ ထို့အတူ ၂၀၂၁ ခုနှစ် မတ်လ ၆ ရက်တွင် စစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း၌ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားရေလုပ်သား ၇၀ ကိုလည်း သွားရောက်ခေါ်ယူခဲ့ရာ မတ်လ ၁၀ ရက်တွင် အမိမြေပေါ်သို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ဖေဖော်ဝါရီလ ၁ ရက်မှ စက်တင်ဘာလ ၇ ရက်အထိ အကြောင်းအမျိုးမျိုးကြောင့် အိမ်နီးချင်းနိုင်ငံများ၌ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများသည် မြန်မာ-တရုတ် နယ်စပ်ဂိတ်များမှ ၁၈၀၀၀၊ 

စာမျက်နှာ ၉ သို့ ☆

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီသို့ အလှူငွေနှင့် အိမ်သုံးအောက်ဆီဂျင်စက်များ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီသို့ အလှူငွေနှင့် အိမ်သုံးအောက်ဆီဂျင်စက်များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန COVID-19 Central Command Center ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူငွေများအား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက ရှင်းလင်းပြောကြားပြီး အိမ်သုံးအောက်ဆီဂျင်စက်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ Bhone Pyae San (BPS Trading & Construction Co., Ltd ) မှ ဒေါက်တာညီညီထွန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းများက အလှူငွေကျပ်သိန်း ၃၀ နှင့် ဒေါက်တာညီညီထွန်း-ဒေါ်ဖြူသက်ခိုင် Bhone Pyae San (BPS Trading & Construction Co., Ltd ) မိသားစုက MICiTECH 10 L Oxygen Concentrator ၁၀ လုံးအား ပေးအပ်လှူဒါန်းရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အလှူငွေကျပ်သိန်း ၃၀ နှင့် အိမ်သုံးအောက်ဆီဂျင်စက်များ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# နေပြည်တော် ဇမ္ဗူသီရိနှင့် ပျဉ်းမနားမြို့နယ်များအတွင်း သန့်ရှင်းသပ်ရပ် သာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် သီရိရတနာ အဆင့်မြင့်ဈေးဆိုင်ခန်းများ ပတ်ဝန်းကျင်လမ်းဘေး ဝဲ/ယာ မြက်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပျဉ်းမနားမြို့ရှိ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ ကွန်ကရစ်လမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရွှေချီရပ်ကွက် အထက(၁)အနီး လမ်းဘေးတစ်လျှောက် စည်းကမ်းမဲ့အမှိုက်များ စနစ်တကျ စွန့်ပစ်သိမ်းဆည်းနိုင်ရန် အလျားပေ ၂၀၊ အနံ ရှစ်ပေနှင့် အမြင့်ငါးပေရှိ အမှိုက်ကန်ထားရှိမည့်နေရာတွင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကင်ပွန်းတန်းအုပ်စု အာဟာရသုခဈေးမှ သကြားစက်သွားလမ်းဘေးရှိ စွန့်ပစ်အမှိုက်ပုံများ သိမ်းဆည်းနေမှု၊ မင်္ဂလာရှမ်းကန်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာလှပရေးဆောင်ရွက်ထားမှု အခြေအနေများ၊ ရာဇဌာနီလမ်းမကြီးနှင့် စိန်ချယ်လမ်း လမ်းဆုံတွင် Box Culvert တစ်စင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၈ မှ

မြန်မာ-လာအို နယ်စပ်ဂိတ်မှ ၂၃၄၄ ဦး၊ မြန်မာ-ထိုင်း နယ်စပ်ဂိတ်များမှ ၅၄၆၁၀ အသီးသီး ဝင်ရောက်လာခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၍ ပြည်ပနိုင်ငံများတွင် ဒုက္ခမျိုးစုံကိုခံစားပြီး အခက်အခဲများစွာဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေရသော်လည်း မိမိအိမ်သည်သာ မိမိအတွက်နားခိုရာ အကောင်းဆုံးဖြစ်ပါသည်။

### အသိအမှတ်ပြုခဲ့ကြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်သူအပေါ်ထားရှိသည့် သံယောဇဉ်တရားနှင့် စာနာနားလည်မှုတရားတို့အား ကာယကံရှင်များ သာမက နိုင်ငံသူ၊ နိုင်ငံသားများ၊ ဆွေမျိုးသားချင်းများ၊ ဒေသတွင်းနိုင်ငံများနှင့် တစ်ကမ္ဘာလုံးကပါ နှစ်ထောင်းအားရ ကြည်နူးမှုအပြည့်ဖြင့် လူသားချင်း စာနာနားလည်သော လုပ်ဆောင်မှုအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ မလေးရှားမှနေရပ်ပြန် အမျိုးသမီးတစ်ဦးက **"ဒီလိုမျိုးလာခေါ်မယ်လို့လည်း တစ်ခါမှမမျှော်လင့်ခဲ့ဘူး၊ အခုလိုမျိုး ပထမဆုံးအနေနဲ့ တပ်မတော်ကနေပြီး ဒီလိုသင်္ဘောကြီးနဲ့လာခေါ်တယ်ဆိုတာ ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် အများကြီးလည်း ဂုဏ်ယူမိပါတယ်။ ကျေးဇူးတင်ပါတယ်။ နောက် ဒီ(မလေးရှားနိုင်ငံ)မှာ ကျန်တဲ့လူတွေကိုလည်း အမြန်ဆုံး ညီမလေးတို့လိုမျိုး ခေါ်ဆောင်ပေးပါလို့ တောင်းဆိုပါတယ်။ ဒီမှာကျန်ခဲ့တဲ့လူတွေကလည်း အကြာကြီး ဒုက္ခတော်တော်ခံရပါတယ်။ အကျပ်အတည်းတွေခံရတယ်။ အငတ်အမွတ်တွေခံရတယ်။ ဒုက္ခတော်တော်ရောက်ပါတယ်"** ဟူ၍လည်းကောင်း၊ နေရပ်ပြန်ရခိုင်အမျိုးသမီးတစ်ဦးက **"သူများနိုင်ငံကတော့ လာခေါ်တယ်။ ကိုယ့်မြန်မာနိုင်ငံက လာမခေါ်ဘူးဆိုတော့ တအား အားငယ်ရတယ်။ သူများတွေပြန်တဲ့အချိန်မှာလည်း ကိုယ်လည်း ပြန်ချင်တယ်။ ကိုယ့်မြန်မာနိုင်ငံက လာမခေါ်သေးလို့ ဘယ်ချိန်လာခေါ်မလဲဆိုတာ စောင့်နေရတယ်"** ဆိုသည့် စကားသံများကိုကြားရသည်မှာ ၎င်းတို့၏ ခံစားနေရသော ဒုက္ခများ၊ ခိုကိုးရာမဲ့အားငယ်စိတ်တို့ အပေါ် နားလည်ကိုယ်ချင်းစာမိ၏။ ထို့အပြင် ပြန်လည်ဆုံတွေ့ခွင့်ရ မိခင်တစ်ဦး၏ **"ကျွန်မသားလေးကို သေပြီလို့အောက်မေ့ထားတာပါ။ ကိုဗစ်အတွင်းမှာ ရှစ်လအဖမ်းခံထားရတယ်။ ကျွန်မမှာ စိတ်တွေမအေးရဘူး။ ညတွေဆို အိပ်လို့လည်း မပျော်ဘူး။ စစ်သင်္ဘောနဲ့ခေါ်တယ်ဆိုတော့ ကျွန်မ Line ပေါ်မှာတွေ့တော့ အကုန် Save ပြီးတော့ အကုန်ဖတ်ကြည့်တယ်။ သတင်းမှာလည်း တွေ့တယ်။ ထမင်းစားနေတာတွေ့တယ်။ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ အရမ်းလည်း ဝမ်းသာတယ်"**ဟု ပီတိစကားသံများသည် ၎င်းတို့နှင့်ထပ်တူ ဝမ်းနည်းဝမ်းသာတစ်ပြိုင်နက်ခံစားရမိ၏။ ပြန်လည်ခေါ်ယူလာနိုင်ခဲ့သည့် နယ်မြေဒေသအစုံအလင်မှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ အမိမြေသို့ ပြန်လည်ရောက်ရှိချိန်တွင် ရင်ဖွင့်ပြောကြားချက်များ၊ မျက်ရည်များကြားမှ ပွင့်အန်ထွက်လာသည့် စကားသံများကို မြဝတီ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ရာ ခံစားတတ်သူတိုင်း ဝမ်းသာပီတိ ဂွမ်းဆီထိမျှ တွေ့ကြုံခဲ့ရပါသည်။ ထိုခံစားချက်မျိုးသည် ကာယကံရှင်နှင့် ၎င်းတို့၏ ဆွေမျိုးအသိုင်းအဝိုင်းအဖို့ ပြောဖွယ်ရာမရှိတော့ပြီ။ ၎င်းတို့၏ဆန္ဒကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲနှင့် တပ်မတော်က ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ မိသားစုတစ်ခုမှသည် မိသားစုများစွာ ဥမကွဲသိုက်မပျက်နေထိုင်နိုင်ရေး စီစဉ်ပေးလိုက်၏။ အတိုင်းမသိ ဝမ်းသာကြည်နူးရမှုတို့ပင်ဖြစ်ပါသည်။ ရုပ်သံထုတ်လွှင့်ချက်များအရ နေရပ်ပြန်သူများအမိမြေပေါ်သို့ ခြေချလိုက်သည်နှင့်တစ်ပြိုင်နက်တည်း နိုင်ငံတော်အလံကို နမ်းခြင်း၊ မြေကြီးကိုနမ်းခြင်း၊ လက်အုပ်ချီကန်တော့ခြင်း စသည့် မြင်ကွင်းများမှာ ကာယကံရှင်တို့၏ အားငယ်စိတ်မှသည် အမိမြေဟူသည့် ခွန်အားတစ်ရပ်ကိုရရှိခံစားခဲ့ရပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပရောက်နိုင်ငံသားများကို ပစ်ပယ်မထားကြောင်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပေသည်။

### ပကတိအရှိတရား

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်ရှိ၏။ ဘိုးဘေးဘီဘင် အစဉ်အဆက်ကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြ၏။ တိုင်းရင်းသားအချင်းချင်း ဆွေမျိုးသားချင်းကဲ့သို့ ချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြ၏။ နေရာဒေသ၊ လူမျိုး၊ ဘာသာကွဲပြားသော်လည်း မြန်မာဆိုသည့် သွေးချင်းစိတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်းရှိနေကြ၏။ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများဖြင့် စုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးမှ တပ်မတော်သားများသည်လည်း မိဘဆွေမျိုးသားချင်းနှင့် ခွဲခွာကာ နိုင်ငံတော်အတွက်တာဝန်ကျရာဒေသအသီးသီးသို့သွားရောက်တာဝန်ထမ်းဆောင်နေရသူများဖြစ်၏။ မိသားစုနှင့်ဝေးကွာနေသူများအဖို့ နေအိမ်လွမ်းစိတ်ရှိတတ်ကြသည်မှာ အမှန်ပင်ဖြစ်၏။ ထို့အတူ အကြောင်းအမျိုးမျိုးကြောင့် ရေခြား၊ မြေခြား ပြည်ပရောက်နေသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် တပ်မတော်သားများကဲ့သို့ အမိမြေနှင့်ဆွေမျိုးသားချင်းတို့အပေါ် သတိတရ လွမ်းဆွတ်နေသည်မှာ မလွဲကေန်ပင်ဖြစ်၏။ တပ်မတော်သားတို့က ၎င်းတို့နှင့် ထပ်တူမျှဝေ ခံစားနားလည်နိုင်ပေ၏။ ထို့အတွက်လည်း စေတနာထားလုပ်ဆောင်နေခြင်းသည် ပကတိအရှိတရားပင်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လူ့ဘဝဟူသည် အခိုက်အတန့်၊ အကန့်အသတ်နှင့်သာ ပိုင်ဆိုင်ခွင့်ရသော တစ်ခဏဘဝသာဖြစ်ပေရာ အားနည်းသူကို ရိုင်းပင်းကူညီရပေမည်။ လူသားတိုင်းသည် လောဘ၊ ဒေါသ၊ မာန၊ အဝိဇ္ဇာ၊ မောဟ စသော အမိုက်မှောင်တို့ကို ထိန်းချုပ်နိုင်ကြလျှင် စိတ်ကောင်းစိတ်မြတ်များသာ ဖြစ်တည်လာပေမည်။ လူတစ်ဦး၏ စိတ်ထားကောင်းမွန်ခြင်းဖြင့် လူသားအားလုံးအပေါ် မေတ္တာရနံ့တို့လွှမ်းခြုံမည်သာဖြစ်ပေမည်။ လူသားတိုင်း တစ်ဦးအပေါ်တစ်ဦး ဗြဟ္မစိုရ်တရားလက်ကိုင်ထားကာ ပြုမူဆက်ဆံဆောင်ရွက်နေပါလျှင် အဘယ်မျှ စိတ်အေးချမ်းမြေ့ဖွယ်ရှိပေမည်နည်း။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နေရပ်ပြန် မြန်မာနိုင်ငံသားများအပေါ် ဆောင်ရွက်ချက်များသည် သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းနားခိုနိုင်သည်ဆိုသည့်အတိုင်း **"ကာယကံရှင်နှင့် ကာယကံရှင်အသိုက်အဝန်းအတွက် အေးမြသော အရိပ်ဖြင့် ရှင်သန်ရပ်တည်ခွင့်ပေးခဲ့သော သစ်ပင်ကြီးနှင့်သာတူချေ၏"**ဟု ဆိုရမည်ဖြစ်သကဲ့သို့ ကောင်းမွန်မြင့်မြတ်သည့် လုပ်ဆောင်ချက်အဖြစ် ကမ္ပည်းတင်ရစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့အတူ သစ်ပင်အရိပ်ခိုလှုံသူ နိုင်ငံသားအားလုံးမှ ကိုယ်ချင်းစာတရား လက်ကိုင်ထား၍ အချင်းချင်း ဖေးမကူညီဆောင်ရွက်ပေးခြင်းဖြင့် သစ်ပင်ကြီးနှင့်တူသော နိုင်ငံတော်သည်လည်း ထာဝရတည်တံ့နေပေမည်သာဖြစ်ပါကြောင်း ယုံကြည်မိပါတော့သည်။ ။

# မျိုးတွေဘယ်လောက်ပြောင်းပြောင်း မျိုးမပြောင်းနိုင်တဲ့အပိုင်းကိုဦးတည်ပြီး ကုသပေးနိုင်တဲ့ လူလုပ်ပဋိပစ္စည်းလို ဆေးဝါးတွေ ထွက်လာစရာရှိနေတဲ့အတွက် ဒီဗိုင်းရပ်စ်ရောဂါကို ရေရှည်မှာ လူသားတွေအနေနဲ့ နိုင်ကိုနိုင်ရမှာ ဖြစ်ပါတယ်

ဒေါက်တာသန်းနိုင်စိုး

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၈ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

### ထက်လျှံ

**အစီအစဉ်မှူး။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။**

**ကိုဗစ် – ၁၉ ဗီဇပြောင်းဗိုင်းရပ်စ်တွေ ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းကို ပြောကြားပေးပါဦး။**

**ဒေါက်တာသန်းနိုင်စိုး။ ။** ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစေတဲ့ဗိုင်းရပ်စ်တွေ ဘယ်လိုစပြီး မျိုးပြောင်းလာသလဲဆိုတာကို ဒီနေ့ဆွေးနွေးမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲကို စဝင်တဲ့ ပမာဏက သိပ်မများနိုင်ပါဘူး။ ဗိုင်းရပ်စ်ကောင်ရေ ထောင်ဂဏန်း သို့မဟုတ် ရာဂဏန်းခပ်များများ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် ခန္ဓာကိုယ်ထဲကို ဝင်ပြီးရင် ဆက်ပွားများလာပြီး ဒုက္ခတွေပေးပါတော့တယ်။

ကိုဗစ်-၁၉ ကို ဖြစ်စေတဲ့ဗိုင်းရပ်စ် SARS-CoV-2 က အခြားဗိုင်းရပ်စ်တွေထက်စာရင် ပွားတာ နည်းနည်းသက်သာပါတယ်။ တုပ်ကွေးဗိုင်းရပ်စ်တွေရဲ့ပွားနှုန်းက သူ့ထက်ပိုပြီး ငါးဆလောက် ပိုများပါတယ်။ HIV ဗိုင်းရပ်စ်က SARS-CoV-2 ထက် ၁၀ ဆပွားနှုန်းမြန်ပါတယ်။ ပွားနှုန်းနဲ့ မျိုးပြောင်းတာ မြန်လွန်းတဲ့အခါ HIV ကာကွယ်ဆေးဆိုတာ အခုအချိန်ထိ မထွက်နိုင်သေးတဲ့ အနေအထားဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်ပတ်ဝန်းကျင်က HIV ပိုးစတွေ့တာ အခုဆိုရင် နှစ်ပေါင်း ၃၀ လောက်ရှိပြီး HIV ကာကွယ်ဆေး မရရှိခဲ့သေးပါဘူး။

SARS-CoV-2 က တစ်နှစ်ကျော်ကာလအတွင်းမှာ ကာကွယ်ဆေးတွေရလာတယ်ဆိုတာ သူ့ရဲ့ပွားနှုန်းက ခုနက HIV ပိုးထက်စာရင် ပိုနည်းသလို မျိုးပြောင်းတဲ့နှုန်းက ပိုနှေးနေလို့ပဲဖြစ်ပါတယ်။ ဒါကကံကောင်းတဲ့အချက် ဖြစ်ပါတယ်။ နောက်ပြီး SARS-CoV-2 မှာ မျိုးပြောင်းတဲ့နှုန်းက တစ်ကောင်ကနေ အဆင့်ဆင့်ပွားလိုက်ရာက မျိုးဆက်ပေါင်း ၁၀ ခါလောက် ပြောင်းပြီးရင် တစ်ခါလောက် မျိုးထွန်းတာ (mutation) ဖြစ်တယ်လို့ သိရပါတယ်။ မျိုးထွန်းတယ်/ မျိုးပြောင်းတယ်ဆိုတာက မူလမျိုးဗီဇ copyနဲ့မတူပါဘူး။ မျိုးထွန်းပြီးရင် ဆက်လက်ကူးစက်ဖို့ အသုံးမဝင်တဲ့ဗိုင်းရပ်စ်လည်း ဖြစ်ချင်ဖြစ်သွားတယ်။ ဒီလိုအရေးမကြီးတဲ့ မျိုးပြောင်းတာတွေက အများစုရှိနိုင်ပါတယ်။ ဒါပေမယ့် ဒီအထဲကမှ ထူးထူးချွန်ချွန် ထွက်လာတဲ့ မျိုးထွန်းတာ (mutation) တွေက ကျွန်တော်တို့ကို ဒုက္ခပေးမယ့် မျိုးဗီဇတွေအဖြစ်နဲ့ ပြောင်းလာတာ ဖြစ်ပါတယ်။

သိပ္ပံပညာရှင်တွေ ခန့်မှန်းထားတာက လူတစ်ယောက်ဟာ ခန္ဓာကိုယ်ထဲမှာ ပိုးရှိပြီဆိုရင် သန်းပေါင်းတစ်သောင်းလောက် ဗိုင်းရပ်စ်အကောင်ရေ ရှိနိုင်ပါတယ်။ ဒါတွေက တစ်ချိန်လုံး ပွားနေတယ်။ သေချာတာက မျိုးဆက် ၁၀ ဆက်မှာ တစ်ကောင်ပွားနှုန်းနဲ့ဆိုရင် လူတစ်ယောက်မှာ တစ်ရက်ကို မျိုးပြောင်းနိုင်တဲ့ပမာဏက တစ်ဘီလီယံလောက်ရှိနိုင်ပါတယ်။ ဒါကြောင့် လူတစ်ယောက် ရောဂါဖြစ်ပြီဆိုတာနဲ့ ဒီလူရဲ့ ခန္ဓာကိုယ်ထဲမှာ မျိုးပြောင်းတာရှိနေပြီဆိုတာ သေချာပါတယ်။ ဒါပေမယ့် မျိုးပြောင်းတိုင်း အရေးမကြီးပါဘူး။

ရောဂါ ဆက်လက်ကူးစက်ရာမှာ၊ ကာကွယ်ကုသရာမှာ ဘာမှထူးထူးခြားခြားပိုပြီး အရေးပါမလာဘူး။ ဒါပေမယ့် သန်းထောင်ပေါင်းများစွာ၊ ဘီလီယံထောင်ပေါင်းများစွာ ပြောင်းလာတဲ့အခါ ထူးထူးခြားခြား အစွမ်းထက်သွားတာရှိနိုင်ပြီး ဒါမျိုးတွေက ဒုက္ခပေးနိုင်တာ ဖြစ်ပါတယ်။ ဒီလိုမျိုးပြောင်းတာတွေအထဲကနေပြီး 'အယ်လ်ဖာ'၊ 'ဘီတာ'၊ 'ဂါမာ'၊ 'ဒယ်လ်တာ'ကနေ နောက်ဆုံး 'မျူ' အထိ အစွမ်းထက်တဲ့မျိုးပြောင်းတာတွေ ပေါ်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့် မျိုးပွားတဲ့အကြိမ်ရေ ဘီလီယံ၊ ထရီလီယံလောက်ဖြစ်ပြီးမှ အန္တရာယ်ရှိနိုင်တဲ့ မျိုးပြောင်းမှု နည်းနည်းလောက်ပဲပေါ်လာတယ်ဆိုတာ အားသာတဲ့အချက် ဖြစ်ပါတယ်။

ဝမ်းလျှောဖြစ်တဲ့ ဗက်တီးရီးယားပိုး E.coli ကတောင် Gene ပေါင်း ၃၀၀၀ လောက်ရှိတယ်။ လူသားဆဲလ်တစ်ခုမှာ Gene ပေါင်း ၂၀၀၀၀ လောက်ရှိပါတယ်။

SARS-CoV-2 ဗိုင်းရပ်စ်ရဲ့ ပထမဆုံး Genomic Sequence က GISAID Database ထဲမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်မှာကတည်းက ရှိတယ်လို့သိရပြီး အခြားမျိုးကွဲတွေရဲ့ Genomic Sequence တွေကို တောက်လျှောက်မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။ ဥပမာ 'မျူ' လို မျိုးပြောင်းတာ သူ့ရဲ့ Genomic Sequencing က GISAID ထဲမှာရှိတယ်။ မြန်မာနိုင်ငံမှာ သုတေသနပညာရှင်တွေက နိုင်ငံခြားက ဝင်ရောက်လာတယ်၊ ကူးစက်မှုနှုန်းလည်း မြန်တယ်၊ ဘယ်လိုပိုးမျိုးလဲ သိချင်တဲ့အခါ အဲဒီဓာတ်ခွဲနမူနာကိုယူပြီး Genomic Sequencing လုပ်ပြီး GISAID လို နေရာမျိုးတွေကို ပို့ပြီး အဲဒီမှာရှိနေတဲ့ Genomic Sequence တွေနဲ့ တိုက်ဆိုင်ကြည့်ရပါတယ်။ ကိုယ်တွေပို့တဲ့ ဓာတ်ခွဲနမူနာရဲ့

**မျိုးဗီဇတွေ ဘယ်လိုပဲပြောင်းနေပါစေ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုက ရှိနေပါတယ်။ Astra Zeneca (COVISHIELD) ဆိုရင် 'ဒယ်လ်တာ' အပေါ်မှာ ရောဂါကာကွယ်နိုင်မှုအနေနဲ့ ၆၇ ရာခိုင်နှုန်းအထိကို ထိရောက်မှုရှိကြောင်း သိရပါတယ်။ ရောဂါပြင်းထန်စွာဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ကုသရမှုတွေကို ၉၃ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်တယ်လို့ သုတေသနတစ်ခုက ဆိုပါတယ်။ ဒါပေမယ့် သုတေသန တစ်ခုနဲ့တစ်ခု ကွာခြားမှုရှိနိုင်ပါတယ်။ မျိုးပြောင်းသွားလည်း ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုကရှိနေတုန်းဆိုတာ ထင်ထင်ရှားရှားတွေ့နေရပါတယ်။**

နောက် SARS-CoV-2 ဗိုင်းရပ်စ်မှာ မျိုးပြောင်းတာ မှန်/ မမှန် စစ်ပေးတဲ့ လုပ်ငန်းစဉ်တစ်ခုရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဗိုင်းရပ်စ်က မျိုးပြောင်းချင်တိုင်း ပြောင်းလို့မရတာကို သိရပါတယ်။ ဒါပေမယ့် ကူးစက်မှုနှုန်းများလွန်းပြီး ဗိုင်းရပ်စ်တွေပွားလွန်းတဲ့အခါ မျိုးပြောင်းမှုတွေဖြစ်လာတာက ရှောင်လွှဲလို့မရတာဖြစ်ပါတယ်။ လူတွေများများ ကူးစက်လေလေ မျိုးပြောင်းတာတွေ ဆက်တိုက် ဆက်တိုက် ရင်ဆိုင်ရလေလေ ဖြစ်ပါတယ်။ ကူးစက်မှုနှုန်း နည်းသွားတာနဲ့အမျှ မျိုးပြောင်းနိုင်မှု အခွင့်အလမ်းက နည်းသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ မျိုးပြောင်းတာတွေကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုနေတဲ့ ဓာတ်ခွဲခန်းပညာရှင်တွေ၊ သုတေသနပညာရှင်တွေ အများကြီးရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ကွန်ရက် (Network) တွေ လုပ်ထားပါတယ်။ ဒီထဲတစ်ခုက GISAID (Global Initiative on Sharing Avian Influenza Data) လို့ခေါ်ပါတယ်။ ဒီ GISAID Database ထဲမှာ SARS-CoV-2 ဗိုင်းရပ်စ်ရဲ့ မူရင်းနဲ့ မျိုးပြောင်းတဲ့ မျိုးကွဲတွေကို စနစ်တကျမှတ်တမ်းတင်ထားပါတယ်။ စိတ်ဝင်စားဖို့ကောင်းတာက SARS-CoV-2 မှာ Gene က ၁၅ ခုလောက်ရှိပါတယ်။ လူရဲ့ ခန္ဓာကိုယ်ထဲမှာ ဗိုက်မအီမသာဖြစ်တာ၊ ဝမ်းပျက်

Genomic Sequencing က GISAID မှာရှိတဲ့ 'မျူ'ရဲ့ Sequence နဲ့တူရင် မြန်မာနိုင်ငံကို 'မျူ'ရောက်ပြီလို့ ပြောလို့ရပါတယ်။ 'ကပ်ပါ' ရဲ့ Genomic Sequence နဲ့တူရင် 'ကပ်ပါ'၊ 'ဒယ်လ်တာ'ရဲ့ Genomic Senquence နဲ့တူရင် 'ဒယ်လ်တာ' ရောက်ပြီလို့ ပြောလို့ရပါတယ်။

ဘယ်နေရာ၊ ဘယ်အချိန်နဲ့ ဘယ်သူတွေမှာ ရောဂါဘယ်လောက်ဖြစ်တယ်ဆိုတဲ့ Epidemiological Surveillance Data တွေကို ကူးစက်ရောဂါ၊ ကပ်ရောဂါဆိုင်ရာပညာရှင်တွေက တင်ပြနေတဲ့အချိန်မှာ မျိုးဗီဇပြောင်းလဲတာတွေကို စောင့်ကြပ်ကြည့်ရှုနေတဲ့ ဓာတ်ခွဲခန်းပညာရှင်တွေနဲ့ သုတေသနပညာရှင်တွေ ပါဝင်တဲ့ Laboratory Surveillance လုပ်ငန်းက ဓာတ်ခွဲနမူနာတွေယူပြီး Genomic Sequencing လုပ်ပြီး GISAID လို Genomic Database တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး တွေ့ရှိရတဲ့ ဗိုင်းရပ်စ်မျိုးဗီဇပြောင်းလဲမှုတွေကို အများပြည်သူ သိရှိသတိပြုနိုင်ရေး ထုတ်ပြန်ပေးနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဆေးသုတေသနဦးစီးဌာနနဲ့ တပ်မတော်ဆေးသုတေသနတပ်ဖွဲ့တို့က ဒီလုပ်ငန်းတွေကို အဓိကလုပ်ပေးနေပါတယ်။ မြန်မာနိုင်ငံမှာ 'ဒယ်လ်တာ' က ဘယ်နှယောက်၊ 'ကပ်ပါ' က ဘယ်နှယောက်ဆိုပြီး ထုတ်ပြန်နိုင်တာ ဒီလို သုတေသနပညာရှင်တွေရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် Epidemiology Surveillance လို တစ်ဖက်က Laboratory Surveillance က သိပ်အရေးကြီးပါတယ်။

မျိုးဗီဇတွေ ဘယ်လိုပဲပြောင်းနေပါစေ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုက ရှိနေပါတယ်။ Astra Zeneca (COVISHIELD) ဆိုရင် 'ဒယ်လ်တာ' အပေါ်မှာ ရောဂါကာကွယ်နိုင်မှုအနေနဲ့ ၆၇ ရာခိုင်နှုန်းအထိကို ထိရောက်မှုရှိကြောင်း သိရပါတယ်။ ရောဂါပြင်းထန်စွာဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ကုသရမှုတွေကို ၉၃ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်တယ်လို့ သုတေသနတစ်ခုက ဆိုပါတယ်။ ဒါပေမယ့် သုတေသနတစ်ခုနဲ့ တစ်ခု ကွာခြားမှုရှိနိုင်ပါတယ်။ မျိုးပြောင်းသွားလည်း ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုကရှိနေတုန်းဆိုတာ ထင်ထင်ရှားရှားတွေ့နေရပါတယ်။

ဗိုင်းရပ်စ်တွေက များသောအားဖြင့် မျိုးပြောင်းရင် လူ့ခန္ဓာကိုယ်ထဲကို အများဆုံး ထိတွေ့ဝင်ရောက်ရတဲ့အပိုင်းဖြစ်တဲ့ ဆူးချွန်မှာ ပြောင်းတာများပါတယ်။ ဆူးချွန်ရဲ့တည်ဆောက်ပုံကို ကွက်တိတုံ့ပြန်နိုင်တဲ့ ပဋိပစ္စည်းကို ထွက်ရှိအောင် ကာကွယ်ဆေးကို ထုတ်လုပ်ရတာဖြစ်ပါတယ်။ ဒီလိုထွက်လာတဲ့ ပဋိပစ္စည်း Neutralizing Antibody နဲ့ ဒီဘက်က ဗိုင်းရပ်စ်ရဲ့ ဆူးချွန်အသားဓာတ် Spike Protein Antigen ထိတွေ့တာက စိတ်ဝင်စားဖို့ကောင်းတယ်။ ဒီ Antigen နဲ့ အုပ်နိုင်တဲ့ ပဋိပစ္စည်း Neutralizing Antibody က သော့ခလောက်နဲ့သော့တံလိုပါ။ ဒီသော့ခလောက်ကို ဖွင့်ချင်ရင် ဒီသော့ချောင်းနဲ့မှ ဖွင့်လို့ရပါတယ်။ ဒါမှဒီရောဂါပိုးကို ထိန်းချုပ်နိုင်ပါမယ်။

သွေးလွန်တုပ်ကွေးဖြစ်ထားရင် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်အတွက် ထွက်တဲ့ပဋိပစ္စည်း ထွက်ချင်ထွက်မယ်၊ ကိုဗစ်-၁၉ အတွက် မရပါဘူး။ ကိုဗစ်-၁၉ အတွက်ဆိုရင် ကိုဗစ်-၁၉ ရောဂါရပြီးလို့ဖြစ်ဖြစ်၊ ကိုဗစ်-၁၉ အတွက် သီးသန့်ထုတ်လုပ်ထားတဲ့ ကာကွယ်ဆေးကြောင့်ဖြစ်ဖြစ် ထွက်လာတဲ့ပဋိပစ္စည်းကမှ ဗိုင်းရပ်စ်ရဲ့ဆူးချွန်ကို ကွက်တိလာပြီး အုပ်လို့ရပါတယ်။ ဆူးချွန်ကို ပဋိပစ္စည်းက များများအုပ်ထားလေလေ လူရဲ့ဆဲလ်ထဲကို ဝင်လို့မရတော့လေလေ ဖြစ်ပါတယ်။ နောက်ဒီလို ပဋိပစ္စည်း Neutralizing Antibody တွေက ဗိုင်းရပ်စ်ရဲ့ ဆူးချွန်တွေကို အုပ်ထားလိုက်ရင် ခန္ဓာကိုယ်ထဲမှာရှိတဲ့ Killer Cell တွေက မှတ်မိသွားပြီး ဗိုင်းရပ်စ်ကို ဝိုင်းဝန်းဖျက်ဆီးလိုက်တော့ ဗိုင်းရပ်စ်က ဆက်ပြီးပွားလို့ မရတော့ပါဘူး။

မျိုးပြောင်းတာတွေကြောင့် ဆူးချွန်မှာ တည်ဆောက်ပုံ ပြောင်းသွားတာနဲ့အမျှ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုကိုလျော့ကျစေတာ၊ အရင်ကရောဂါဖြစ်ပြီးသားလူရဲ့ ကိုယ်ခန္ဓာထဲက ပဋိပစ္စည်းကို မျိုးပြောင်းထားတဲ့ပိုးက ရှောင်လွှဲနိုင်စွမ်းရှိလာတယ်ဆိုတာ ဒီသဘောတရားတွေကြောင့်ဖြစ်တာပါ။ လက်ရှိအနေအထားအရ မျိုးပြောင်းပေမယ့် အများကြီးပြောင်းသွားတာ မဟုတ်ပါဘူး။ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုက ရှိနေတုန်းဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❍

❍ စာမျက်နှာ ၁၀ မှ

မျိုးအလွန်ပြောင်းသွားရင်တောင် ခန္ဓာကိုယ်ထဲမှာ အခြားခုခံအားစနစ်တွေ ရှိသေးပါတယ်။ မွေးရာပါ ခုခံအားစနစ် (Innate Immunity) ဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးပေမယ့် ၈၀ ရာခိုင်နှုန်းအထိ ပြန်ကောင်းနိုင်တယ်ဆိုတာက မွေးရာပါခုခံအားစနစ်က အကာအကွယ်ပေးတာ ဖြစ်ပါတယ်။ မွေးရာပါ ခုခံအားစနစ်အားကောင်းဖို့ အိပ်ရေးဝစွာအိပ်ပါ။ အာဟာရပြည့်ဝစွာစားပါ ဆိုတာတွေကို အမြဲတမ်းပြောနေတာ ဖြစ်ပါတယ်။

**မွေးရာပါ ခုခံအားစနစ်**

လူသားတွေအနေနဲ့ ရှေ့မှာ ပလိပ်ရောဂါလို ကပ်ရောဂါဆိုးတွေ အများကြီးကြုံတွေ့ခဲ့ရပေမယ့် လူသားတွေ ဒါတွေကို ကျော်ဖြတ်နိုင်ခဲ့တယ်ဆိုတာက မိမိတို့ရဲ့ မွေးရာပါ ခုခံအားစနစ်တွေကြောင့်နဲ့ နောက်ပိုင်း ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေ၊ ဆေးသိပ္ပံပညာတွေ ခေတ်မီလာလို့ ဖြစ်ပါတယ်။ ဒီလိုပညာရပ်တွေကြောင့် ကျောက်ရောဂါလို ကူးစက်ရောဂါ တော်တော်များများကို ကမ္ဘာပေါ်က ပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အလွန်စိုးရိမ်ကြောက်လန့်နေစရာ မလိုပါဘူး။ လူသားတွေရဲ့ မွေးရာပါရှင်သန်နိုင်မှုနဲ့ သိပ္ပံပညာရပ်တွေကြောင့် ဒီရောဂါကြီးကို အားလုံးပူးပေါင်းဆောင်ရွက်မှုနဲ့ ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကာကွယ်ဆေးတွေ ထုတ်လုပ်တဲ့ နေရာမှာ မူလဗိုင်းရပ်စ်ရဲ့ Gene ၁၅ မျိုးမှာ ဘယ်အရာက ဆူးချွန်ကို ဖြစ်ပေါ်စေသလဲ၊ ဘယ်အရာက ဗိုင်းရပ်စ်ရဲ့ အခွံကိုဖြစ်စေသလဲဆိုတဲ့ အသိပညာကို အသုံးပြုပြီး mRNA Vaccine လိုမျိုးတွေကို ထုတ်လာနိုင်တာ ဖြစ်ပါတယ်။ မျိုးဆက်ပွားစေတဲ့ Gene ကို မပါစေဘဲ ဆူးချွန်ပဲ ထွက်အောင်လုပ်တဲ့ Gene ကို mRNA Vaccine လိုမျိုး ကာကွယ်ဆေးမှာ ထည့်သွင်းပြီး လူကိုထိုးပေးလိုက်တဲ့အခါ လူ့ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်ရဲ့ ဆူးချွန်တွေကို ထွက်စေပါတယ်။ ဒီဆူးချွန်တွေကို ခန္ဓာကိုယ်က မှတ်မိသိရှိပြီး နောက်ပိုင်း ပဋိပစ္စည်း Neutralizing antibodies တွေ ထွက်စေပါတယ်။ ဒီလိုမျိုးပြောင်းတဲ့အခါမှာ မျိုးပြောင်းတဲ့ ဗိုင်းရပ်စ်ရဲ့ Gene ကိုယူပြီး ခေတ်ပေါ်ကာကွယ်ဆေးနည်းပညာတွေက မျိုးပြောင်းတာတွေအတွက် ပိုမိုထိရောက်တဲ့ ကာကွယ်ဆေးတွေကို ပြောင်းပြီးထုတ်လုပ်နိုင်တယ်ဆိုတာကို သတင်းကောင်း ပေးလိုပါတယ်။

နောက်တစ်ချက်က ဆူးချွန်မှာ မျိုးပြောင်းတဲ့အပိုင်းက ပြောင်းမယ်၊ မပြောင်းတဲ့အပိုင်းက ကျန်ခဲ့မယ်။ ဒီမပြောင်းတဲ့အပိုင်း(Mutation Resistant Part)ကို ဦးတည်ပြီး လူလုပ်တဲ့ ပဋိပစ္စည်း (Mono- clonal Antibody)တွေ ထုတ်လုပ်လာပါတယ်။ ဒါမျိုးတွေက အခု တော်တော်လေး ခေတ်စားလာပါတယ်။ မေလ ၂၆ ရက်က Sotrovimab ဆိုတဲ့ လူလုပ်ပဋိပစ္စည်းဆေးတစ်မျိုးကို အမေရိကန်နိုင်ငံ FDA က အရေးပေါ်အသုံးပြုခွင့်ပေးထားတာ တွေ့ရပါတယ်။

**၈၅ ရာခိုင်နှုန်းအထိ လျော့ကျစေ**

ဒီပဋိပစ္စည်းဆေးက ဗိုင်းရပ်စ်ရဲ့ မျိုးမပြောင်းတဲ့ အပိုင်းကို ထိန်းချုပ်ပြီး ဗိုင်းရပ်စ်ကို ဆက်ပြီးမပွားနိုင်အောင် လုပ်ပေးတယ်လို့ဆိုပါတယ်။ ဒီဆေးက ရောဂါပြင်းပြင်းထန်ထန် မဖြစ်ပွားသေးတဲ့၊ အတော်အသင့်ရောဂါပြင်းထန်ပြီး အောက်ဆီဂျင်ရှူစရာ မလိုသေးတဲ့ လူနာတွေမှာ ရောဂါဆက်လက်ပြင်းထန်ကာ ဆေးရုံတက်ရအောင်ဖြစ်တာနဲ့ သေဆုံးမှုဖြစ်လာနိုင်တာတွေကို ၈၅ ရာခိုင်နှုန်းအထိ လျော့ကျနိုင်စေတယ်လို့ ဆိုပါတယ်။ လက်ရှိ မျိုးပြောင်းနေတယ်ဆိုတဲ့ ဗိုင်းရပ်စ်တွေအားလုံးအတွက် ထိရောက်မှုရှိတယ်လို့ ဆိုပါတယ်၊ ဒီလိုဆေးမျိုးတွေ ပေါ်လာပါပြီ။

အချုပ်အားဖြင့် ဗိုင်းရပ်စ်က မျိုးတွေဘယ်လောက်ပဲပြောင်းပြောင်း အလွန့်အလွန် ဆိုးရွားတဲ့ မျိုးပြောင်းတာ မထွက်သေးပါဘူး။ ကာကွယ်ဆေးတွေက လက်ရှိမှာ ထိရောက်နေပါတယ်။ မျိုးပြောင်းတာနဲ့အမျှ လိုက်ပြီးပြောင်းလို့ရတဲ့ ခေတ်ပေါ်ကာကွယ်ဆေးနည်းပညာတွေ ရှိနေပါတယ်။ မျိုးတွေဘယ်လောက်ပြောင်းပြောင်း မျိုးမပြောင်းနိုင်တဲ့အပိုင်းကို ဦးတည်ပြီး ကုသပေးနိုင်တဲ့ လူလုပ်ပဋိပစ္စည်းလို ဆေးဝါးတွေ ထွက်လာစရာရှိနေတဲ့အတွက် ဒီဗိုင်းရပ်စ်ရောဂါကို ရေရှည်မှာ လူသားတွေအနေနဲ့ နိုင်ကိုနိုင်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ဗိုင်းရပ်စ်မျိုးပြောင်းတယ်ဆိုတာ ခန္ဓာကိုယ်ထဲကိုဝင်ပြီးမှ ပြောင်းလို့ရတာဖြစ်ပါတယ်။ သူ့ရဲ့ ကပ်နိုင်၊ ပွားနိုင်၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပဋိပစ္စည်းကို ရှောင်လွှဲနိုင်၊ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားနိုင်တဲ့အစွမ်းတွေက ခန္ဓာကိုယ်ထဲရောက်ပြီးမှ သူကလက်စွမ်းပြလို့ရတာ ဖြစ်ပါတယ်။

**ထိရောက်တဲ့ နည်းလမ်းတွေဖြစ်**

ဒါကြောင့် ကာကွယ်ရေးနည်းလမ်းတွေဖြစ်တဲ့ Mask တပ်တာ၊ လက်ဆေးတာ၊ ခပ်ခွာခွာနေတာ၊ လေဝင်လေထွက်ကောင်းတဲ့ အခန်းတွေမှာနေတာ၊ လူစုလူဝေးရှောင်ကြဉ်တာတွေ လုပ်ထားရင် သူကဝင်လို့မရပါဘူး။ ဒါတွေက အလွန်ထိရောက်တဲ့ နည်းလမ်းတွေဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံခြင်း၊ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာခြင်းတွေကို ပူးတွဲကျင့်သုံးရင် သူဝင်ရောက်ကူးစက်ပြန့်ပွားနိုင်တဲ့ လူဦးရေက အတော်ကို နည်းသွားမှာဖြစ်ပါတယ်။ ကူးစက်ခံရသူနည်းလေ ဗိုင်းရပ်စ်က ဆက်တိုက် ဆတိုးပွားနိုင်တဲ့ အခွင့်အလမ်းတွေနည်းလေ၊ မျိုးပြောင်းလို့မရလေ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာခြင်းက မျိုးပြောင်းတာတွေကို ထိထိရောက်ရောက် ကာကွယ်နိုင်တဲ့အပြင် ဗိုင်းရပ်စ်မျိုးပါ ကျွန်တော်တို့ဆီမှာ ပြတ်သွားနိုင်တဲ့ အခွင့်အလမ်းအထိ ရှိပါတယ်။ ကူးစက်တဲ့လူနည်းတာနဲ့အမျှ မျိုးပြောင်းနိုင်စွမ်းနည်းမယ်။ ကာကွယ်ဆေးရဲ့ထိရောက်မှုက ပိုပြီးအားကောင်းလာမယ်။ ဒါဆို တဖြည်းဖြည်းနဲ့ ကမ္ဘာကိုပတ်ပြီး ဒုက္ခပေးနေတဲ့ ကပ်ရောဂါကြီးအဆင့်ကနေ တဖြည်းဖြည်း လျော့ကျလာမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## လူကုန်ကူးမှုတိုက်ဖျက်ရေး ဒို့ ဦးစားပေး

❂ လူအချင်းချင်း လှည့်ပတ်ခြင်း
ကင်းရှင်းကြစေ မှာခြွေစကား
နှုတ်တော်ဖျားမှ ဟောကြားညွှန်ပြ
မြတ်ဗုဒ္ဓ။

❂ သို့သော်လူများ စိတ်ထားမမှန်
မြဲအကြံထုတ် ဆိုးယုတ်ပက်စက်
ဆောင်ရွက်ချက်များ လွန်ဆိုးဝါးခဲ့။

❂ ယနေ့ကမ္ဘာ ခုချိန်ခါတွင်
ပေါ်လာတစ်ဖန် ကျွန်ဟန်တစ်မျိုး
ခိုးဝှက်ရောင်းချ ခံရကုန်ကူး
မနူးမနပ် ငွေငတ်သူတို့
ဆင်းရဲချို့တဲ့ အရင်းမဲ့ကြောင့်
လှည့်စားခေါ်ဆောင် လူမှောင်ခိုဆိုး
တိုးလျက်ဒုက္ခာ ရောက်ရရှာသည်
များစွာလူတို့ သတိပြုဖို့။

❂ တိုင်းတစ်ပါးတွင် ရောင်းစားခံရ
ဘဝလည်းပျက် စည်းစိမ်မက်တော့
တစ်သက်မပျော် ခေါင်းမဖော်ဝံ့
မဝံ့မရဲ စိတ်လည်းပျက်ပျက်
ဖြစ်ရချက်ကြောင့် တိုက်ဖျက်စေလို
လူမှောင်ခိုသည့် သင်းလိုလူသား
အတ္တများကို ရှောင်းရှားသတိ
အစဉ်ရှိစေ ပေးမျှဝေသည်
ရှောင်လေအထူး လူကုန်ကူး။

(စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အား ကြိုဆိုလျက်)

ဘိုမျိုး(ရွှေဘို)



## မုက္ခမူချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ညောင်လေးပင် စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ညောင်လေးပင်မြို့နယ် မုကွမူချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးထိန်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီမှ တာဝန်ရှိသူများက မုကွမူချောင်း သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း ကောင်ရေနှစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေတစ်သိန်း စုစုပေါင်း ငါးကောင်ရေသုံးသိန်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၅၆၂၄၂၉ | ၃၁၇၄၆၃၃၃ | ၆၇၄၅၈၉ |
| ၂။ | အိန္ဒိယ | ၃၃၁၈၈၉၈၅ | ၃၂၃၄၅၃၁၁ | ၄၄၂၃၈ |
| ၃။ | ဘရာဇီး | ၂၀၉၅၈၈၉၉ | ၂၀၀၀၂၅၆၂ | ၅၈၅၂၀၅ |
| ၄။ | ဗြိတိန် | ၇၁၃၂၀၇၂ | ၅၇၂၂၂၇၂ | ၁၃၃၈၄၁ |
| ၅။ | ရုရှား | ၇၁၀၂၆၂၅ | ၆၃၅၇၂၇၂ | ၁၉၁၁၆၅ |
| ၆။ | ပြင်သစ် | ၆၈၇၇၈၂၅ | ၆၄၆၄၃၁၃ | ၁၁၅၁၃၆၂ |
| ၇။ | တူရကီ | ၆၅၉၀၄၁၄ | ၆၀၅၅၈၁၉ | ၅၉၁၇၀ |
| ၈။ | အီရန် | ၅၂၅၈၉၁၃ | ၄၅၀၉၉၀၅ | ၁၁၃၃၈၀ |
| ၉။ | အာဂျင်တီးနား | ၅၂၁၈၉၉၃ | ၅၀၆၂၁၁၅ | ၁၁၃၀၉၉ |
| ၁၀။ | ကိုလံဘီယာ | ၄၉၂၅၀၀၀ | ၄၇၆၁၃၇၃ | ၁၂၅၄၈၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၅၈၇၃၁ | ၃၉၀၁၇၆၆ | ၁၃၈၄၃၁ |
| ၂။ | ဖိလစ်ပိုင် | ၂၁၇၉၇၇၀ | ၁၉၆၉၄၀၁ | ၃၄၈၉၉ |
| ၃။ | မလေးရှား | ၁၉၁၉၇၇၄ | ၁၆၅၇၄၈၃ | ၁၉၄၈၆ |
| ၄။ | ထိုင်း | ၁၃၅၂၉၅၃ | ၁၁၉၇၃၉၁ | ၁၃၉၂၀ |
| ၅။ | ဗီယက်နမ် | ၅၈၉၄၁၇ | ၃၅၀၉၂၁ | ၁၄၇၄၅ |
| ၆။ | မြန်မာ | ၄၂၇၅၁၆ | ၃၇၅၈၁၃ | ၁၆၃၅၃ |
| ၇။ | ကမ္ဘောဒီးယား | ၉၈၁၈၄ | ၉၂၉၁၂ | ၂၀၁၉ |
| ၈။ | စင်ကာပူ | ၇၀၀၃၉ | ၆၇၃၁၂ | ၅၇ |
| ၉။ | လာအို | ၁၆၉၃၆ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၃၈၉၄ | ၂၄၁၈ | ၁၈ |

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့် ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းက ဖွဲ့စည်းထားသော NUG၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝှမ်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသောနေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဗို့ကျည် (ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံး ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E) လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦး သေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတိုငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများ ကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများ ငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါ ငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၀-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 2 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 3 | P.O – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 4 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 5 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 6 | P.O – Cefixime | Box of 3x10's | 3600 | Aorta |
| 7 | P.O – Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 8 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 9 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 10 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www/facebook.com/ 32330252139 2189/posts/1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## ပဲခူးမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပဲခူး စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ အရှေ့ဘက်မြို့ရှောင်လမ်းမှ ပဲခူးမြို့တွင်းသို့ ချိတ်ဆက်မည့် မဂ္ဂတစ်လမ်းပေါ်ရှိ ကျုံးကူးတံတားတည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့မဈေးရှေ့ ရန်ကုန်-မန္တလေး လမ်းဘေးဝဲ/ယာ ပလက်ဖောင်းနှင့် အုတ်ရေမြောင်း ပြုလုပ်နေမှုကိုလည်းကောင်း၊ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး မြန်မာမှုအနုပညာလက်ရာများဖြင့် ပြန်လည်အဆင့်မြှင့်တင်မွမ်းမံနေမှုကိုလည်းကောင်း၊ ပဲခူးမြို့တွင်း ဈေးရောင်းချနေသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး ဘုရားဂေါပကအဖွဲ့ဝင်များနှင့် စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်လှေကားတပ်ဆင်နိုင်ရေးတို့ကို ဆွေးနွေးကာ အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ် သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်

ပဲခူး စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မင်းလှမြို့နှင့် အုတ်ဖိုမြို့နယ်တို့၏ သဘာဝရေပြင်များသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်ငါးမျိုးစိုက်ထည့်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂျပန်နိုင်ငံ၌ အီးတီအေ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု တွေ့ရှိ



**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ၌ အီးတီအေ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၈ ဦးကို ပထမဆုံးအကြိမ်အဖြစ် စတင်တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**စတင်တွေ့ရှိ**

၎င်းအီးတီအေဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုကို ဗြိတိန်နိုင်ငံ၌ ယမန်နှစ်ဒီဇင်ဘာလတွင် စတင်တွေ့ရှိသည်။ ၎င်းဗိုင်းရပ်စ်အား စိတ်ဝင်စားဖွယ်ကောင်းသော ဗီဇပြောင်းဗိုင်းရပ်စ်မျိုးစိတ် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ်လအတွင်း ကြေညာသည်။ ယခုဗိုင်းရပ်စ်ကူးစက်ခံရသူများသည် ဂျပန်နိုင်ငံသို့ ယမန်နှစ်ဒီဇင်ဘာလမှ ယခုနှစ်စက်တင်ဘာလအတွင်း ရောက်ရှိလာသူများဖြစ်ပြီး ၎င်းတို့ထံမှ ရရှိသော နမူနာများအား မျိုးရိုးဗီဇနည်းဖြင့်စစ်ဆေးရာမှ အဆိုပါ ဗိုင်းရပ်စ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါစစ်ဆေးမှုကို ဂျပန်အမျိုးသားကူးစက်ရောဂါဆိုင်ရာ အင်စတီကျူမှ ဆောင်ရွက်ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် မျိုးရိုးဗီဇဆိုင်ရာလေ့လာရေးဝက်ဘ်ဆိုက်တစ်ခု၏ ပြောကြားချက်အရ အဆိုပါ အီးတီအေ ဗီဇပြောင်းဗိုင်းရပ်စ်သည် လက်ရှိအချိန်၌ အမေရိကန်နိုင်ငံနှင့် ဥရောပအပါအဝင် နိုင်ငံပေါင်း ၇၀ ကျော်၌ တွေ့ရှိနေရကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် လက်ရှိအချိန်၌ ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား ငါးမျိုးအား စောင့်ကြည့်ဗီဇပြောင်းဗိုင်းရပ်စ်မျိုးစိတ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ထားသည်။ အဆိုပါစောင့်ကြည့်ဗီဇပြောင်းဗိုင်းရပ်စ်စာရင်းတွင် တောင်အမေရိကဒေသ၌ တွေ့ရှိသော လန်ဒါဗီဇပြောင်းဗိုင်းရပ်စ်၊ တောင်အမေရိကဒေသနှင့် ဥရောပဒေသတွင်တွေ့ရှိသော မူအမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်နှင့် အိန္ဒိယနိုင်ငံ၌ တွေ့ရှိသော ကတ်ပါဗီဇပြောင်းဗိုင်းရပ်စ်တို့ ပါဝင်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

## တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ထပ်မံပေးပို့

**မနီလာ စက်တင်ဘာ ၁၀**

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကိုပံ့ပိုးသည့်အနေဖြင့် Sinovacကုမ္ပဏီက ထုတ်လုပ်သော CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့ ထပ်မံပေးပို့ခဲ့ကြောင်း သိရသည်။




တရုတ်နိုင်ငံက CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ထောက်ပံ့ပေးခဲ့သောကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းကို မတ် ၁ ရက်မှစတင်၍ ဆောင်ရွက်နိုင်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လူဦးရေ ၁၆ သန်းကျော်အား လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ယခုနှစ်ကုန်တွင် လူဦးရေ သန်း ၇၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံက လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၅၂ သန်းကျော်အား အခြားဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများမှ လက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၉၆၄ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၇၉၇၇၀ ရှိလာကြောင်း သိရသည်။

အလားတူနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၃၄၈၉၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုမြင့်တက်နေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၁၈ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ စစ်ဆေးမှုခံယူပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၇၆ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံ၌ ပြီးခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၇၆ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၄၁၅၈၇၃၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၁၅ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၈၄၃၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ၁၄၃၅၆ ဦးမှာ ကျန်းမာရေးအခြေအနေကောင်းမွန်လာသည့်အတွက် ဆေးရုံမှဆင်းသွားရာ ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၉၀၁၇၆၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၄၀ ဒသမ ၈၆ သန်းရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးသူ ၇၁ ဒသမ ၁၇ သန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၉၉၁ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၉၉၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၃၁၈၈၉၉၅ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးရ ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၉၂ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၂၃၈ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉လူနာ ၂၄၀၂၈ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူ ပေါင်း ၃၂၃၄၅၃၁၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ ဘာသာပြန်- အောင်ကျော်ကျော်**

## အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၉၉၀၃၃၇ ဦးရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၁၀**

အာဖရိကဒေသ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၇၉၉၀၃၃၇ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ယနေ့ ပြောကြားသည်။

အလားတူ အာဖရိကဒေသတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၂၀၁၉၇၁ ဦးရှိလာကြောင်း သိရသည်။ ဒေသတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၄၁၁၆၉ ဦးမှာ ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။

အာဖရိကဒေသတွင်း၌ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျားနှင့် အီသီယိုးပီးယားနိုင်ငံတို့မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး နိုင်ငံများအဖြစ်တည်ရှိနေကြသည်။ လက်ရှိအချိန်အထိ တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၄၃၀၄၂ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၈၉၆၉၁၃ ဦးရှိသည်။ ဒေသတွင်း၌ အာဖရိကတောင်ပိုင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကဒေသမြောက်ပိုင်းနှင့် အရှေ့ပိုင်းသည် ၎င်း၏နောက်တွင် ရပ်တည်နေကာ ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၂၄၂၂၁၅၃၁ ဦး | ၄၆၂၄၀၆၀ ဦး | ၂၀၀၈၂၅၃၄၈ ဦး |

# မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်ဝင်ရောက်ကာ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မအူကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်ဝင်ရောက်ကာ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**အကြမ်းဖက်ပစ်ခတ်**

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက် ညနေ ၃ နာရီတွင် မင်းကင်းမြို့နယ်မှ PDFအကြမ်းဖက်သောင်းကျန်းသူများနှင့် ကနီမြို့နယ်မှ PDF အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ အင်အား ၂၀၀ ခန့်သည် မင်းကင်းမြို့နယ် အတွင်းရှိ မအူကျေးရွာ၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့မှ ဝန်းရံပိတ်ဆို့ကာ ညနေ ၄ နာရီတွင် သေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်ခဲ့သဖြင့် အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူများမှာ ကျေးရွာအားစွန့်ခွာကာ ကျေးရွာ၏ အနောက်ဘက်မှ ပုံတောင်ပုံညာဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများသည် ကျေးရွာအတွင်း ဝင်ရောက်၍ ပြည်သူများ၏ နေအိမ်များအား လိုက်လံမီးရှို့ဖျက်ဆီးခဲ့ရာ နေအိမ် ခုနစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ဆောင်ရွက်လျက်ရှိ**

ထိုကဲ့သို့ ကျေးရွာအတွင်း အကြမ်းဖက်ဝင်ရောက်ကာ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင် အရည်၊ အောက်ဆီဂျင်ခွက်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် တာချီလိတ် ကုန်သွယ်ရေးစခန်းလေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီခြောက်ခုမှ ယာဉ်စီးရေ အစီး ၂၀ ဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် ၁၉ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၂၁၆၁ ခု၊ အောက်ဆီဂျင်ထုတ်သည့်စက် ငါးခု၊ Oxygen Generator တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၂၁၃ ခု နှင့် နှာခေါင်းစည်း ၁၀၈ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်သည့်စက် ငါးခုမှာ ရန်ကုန်မြို့သို့ သုံးခု၊တာချီလိတ်နှင့် မော်လမြိုင်မြို့တို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့နယ် ဆင်ဖြူရှင်စခန်းမှ အကျဉ်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**တနင်္သာရီ စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်းခွန်းကျေးရွာအုပ်စု ထုံခါရွာရှိ အကျဉ်းဦးစီးဌာန ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းရှိ လုပ်အားရှင်အကျဉ်းသား ၁၅၃ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စခန်းတာဝန်ခံရုံးအတွင်း ယမန်နေ့က ဒုတိယအကြိမ် ထပ်မံထိုးနှံပေးခဲ့ကြောင်း သိရသည်။



ယင်းသို့ ဆင်ဖြူရှင်စခန်းမှ အကျဉ်းသားများအား ကာကွယ်ဆေး ထိုးနှံပေးရန် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သိုက်ထွန်းနှင့် ဆင်ဖြူရှင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း(ထုံခါ)မှ တာဝန်ခံ ဦးစီးအရာရှိ ဦးအောင်ဇေယျတို့က အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကြိုတင်ညှိနှိုင်း၍ ဩဂုတ် ၁၀ ရက်က ပထမအကြိမ် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကိုထိန်းသိမ်းပေး**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၁၁-၉-၂၀၂၁ စနေနေ့

MRTV

[illegible]
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၁၅ Weekly Sports Info
[illegible]
၁၀:၀၀ [illegible]
၁၁:၁၅ [illegible]
၁၃:၃၀ MRTV National News
[illegible]
၁၇:၁၅ MRTV Travelogue
၁၈:၀၀ ပြည်တွင်းသတင်း
[illegible]
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၂၁:၀၀ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ
[illegible]

mitv

02:01 News
02:27 Great Shwedagon - The Sacred Hair Relics Hailing Pagodas
02:53 Myanmar Snacks and Nutrition Value: Kauk Hnyin Paung
08:01 Weekly Review
08:16 Myanmar Masterclass: Art Teacher
08:23 Discovering Tribes: Khamti Shan (Part II)
08:38 Yay Pyan Taung Waterfall
09:01 Myanmar Family Life: Togetherness of Family Meal Time
09:12 Myanmar Traditional Identity (EP-2) Myanmar Chinthe (Myanmar Lion)
09:27 A Visit To Today's Along Daw Kathapha
09:43 Nyan Yoe Lighting Festival
10:53 Colourful Lotus-Shaped Candles
11:26 Myanmar Paper Toys

MRTV
[illegible]
Oxygen Interview
[illegible]

MRTV
[illegible]

MRTV Sports
၀၆:၀၀ [illegible]
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ... Education Channel ...
SCAN ME
www.mrtv.gov.mm
twitter.com/mrtvwebportal
t.me/mrtvnews

# မိမိကိုယ်မိမိ သိရှိနားလည်ခြင်း

သိန်းထွန်း (IR)

**မြတ်ဗုဒ္ဓ၏ အဘိဓမ္မာအရ စိတ်ကိုမှီတွယ်၍စိတ်ကိုခြယ်လှယ်တတ်သည့်သဘောကို စေတသိက်ဟု ခေါ်ပါသည်။ စေတသိက် စုစုပေါင်း ၅၂ ခုရှိကြောင်း ပြဆိုထားပါသည်။ မိမိသန္တာန်တွင်ဖြစ်နေသည့် ကောင်းစိတ်၊ မကောင်းစိတ်၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်များဖြစ်စေသည့် စေတသိက်များကို မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းဖြင့် မိမိကိုယ်မိမိ ပိုမိုနားလည်နိုင်မည်ဖြစ်**

အောင်မြင်သည့်ဘဝတစ်ခုတည်ဆောက်ရန် လိုအပ်သောအစိတ်အပိုင်းများစွာ ရှိတတ်ကြပါသည်။ အလုပ်ကြိုးစားခြင်းသည် အောင်မြင်သောဘဝတစ်ခုတည်ဆောက်ရန် သာမန်အားဖြင့် လိုအပ်သော်လည်း ပရော်ဖက်ရှင် (Professionally) အောင်မြင်မှုရရှိရန်နှင့် တစ်ကိုယ်ရေ (Personally) ကျော်ကြားအောင်မြင်ရန်အတွက်မူ အလုပ်ကြိုးစားမှုသာမက ဘဝရည်မှန်းချက်၊ စိတ်အားထက်သန်မှု၊ မိမိကိုယ်မိမိ သိရှိနားလည်မှု၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်း၊ ယုံကြည်မှု၊ မိမိကိုယ်မိမိ စိတ်ခါတ်မြှင့်တင်မှုတို့လည်း လိုအပ်ပါ၏။

ယင်းလိုအပ်ချက်များစွာတွင် တစ်ဦးချင်းတစ်ယောက်ချင်းအလိုက်၊ အခြေအနေနှင့် အချိန်အခါအလိုက် လိုအပ်ချက်ကွဲပြားခြားနားခြင်းများ ရှိတတ်ကြ၏။ ဘဝအောင်မြင်ရေးလိုအပ်ချက်များ မည်သို့ကွဲပြားခြားနားစေကာမူ ကာယကံရှင်ဖြစ်သည့် မိမိကိုယ်မိမိ သိရှိနားလည်ရေးမှာ အခြေခံလိုအပ်ချက် ဖြစ်ပါသည်။

မိမိကိုယ်မိမိသိရှိခြင်း သို့မဟုတ် နားလည်ခြင်းသည် မိမိ၏စိတ်ခံစားချက်၊ ကိုယ်ပိုင်တန်ဖိုးထားမှု၊ ရည်မှန်းချက်၊ စိတ်ဝင်စားမှု၊ စိတ်နေစိတ်ထား၊ အရည်အချင်းများ၊ အကျင့်စရိုက်များ၊ မိမိ၏အားသာချက်၊ အားနည်းချက်များ၊ ကန့်သတ်ချက်များကို ကိုယ်တိုင်သိရှိနားလည်ခြင်း ဖြစ်ပါသည်။ မိမိကိုယ်မိမိ သိရှိနားလည်ခြင်းနှင့် ပတ်သက်၍ အမျိုးမျိုးသော တွေးခေါ်ပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် စိတ်ပညာရှင်များက မိမိကိုယ်မိမိ သိရှိနားလည်ရန် အကြံပေးကြလေ့ရှိကြပါသည်။ ယင်းတို့အနက် တရုတ်ဒဿနပညာရှင်လောင်ဇီ Lao Tzu က သူတစ်ပါးကိုသိသောသူသည် ပညာရှိ (Wise) ဖြစ်၏။ မိမိကိုယ်မိမိသိသောသူသည် ဉာဏ်အလင်းရသူ(Enlightened) ဖြစ်၏ ဟုဆိုပါသည်။

**အပေါ်ယံသိနှင့် နက်နဲသောအသိ**

မိမိကိုယ်မိမိ သိနားလည်ခြင်းဟုဆိုလျှင် လူတိုင်းလိုလိုသည် မိမိကိုယ်မိမိ သိသည်ဟု ထင်မြင်ယူဆတတ်ကြ၏။ နေ့စဉ်ပြုမူနေကြသည့် အကျင့်စရိုက်၊ အပြောအဆို၊ အနေအထိုင်၊ ခံစားချက်တို့ကို အပေါ်ယံအားဖြင့် သိမြင်နားလည်တတ်ကြသော်လည်း ကိုယ့်ကိုယ်ကိုယ် ခြေခြေမြစ်မြစ် သိရှိနားလည်လားဟု ဆန်းစစ်ပါက ဖြေဆိုရန်ခက်လှပါသည်။ မိမိ မည်သည့်အစားအစာကို နှစ်သက်သည်၊ မည်သို့အကျင့်စရိုက်၊ မည်သို့အပြုအမူကို နှစ်သက်သည် စသည့် အပေါ်ယံအပြုအမူ၊ အပြောအဆိုနှင့် စရိုက်များကို သတိထားသိမြင်နိုင်သော်လည်း အမှန်တကယ် မိမိ၏သိစိတ်နှင့် မသိစိတ်တွင်း ဖြစ်တည်နေသည့်အခြေအနေ၊ ယင်းအခြေခံစိတ်ကြောင့်ဖြစ်လာသည့် အတွေး၊ အကြံ၊ အပြော၊ အပြုအမူနှင့် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုဂယက်တို့ကို ခွဲခြားသတိမမူမိတတ်ကြချေ။

မိမိကိုယ်မိမိ အပေါ်ယံသိမှုနှင့် အခြေခံကျကျသိမှု ကွာခြားခြင်းကြောင့် အကျိုးဆက်မှာ ကိုယ်တိုင်ရပ်တည်နိုင်ခြင်း၊ မရပ်တည်နိုင်ခြင်းနှင့် သူတစ်ပါးသို့မဟုတ် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုခံရခြင်း၊ မခံရခြင်းတို့ ကွာခြားနိုင်ပါသည်။ In order to be yourself, you have to know yourself. သင်ကိုယ်တိုင်ဖြစ်ရန် သင့်ကိုယ်သင် သိရန်လိုအပ်သည်ဟု ဗြိတိန်နိုင်ငံမှ ဘဝလမ်းညွှန်ဆရာ Dr.Mariette Jansen က ဆိုသည်။ မိမိကိုယ်မိမိ ပိုမိုသိရှိနားလည်လာခြင်းကြောင့် လွတ်လပ်မှု၊ ယုံကြည်မှုတို့လည်း ပိုမိုရရှိလာမည်ဖြစ်သည်။

**လျှော့ပေါ့စဉ်းစားတတ်ကြ**

လူ့သဘောသဘာဝအားဖြင့် လူဆိုသည်မှာ မိမိအတွေးအကြံ၊ အပြောအဆို၊ အပြုအမူတို့ကို မှန်ကန်သည်ဟု ယူဆတတ်ကြ၏။ ယင်းယူဆချက်သည် မှန်ကန်သည်လည်း ဖြစ်နိုင်သကဲ့သို့ မှားကောင်းလည်း မှားနိုင်ပါသည်။ မိမိယူဆချက် မှန်သည်၊ မှားသည်ကို ပတ်ဝန်းကျင်က သိရှိနားလည်ရန်ထက် ဦးစွာ မိမိကိုယ်မိမိသိရှိရန် လိုအပ်ပါသည်။ သို့မှသာ မိမိကိုယ်မိမိ တည့်မတ်နိုင်မည် ဖြစ်ပါသည်။ သို့သော် မိမိတို့သည် မိမိကိုယ်မိမိ ဆင်ခြင်ရန်နှင့် သိရှိနားလည်ရန်ကြိုးစားရာတွင် ကိုယ့်ကိုယ်ကိုယ်အတွက်မူ သက်သက်ညှာညှာ၊ လျှော့လျှော့ပေါ့ပေါ့ အပေါ်ယံသာ စဉ်းစားသုံးသပ်လေ့ ရှိတတ်ကြ၏။ ကြက်မွေးနုနုဖြင့် သုံးသပ်သည်ဟု ဆိုကြသည်။ သူတစ်ပါးကိုမူ သံဘရပ်နှင့် ခပ်ကြမ်းကြမ်း သုံးသပ်တတ်ကြ၏။

ထို့ပြင် အချို့သည် လျှော့ပေါ့စဉ်းစားတတ်ကြသကဲ့သို့ အချို့သည် ရှိသည်ထက် မိမိကိုယ်မိမိ အထင်ကြီးလွန်းခြင်း၊ သူတစ်ပါးအား အထင်သေးခြင်း၊ သိရှိမှုအမှတ်မှားခြင်း၊ အတ္တလွန်ကဲခြင်း၊ ပတ်ဝန်းကျင်လွှမ်းမိုးခြင်းတို့ကြောင့် မိမိကိုယ်မိမိ အမှန်မြင်ရန် ခက်ခဲတတ်ကြ၏။ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်မှု ကွာခြားသွားသည်နှင့် သိရှိနားလည်ရာတွင်လည်း အပေါ်ယံသိ၊ နက်နက်နဲနဲသိနှင့် လွဲမှားအသိများအဖြစ် ကွာခြားသွားတတ်ကြ၏။ လူတစ်ဦးနှင့်တစ်ဦးအကြား ပညာအခြေခံနှင့် ပညာအသုံးချနိုင်စွမ်း၊ အတွေ့အကြုံ၊ လောဘ၊ ဒေါသ၊ မောဟ၊ ယုံကြည်မှုလွန်ကဲခြင်း၊ သူတစ်ပါးအပေါ် အထင်အမြင်သေးခြင်းတို့ကဲ့သို့သော စိတ်အခြေခံများ ကွာခြားချက်များသည် မိမိကိုယ်မိမိ သိရှိနားလည်ရေးအပေါ် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်နေသည့် အရင်းခံအကြောင်းတရားများအဖြစ် တွေ့ရတတ်သည်။

မိမိတို့ ဖြတ်သန်းကျင်လည်ခဲ့ကြသည့် ဘဝတစ်လျှောက်တွင် မိမိကိုယ်မိမိ သိရှိနားလည်မှုအားနည်းခဲ့ခြင်းကြောင့် ဘဝဆိုင်ရာဆုံးဖြတ်ချက်များနှင့် နေ့စဉ်ကျင်လည်ရာ အခြေအနေများတွင် ဆုံးဖြတ်ချက်မှားယွင်းခြင်း၊ ဘဝရည်မှန်းချက်လွဲချော်ခြင်း၊ ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုခံရခြင်း၊ တွေဝေမှု၊ စိတ်ဖိစီးမှုတို့ အနည်းနှင့်အများ တွေ့ကြုံခံစားဖူးတတ်ကြပါသည်။ ထိုအတွေ့အကြုံများသည် မိမိကိုယ်မိမိ ပိုမိုသိရှိနားလည်လာသည့်အခါဖြစ်စေ၊ ဘဝရင့်ကျက်လာသည့်အခါဖြစ်စေ ယခင်က ပြုမူလုပ်ကိုင်ခဲ့မှုများနှင့် ပတ်သက်၍ အမှား၊ အမှန် ပိုမိုခွဲခြားသိမြင်လာတတ်ကြပါသည်။ ထိုသိမြင်မှုနောက်ကျခြင်းများကြောင့် ဘဝတွင် ပြင်ဆင်ရန်ခက်ခဲမှုများနှင့် ကြုံတွေ့ကြရတတ်ပါသည်။

**မြင်အောင်ကြည့်ဖို့**

စိတ်သဘောထား ကြမ်းတမ်းနေသူတစ်ယောက်အား မျက်မြင်အားဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ပတ်ဝန်းကျင်မှဖြစ်စေ ကြမ်းတမ်းသည့် လက္ခဏာကို သိမြင်နိုင်သော်လည်း မည်သည့်အတွက်ကြောင့် စိတ်သဘောထားကြမ်းရသည်ဆိုသည့် အကြောင်းရင်းကိုမူ သတိမမူမိတတ်ကြချေ။ စိတ်သဘောထား ကြမ်းတမ်းလာစေရန် ဘယ်အရာက စေ့ဆော်တိုက်တွန်းနေသလဲ၊ မိမိရဲ့ပင်ကိုစရိုက်ဗီဇကြောင့်လား၊ ပတ်ဝန်းကျင်ရိုက်ခတ်မှုဒဏ်ကြောင့်လား၊ ခံစားချက်စိတ်ဒဏ်ရာများကြောင့်လား စသည်ဖြင့် အဖြေရှာခြင်းဖြင့် မိမိကိုယ်မိမိ နားလည်မှုပိုမိုတိုးတက်စေပြီး မိမိကိုယ်မိမိ တည့်မတ်နိုင်မည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာအရ စိတ်ကိုမှီတွယ်၍ စိတ်ကိုခြယ်လှယ်တတ်သည့်သဘောကို စေတသိက်ဟု ခေါ်ပါသည်။ စေတသိက် စုစုပေါင်း ၅၂ ခုရှိကြောင်း ပြဆိုထားပါသည်။ မိမိသန္တာန်တွင်ဖြစ်နေသည့် ကောင်းစိတ်၊ မကောင်းစိတ်၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်များဖြစ်စေသည့် စေတသိက်များကို မြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းဖြင့် မိမိကိုယ်မိမိ ပိုမိုနားလည်နိုင်မည် ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ ပြဿနာတစ်ခုကိုဖြစ်စေ၊ မိမိခံစားချက်၊ လုပ်ဆောင်ချက်တစ်ခုကိုဖြစ်စေ ရှုမြင်သုံးသပ်ဆုံးဖြတ်ရာတွင် မိမိကိုယ်တိုင်၏တန်ဖိုး၊ ရပ်တည်ချက်၊ ခံစားချက်၊ စေတနာ၊ ရည်မှန်းချက်စသည့် ကိုယ်တိုင်သိမှုသည်များစွာအရေးပါပါသည်။ မိမိ၏ ရပ်တည်ချက်၊ ရှုမြင်ချက်သည် အပြုသဘောလား၊ အပျက်သဘောလား၊ အကောင်းမြင်လား၊ အပျက်မြင်လား၊ ကုသိုလ်လား၊ အကုသိုလ်လား စသဖြင့် ပိုင်းခြားသိရှိပြီး ယင်းအပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်တို့သည် မိမိ၏ကိုယ်ပိုင်ခံယူချက်လား၊ ပတ်ဝန်းကျင်၏လွှမ်းမိုးမှုကြောင့်လား ဆိုသည်ကို ရှင်းရှင်းလင်းလင်း မြင်အောင်ကြည့်ခြင်းမှတစ်ဆင့် မိမိ၏အခြေအနေကို ပိုမိုနားလည်သိရှိလာပြီး ဟန်ချက်ညီသောဘဝနေနည်း တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ယောနိသောမနသိကာရ**

မိမိကိုယ်ကို သိရှိနားလည်ကြိုးပမ်းမှုနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာတွင် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးထဲမှ တစ်ပါးဖြစ်သော ယောနိသောမနသိကာရ ရုပ်နာမ်တရားတို့၌ မှန်ကန်တည့်မတ်စွာ နှလုံးသွင်းမှုဟု ဆိုပါသည်။

ငါပြုပြီး၊ ပြောပြီး၊ ကြံပြီးဖြစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံအမှုဟာ ဆင်းရဲပွားကြောင်း၊ မကောင်းမှု၊ အကုသိုလ်များဖြစ်သလား၊ သုခပွားကြောင်း ကောင်းမှုကုသိုလ်များ ဖြစ်သလားလို့ စဉ်းစား။ အကယ်၍ စဉ်းစားလို့ ဒုက္ခပွားကြောင်း မကောင်းမှုအကုသိုလ်များဖြစ်ရင် နောက်ဘယ်တော့မှ မပြုဖြစ်အောင် တစ်ခါတည်း အာယတိံသံဝရစိတ်ကို မွေးမြူလိုက်။ အကယ်၍များ မိမိပြုပြီး၊ ပြောပြီး၊ ကြံပြီးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံမှုဟာ ပစ္စဝေက္ခဏာတင် ဆင်ခြင်စဉ်းစားလို့ မိမိသူတစ်ပါး နှစ်ဦးသား ချမ်းသာဖို့ဖြစ်တယ်။ ချမ်းသာပွားတိုးကုသိုလ်မျိုးဖြစ်တယ်ဆိုရင် အဲဒီမိမိပြုခဲ့၊ ပြောခဲ့၊ ကြံခဲ့တဲ့ ကုသိုလ်ကိုပင်လျှင် ထပ်တလဲလဲအောက်မေ့ပြီးတော့ ဝမ်းသာနေလို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက ဟောတော်မူခဲ့ပါသည်။ မိမိ၏ ရုပ်တရား နာမ်တရားများကို အာရုံစိုက်၍ မှန်ကန်တည့်မတ်စွာ နှလုံးသွင်းမှု သတိပြုဆင်ခြင်ခြင်းဖြင့် လူမှုဘဝဆက်ဆံရေး၊ နေထိုင်ရေးအစ ဘဝရည်မှန်းချက်များလည်း တိုးတက်ရရှိလာမည် ဖြစ်ပါသည်။

**အကျိုးကျေးဇူး**

မိမိကိုယ်မိမိ ပိုမိုသိရှိနားလည်လာသည်နှင့်အတူ မိမိဘယ်လိုလူမျိုးဖြစ်ကြောင်း ဖော်ပြနိုင်သဖြင့် ပိုမိုပျော်ရွှင်မှုရရှိစေခြင်း၊ မိမိ၏စိတ်တွင်ဖြစ်တတ်သည့် ပဋိပက္ခများ၊ ဖိအားများ လျှော့ချနိုင်ခြင်း၊ ဆုံးဖြတ်ချက်များကို ပိုမိုမှန်ကန်စွာချမှတ်နိုင်ခြင်း၊ မိမိကိုယ်မိမိ ထိန်းချုပ်လာနိုင်ခြင်း၊ ပတ်ဝန်းကျင်၏ဖိအားများကို ခံနိုင်ရည်ရှိခြင်း၊ အခြားသူများအပေါ် စိတ်ရှည်သီးခံလာနိုင်ခြင်းနှင့် နားလည်မှုပေးနိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှု၊ တက်ကြွမှုနှင့် ပျော်ရွှင်မှုရရှိစေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်ပါသည်။ မိမိကိုယ်မိမိ သိရှိနားလည်ခြင်းသည် ပညာဉာဏ်အားလုံး၏ အစဖြစ်သည် (Knowing yourself is the beginning of all wisdom.) ဟု အရစ္စတိုတယ်က ပြောခဲ့ဖူးပါသည်။ မိမိကိုယ်မိမိ သိရှိနားလည်ခြင်းဖြင့် မိမိအပေါ် စိတ်ပိုင်း ရုပ်ပိုင်း အကျိုးသက်ရောက်စေမည့် အကြောင်းတရားများကို သတိပြုဆင်ခြင်နိုင်မည်ဖြစ်သဖြင့် မိမိတို့သည် ကိုယ်တိုင်ဘဝအတွက်ဖြစ်စေ ပရော်ဖက်ရှင်နယ်ဘဝအတွက်ဖြစ်စေ မျှတသောဘဝကို ထိန်းသိမ်းတည်ဆောက်နိုင်မည် ဖြစ်ပါသည်။

**နှစ်ဖြာသောအကျိုးဖြစ်စေ**

လူတစ်ဦးချင်းစီတိုင်းတွင် ကိုယ်တိုင်အခက်အခဲများ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများအပြင် ပတ်ဝန်းကျင်တွင် ဖြစ်တည်နေသည့် ပဋိပက္ခများ၊ အကျပ်အတည်းများကြောင့် မိမိအပေါ် ရိုက်ခတ်လာတတ်သည့် ဂယက်များကို ရင်ဆိုင်ကြရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်၊ တုံ့ပြန်မှုနှင့် ဖြေရှင်းမှုတို့ လိုအပ်ပါ၏။ ယင်းသို့ မှန်ကန်စွာ တုံ့ပြန်နိုင်မှုသည်ပင် မိမိအကျိုး၊ အများအကျိုး နှစ်ဖြာသောကောင်းကျိုးကို ရရှိနိုင်မည်ဖြစ်သည်။ မိမိကိုယ်မိမိပင် မသိရှိနားမလည်နိုင်ပါက နေ့စဉ်ဘဝဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ လူမှုပတ်ဝန်းကျင် ဆက်ဆံရေးတွင်လည်းကောင်း၊ ဘဝနေထိုင်နည်း၊ ဘဝတိုးတက်ရေး တည်ဆောက်ရာတွင်လည်းကောင်း တည့်မတ်မှန်ကန်စွာ ရှုမြင်ဆုံးဖြတ်ရန် ခက်ခဲခြင်း၊ မှားယွင်းခြင်းတို့ ရင်ဆိုင်ရတတ်ပါသည်။

မိမိကိုယ်မိမိ ပိုမိုသိရှိနားလည်ခြင်းဖြင့် မိမိနှင့်အပ်စပ်သည်များ၊ မအပ်စပ်သည်များ၊ အံဝင်ခွင်ကျဖြစ်သည်များ၊ အံဝင်ခွင်ကျမဖြစ်သည်များ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ လုပ်သင့်သည်၊ မလုပ်သင့်သည်များ ခွဲခြားသိမြင်လာခြင်းကြောင့် မိမိအကျိုး၊ အများအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိကိုယ်မိမိ သိရှိနားလည်မှုသည် တစ်ဦးချင်း အကျိုးမှသည် အများအကျိုးထိတိုင် အကျိုးသက်ရောက်နေပါသည်။

**ကိုးကား-**

၁။ https://www.mvorganizing.org/what-are-the-benefits-of-knowing-yourself/

၂။ https://www.lifecoach-directory.org.uk/memberarticles/three-main-reasons-why-it-is-helpful-to-know-yourself

၃။ https://www.psychologytoday.com/us/blog/changepower/201603/know-yourself-6-specific-ways-know-who-you-are

၄။ လယ်တီဒီပနီပေါင်းချုပ်၊ ပထမတွဲ

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ဆည်းမှုဖြင့် ဝန်ထမ်းဘဝလမ်း အဆင့်ဆင့်တက်လှမ်းခဲ့သူ သရေစည်သူ ဦးဘခင်

လင်းအောင်

**(ယမန်နေ့မှအဆက်)**

ထို့အပြင် လက်အောက်အရာရှိတစ်ဦးက ဆရာကြီး နေအိမ်တွင်မရှိခိုက် အိမ်သို့လာရောက်ပြီး ပိုးလုံချည်ဖြင့် ကန်တော့ခြင်းကို နောက်တစ်ရက်၌ ရုံးတွင်း အစည်းအဝေးခေါ်ယူပြီး ထိုကဲ့သို့ ပုဂ္ဂိုလ်ရေး လက်ဆောင်ပေးခြင်းကို တားမြစ်မှု၊ အဆိုပါလုံချည်ကို ဌာန၏သက်သာချောင်ချိရေးအဖွဲ့သို့ လွှဲအပ်ပေးမှု၊ ဆရာကြီးနှင့် အနီးကပ်တာဝန်ထမ်းဆောင်ရပြီး ရိုးသားကြိုးစားသည့် ဝန်ထမ်းစာရေးငယ်တစ်ဦး ရာထူးတိုးမြှင့်ရန် လုပ်သက်ဇယားအရ ထိပ်ဆုံးသို့ ရောက်နေချိန်တွင်လည်း ဆရာကြီးက လုပ်သက်ရင့်ရုံဖြင့် မလုံလောက်၊ လုပ်ငန်းဆိုင်ရာအရည်အချင်းများပါ ပြည့်စုံရန်လိုအပ်သည်ဟူသော မှတ်ချက်ပြုမှုအရ ဌာန၏ စာရင်းအင်းဆိုင်ရာ ဘာသာရပ်စာမေးပွဲများကို နှစ်နှစ်ကြာဖြေဆိုပြီးအောင်မြင်မှ ရာထူးတိုးမြှင့်ပေးခဲ့မှုတို့ကိုလည်း ဦးဂိုအင်ကာက **"မမေ့စကောင်းသောဖြစ်ရပ်များ"** ဆောင်းပါးတွင် မှတ်တမ်းတင်ထားခဲ့ပါသည်။

အလားတူ ကျေးဇူးရှိသူများကို ကျေးဇူးတုံ့ပြန်ပေးဆပ်ရန် မမေ့လျော့သော ဆရာကြီးသည် ငွေစာရင်းမင်းကြီးရာထူးအပါအဝင် အဆင့်မြင့်ရာထူးကြီးများကို တာဝန်ထမ်းဆောင်နေစဉ် ငယ်စဉ်က ရေကျော်မက်သဒစ်ကျောင်းသို့ ကျောင်းအပ်ပေးခဲ့သည့် အေဘီစီကုမ္ပဏီမှ ငွေကိုင်စာရေးကြီး ဦးဘာဘီ၊ စိန်ပေါလ်ကျောင်းသို့ ကျောင်းအပ်နှံပေးသည့် ကျောင်းဆရာကြီး ဦးလုံးဒင်တို့အား မကွယ်လွန်မီ စုံစမ်းရှာဖွေ၍ ကျေးဇူးတုံ့ပြန်ပေးဆပ်ခဲ့ပါသည်။ ၁၉၃၁ ခုနှစ်က ပုသိမ်မြို့သို့ တာဝန်ဖြင့်သွားရောက်စဉ် အဘိဓမ္မာပညာ စတင်သင်ကြားရန် ဆက်သွယ်ကူညီပေးခဲ့သူ ဆရာဝန်ကြီး ဦးမြတ်ကျော်ကိုလည်း သတင်းစာတွင်ပါလာသော မွေးနေ့ဆုတောင်းကြော်ငြာရှိ လိပ်စာမှတစ်ဆင့် စာရေးဆက်သွယ်၍ ရန်ကုန်မြို့ IMC သို့ လာရောက်၍ တရားအားထုတ်ရန် ဖိတ်ကြားစာနှင့် တရားစာအုပ်များကို ၁၉၇၁ ခုနှစ် မကွယ်လွန်မီ နှစ်ရက်အလိုတွင် ပေးပို့သွားခဲ့သည်။

ဆရာကြီးဦးဘခင်သည် ထိုကဲ့သို့ နိုင်ငံ့တာဝန် ရာထူးကြီးများကို ထမ်းဆောင်ရာ၌ ဌာနက ထုတ်ပေးထားသော မော်တော်ယာဉ်ကိုလည်း ရုံးကိစ္စအတွက်သာ အသုံးပြုခဲ့ပြီး မိသားစုအတွက် သုံးစွဲခွင့် မပြုခဲ့ပေ။ ထိုစဉ်ကာလက အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများကို လပေးစနစ်ဖြင့် ငှားရမ်းခွင့်ပြုထားသည့် ရုရှားနိုင်ငံမှ တင်သွင်းသည့် မော်စကိုဗစ်ခေါ် မော်တော်ယာဉ်တစ်စီးကိုသာ မိသားစုအတွက် ငှားရမ်းအသုံးပြုစေခဲ့သည်။

နောက်ပိုင်း၌ ၁၉၅၇ ခုနှစ်တွင် ဌာနဆိုင်ရာ အကြီးအကဲများအတွက် ဝယ်ယူတင်သွင်းခွင့်ပြုမှုအရ စတီးဘရားသားကုမ္ပဏီမှ ဝယ်ယူခွင့်ရသည့် မော်တော်ယာဉ်ကိုသာ မိသားစုအတွက် အသုံးပြုစေခဲ့သည်။ ၁၉၆၄ ခုနှစ်၌ တာဝန်မှအနားယူချိန်တွင် မိတ်ဆွေများက မော်တော်ယာဉ်နောက်တစ်စီး ထပ်မံလျှောက်ထားရန် တိုက်တွန်းကြသော်လည်း ဆရာကြီးသည် ထပ်မံလျှောက်ထားခြင်းမပြုဘဲ ယခင်ဝယ်ယူပြီးမော်တော်ယာဉ်ကိုသာ ဆက်လက်အသုံးပြုခဲ့သည်။

ဆရာကြီးဦးဘခင်သည် နိုင်ငံတော်အစိုးရ အဆက်ဆက် ရာထူးတာဝန်ကြီးများကို ထမ်းဆောင်ခဲ့သည့်အလျောက် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးကျွမ်းဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးခေတ် ငွေစာရင်းမင်းကြီးတာဝန်ထမ်းဆောင်စဉ် အိုးအိမ်ဌာနက နေရာချထားပေးသည့် ကန်တော်ကြီးနှင့် မျက်နှာချင်းဆိုင်ရှိ အထက်ပန်းဆိုးတန်းလမ်း နှစ်ထပ်တိုက်အိမ်တွင် ၁၆ နှစ်ကြာ နေထိုင်ခဲ့ရာ နေအိမ်သို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက တရားဆွေးနွေးရန် လာရောက်လေ့ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ဂျပန်ခေတ်ကာလကတည်းက ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသော်လည်း ဆရာကြီးက "ကျွန်တော်လာပါမည်၊ ဝန်ကြီးချုပ်မလာပါနှင့်" ဟု တားမြစ်ခဲ့သည်။ ဦးနုက "ကျွန်တော်က အလုပ်ခွင် (ရုံး)တွင်သာ ခင်ဗျားအထက်အရာရှိ ဝန်ကြီးချုပ်ဖြစ်သော်လည်း တရားအရာမှာတော့ ကျွန်တော်က လာဆွေးနွေးရတာပါ"ဟု ဆိုခဲ့သော်လည်း ဆရာကြီးအနေဖြင့် နိုင်ငံ့အကြီးအကဲ၊ အထက်အကြီးအကဲများအပေါ် ရိုသေလေးစားမှုထားခဲ့ပြီး ပုဂ္ဂိုလ်ရေးရင်းနှီးမှုအရ ကိုယ်ရေးကိုယ်တာ အခွင့်အရေးရယူမှု၊ တောင်းဆိုမှုမရှိစေဘဲ အထူးသတိပြုနေထိုင်သွားခဲ့ပါသည်။

အလားတူIMCတွင်လာရောက်တရားအားထုတ်ခဲ့ကြသော လွတ်လပ်ရေးရပြီးခေတ် နိုင်ငံ့အကြီးအကဲများဖြစ်သည့် သမ္မတဟောင်း စဝ်ရွှေသိုက်၊ ဦးဗဆွေ၊ လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးတင်၊ နိုင်ငံရေးသမားကြီး ဦးဘဖေ၊ ဝန်ကြီးဟောင်း သရေစည်သူ ဦးစံညွန့်၊ တရားရုံးချုပ် တရားသူကြီးများ၊ မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ ဦးကိုလေး၊ ရန်ကုန်တက္ကသိုလ်မှ ဆရာမကြီး ဒေါ်မြစိန်၊ အမ်အေဒေါ်အုန်းကဲ့သို့ တက္ကသိုလ် ဆရာ ဆရာမများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ သံတမန်များ၊ ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဝင်းမင်းသန်းကဲ့သို့ အနုပညာရှင်များအားလုံးကိုလည်း အခြားသောတရားအားထုတ်သည့်ယောဂီများနှင့် အဆင့်အတန်း ခွဲခြားမှုမရှိဘဲ တစ်ပြေးညီသာ ဆက်ဆံခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရခေတ်တွင်လည်း ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီး စန်းယု၊ ဗိုလ်မှူးချုပ်တင်ဖေ စသည့်ပုဂ္ဂိုလ်ကြီးများ၏ ယုံကြည်လေးစားမှု၊ တာဝန်ပေးမှု၊ အကြံဉာဏ်ရယူမှုများကိုလည်း ခံယူခဲ့ရသည်။

ဆရာကြီးသည် အငြိမ်းစားယူပြီးသော်လည်း နိုင်ငံတော်အစိုးရက ပေးအပ်သောတာဝန်များကို ဆက်လက်ထမ်းဆောင်နေရဆဲဖြစ်ရာ ၁၉၆၇ ခုနှစ်သို့ရောက်မှ ဆရာကြီး၏မေတ္တာရပ်ခံချက်အရ အနားယူခွင့်ရရှိခဲ့သည်။ တာဝန်မှအနားယူပြီးနောက် ဆရာကြီးသည် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန (IMC) တွင် နိုင်ငံခြားသား ယောဂီအများအပြားကို ဆက်လက်တရားပြသလျက်ရှိရာ မြန်မာနိုင်ငံသို့ မလာရောက်နိုင်သော အမေရိကန်၊ ကနေဒါ၊ ဥရောပနိုင်ငံများရှိ ပြည်ပယောဂီများက ဆရာကြီးအား ယင်းတို့၏နိုင်ငံများသို့ လာရောက်တရားပြသပေးရန် ဖိတ်ခေါ်ခဲ့ကြသည်။ အလားတူ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိအသင်းကြီးကလည်း အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံများသို့ လာရောက်ရန် ဖိတ်ကြားချက်ရရှိခဲ့သော်လည်း ထိုစဉ်က တော်လှန်ရေးကောင်စီအစိုးရက ချမှတ်ထားသည့်မူဝါဒအရ နိုင်ငံကူးလက်မှတ် ခွင့်ပြုချက်မရရှိခဲ့ပေ။

ဆရာကြီး၏ သီလ၊ သမာဓိ၊ သိက္ခာကို လေးစားမှုဖြင့် ပြည်ပသာသနာပြုခရီးအတွက် အကူအညီပေးလိုကြသည့်ပုဂ္ဂိုလ်များက ကျန်းမာရေးအတွက် ဆေးကုသရန် အကြောင်းပြချက်ဖြင့် လျှောက်ထားလျှင်ရနိုင်ကြောင်း အကြံပြုကြသော်လည်း ဆရာကြီးက "မိမိနေကောင်းလျက်ရှိပြီး သာသနာပြုခရီးသွားရန်သာ ဖြစ်သည့်အတွက် မလိမ်ချင်ဘူး" ဟုပြောကြားခဲ့ကြောင်းကို ၃၁-၇-၂၀၁၈ ရက်နေ့၌ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားမည့် ဆရာကြီးဦးဘခင်အထိမ်းအမှတ်စေတီတော်ကြီးအတွက် မြန်မာနိုင်ငံအလှူရှင်များ၏ (၁၂) ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ထိုစဉ်က သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ဦးအုံ့မောင်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ သတိတရ ဂုဏ်ပြုပြောကြားခဲ့ပါသည်။

၁၉၅၂ ခုနှစ် ဧပြီလတွင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ကို စနစ်တကျ စတင်ဖွဲ့စည်းစေခဲ့ပြီး အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန(International Meditation Centre) နှင့် ဓမ္မရောင်ခြည်စေတီတော်ကို စတင်တည်ထောင်စဉ်က လိုအပ်သော ရန်ပုံငွေအတွက် ပဋိပတ္တိလုပ်ငန်းကို စိတ်ဝင်စားသူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အလှူငွေနှိုးဆော်စာ ထုတ်ပြန်ခဲ့ရာ ငွေစာရင်းမင်းကြီးရုံး ဝန်ထမ်းများအနေဖြင့်လည်းကောင်း၊ ဆရာကြီး၏ မိတ်ဆွေသင်္ဂဟများကလည်းကောင်း အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။ ထိုကဲ့သို့ ထည့်ဝင်ရာ၌ ဝန်ထမ်းများအနေဖြင့် စေတနာအလျောက် အလှူငွေထည့်ဝင်ရာတွင် ရာထူးအနိမ့်အမြင့်၊ လစာအနည်းအများတို့ကြောင့် ကွာခြားမည်ဖြစ်သည့်အတွက် ထိုကွာခြားမှုကို အချင်းချင်းမသိရှိစေရန် အလှူငွေထည့်ဝင်မှု တန်ဖိုးပမာဏကို လျှို့ဝှက်ပေးထားခဲ့သည်။ **စာမျက်နှာ ၁၇ သို့** ❖



မြန်မာမုခ်ဦးအဝင်တွင် ဆရာကြီးဦးဘခင်ကျေးရွာကို ဖော်ပြထားသည့်စာတန်းကို တွေ့ရစဉ်။

**ကျေးဇူးရှိသူများကို ကျေးဇူးတုံ့ပြန်ပေးဆပ်ရန် မမေ့လျော့သော ဆရာကြီးသည် ငွေစာရင်းမင်းကြီးရာထူးအပါအဝင် အဆင့်မြင့်ရာထူးကြီးများကို တာဝန်ထမ်းဆောင်နေစဉ် ငယ်စဉ်က ရေကျော်မက်သဒစ်ကျောင်းသို့ ကျောင်းအပ်ပေးခဲ့သည့် အေဘီစီကုမ္ပဏီမှ ငွေကိုင်စာရေးကြီး ဦးဘာဘီ၊ စိန်ပေါလ်ကျောင်းသို့ ကျောင်းအပ်နှံပေးသည့် ကျောင်းဆရာကြီး ဦးလုံးဒင်တို့အား မကွယ်လွန်မီ စုံစမ်းရှာဖွေ၍ ကျေးဇူးတုံ့ပြန်ပေးဆပ်ခဲ့**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

**မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**

**စက်တင်ဘာလ ၁၃ ရက်**



**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။


❖ စာမျက်နှာ ၁၆ မှ

IMC တည်ဆောက်မည့်မြေနေရာအတွက် ရန်ပုံငွေမလုံလောက်မှုကြောင့် ဆရာကြီး၏ မိတ်ဆွေဖြစ်သူ ဦးဘသန်းက ခေတ္တစိုက်ထုတ်ပေးငွေကိုလည်း လှူဒါန်းငွေများရရှိလာသည်နှင့် ပြန်လည်ပေးဆပ်ခဲ့သည်။ IMC ထူထောင်ပြီးနောက်တွင်လည်း တရားဌာနအတွက် မည်သူတစ်ဦးတစ်ယောက်ထံမှ သွားရောက်အလှူခံမှု၊ ဝင်ကြေး၊ လစဉ်ကြေးကောက်ခံမှုများကို ခွင့်မပြုဘဲ IMC ၌ တရားအားထုတ်ပြီးနောက် တရားအနှစ်သာရကို သိရှိလာသူများ၏ စေတနာအလျောက် လှူဒါန်းမှုကိုသာ လက်ခံစေခဲ့သည်။ ထိုသို့လှူဒါန်းရာတွင်လည်း ကမ္မဋ္ဌာန်းဌာနအတွင်း “ငါ”ပိုင်ပစ္စည်း မရှိစေရမှုဖြင့် အလှူရှင်များ၏သဘောဆန္ဒအရ လှူဒါန်းလိုမှုများကို လက်မခံဘဲ ကမ္မဋ္ဌာန်းဌာန၏ လိုအပ်ချက်အရသာ ဖြည့်ဆည်းစေခြင်း၊ လှူဒါန်းပြီးသည့်ပစ္စည်းအဆောက်အအုံများကို အလှူရှင်များက ရယူအသုံးပြုခွင့်မရှိစေသည့်အပြင် အလှူရှင်အမည်ကမ္ပည်းရေးထိုးမှုကိုပင် ခွင့်မပြုခြင်းတို့ကို ကျင့်သုံးစေခဲ့သည်။

၁၉-၁-၁၉၇၁ ရက်နေ့တွင် ဆရာကြီးဦးဘခင် ကွယ်လွန်ခဲ့ပြီးနောက် ယခုအခါတွင် နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဘဝတစ်လျှောက်လုံး အသေးအဖွဲ့မှစ၍ ကိုယ်ကျင့်သိက္ခာတရားကို အထူးတည်ကြည်စွာ စောင့်ထိန်းခဲ့သည့် ဆရာကြီးသည် လူပုဂ္ဂိုလ်အနေဖြင့် ကွယ်လွန်ခဲ့သော်လည်း နိုင်ငံတကာမှ ထုတ်ဝေသော ဝိပဿနာဆိုင်ရာ စာစောင်များ၊ အင်တာနက်စာမျက်နှာများတွင် ဆရာကြီး၏ဂုဏ်ရည်နှင့် သာသနာပြုအကြောင်းအရာများ၊ ဗုဒ္ဓဓမ္မဆိုင်ရာ ဟောပြောချက်များမှာ ယနေ့တိုင်အောင် ပျံ့နှံ့နေဆဲဖြစ်သည်။

သာဓကတစ်ရပ်အနေဖြင့် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ IMC သို့ လာရောက်တရားအားထုတ်သော မက္ကစီကိုနိုင်ငံသားယောဂီတစ်ဦး၏ MP-4 စက်တွင် ဆရာကြီး၏ ပဋ္ဌာဝါရပဋ္ဌာန်းရွတ်ဆိုပူဇော်မှုကို အသံသွင်းထားပြီး ဖွင့်လှစ်ရန် ပါရှိလာခဲ့သည်။ အဆိုပါယောဂီကို မေးမြန်းမှုအရ ပဋ္ဌာန်းအဓိပ္ပာယ်ကို နားမလည်သေးသော်လည်း တရားထိုင်ရာတွင် ဖွင့်လှစ်နာယူခြင်းဖြင့် စိတ်အေးချမ်းကြည်လင်မှုကို ရရှိကြောင်း၊ နိုင်ငံတကာရှိ ဦးဂိုအင်ကာ၏ တရားရိပ်သာများတွင်လည်းကောင်း၊ နိုင်ငံတကာရှိ ဝိပဿနာအားထုတ်သူယောဂီများ၏ လက်ဝယ်တွင်လည်းကောင်း ဆရာကြီးဦးဘခင်၏ ဝိပဿနာတရားလမ်းညွှန်မှုကိုသာမက ပဋ္ဌာဝါရပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်သံကိုပါ တလေးတစားနာယူလျက်ရှိနေကြသည့် သာဓကပင်ဖြစ်သည်။

**မြန်မာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်ထူး**

ဆရာကြီးဦးဘခင်သည် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ဘဝကိုဖြတ်သန်းခဲ့သလို ဗုဒ္ဓဓမ္မကို နိုင်ငံတကာသို့ ပျံ့နှံ့စေပြီး မြန်မာနိုင်ငံကို ကမ္ဘာက သိစေခဲ့သည့် သာသနာပြုပုဂ္ဂိုလ်ထူးတစ်ဦးလည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လောကီလူမှုဘဝဆိုင်ရာ မိမိနှင့်မိသားစုအကျိုး၊ မိမိဌာနအကျိုး၊ မိမိနိုင်ငံ့အကျိုးအတွက်သာမက တစ်ဖက်တွင်လည်း လောကုတ္တရာအကျိုး၊ သာသနာတော်အကျိုးအတွက် တစ်သက်တာ ကြိုးပမ်းစွမ်းဆောင်သွားခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း ထင်ရှားလျက်ရှိပါသည်။

ဘဝပေးအခြေအနေအရ တက္ကသိုလ်ပညာ ဆည်းပူးခွင့်မရရှိခဲ့သော်လည်း ငယ်စဉ်ကျောင်းသားဘဝ၊ ဝန်ထမ်းငယ်ဘဝ၊ မိသားစုဘဝ၊ ဌာနဆိုင်ရာအကြီးအကဲဘဝ၊ ကမ္မဋ္ဌာန်း တရားပြဆရာဘဝများအားလုံးတွင် ထူးချွန်စွာ စာပေလေ့လာဆည်းပူးမှု၊ သက်ဆိုင်ရာဘာသာရပ်များကို ကျေညက်စွာ တတ်သိနားလည်ရန် ကြိုးပမ်းအားထုတ်မှု၊ မိမိကိုယ်တိုင် သိရှိနားလည်ခဲ့သည့် ဓမ္မတရားကို ပြည်တွင်းပြည်ပလူအများ သိရှိနားလည်စေရန် ရေးသားဟောပြောမှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်သွားခဲ့ပါသည်။

**ဆရာကြီးဦးဘခင်သည် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ဘဝကိုဖြတ်သန်းခဲ့သလို ဗုဒ္ဓဓမ္မကို နိုင်ငံတကာသို့ပျံ့နှံ့စေပြီး မြန်မာနိုင်ငံကို ကမ္ဘာက သိစေခဲ့သည့် သာသနာပြုပုဂ္ဂိုလ်ထူးတစ်ဦးလည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လောကီလူမှုဘဝဆိုင်ရာ မိမိနှင့်မိသားစုအကျိုး၊ မိမိဌာနအကျိုး၊ မိမိနိုင်ငံ့အကျိုးအတွက်သာမက တစ်ဖက်တွင်လည်း လောကုတ္တရာအကျိုး၊ သာသနာတော်အကျိုးအတွက် တစ်သက်တာ ကြိုးပမ်းစွမ်းဆောင်သွားခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်**

ယနေ့ကာလ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို လွတ်လပ်ရေးရပြီးချိန်တွင် စတင်ထူထောင်နိုင်ခဲ့ပြီး စာရင်းပညာရှင်များ၏ ဖခင်ကြီးသဖွယ်ဖြစ်သော ဆရာကြီးဦးဘခင်အပေါ် မျိုးဆက်သစ်စာရင်းပညာရှင်များ၏ သဘောထားအဖြစ် ၁၀-၁၂-၂၀၁၂ ရက်နေ့ထုတ် Account Care စာရင်းစီးပွားရေးဂျာနယ်ပါ ဆရာကြီးဦးဘခင်ဆောင်းပါး၌ ဆောင်းပါးရှင်အယ်ဒီတာက အောက်ပါအတိုင်း ဂါရဝပြုဖော်ပြထားပါသည် -

> “ကျွန်တော်တို့ငယ်စဉ်ဘဝ စာရင်းပညာကို လိုက်စားခါစကပင် ဆရာကြီးဦးဘခင် အကြောင်းကို ဟိုမှ၊ ဒီမှ သိရကြားရဖူးသည်။ ကြားဖူးရုံမျှနှင့်ပင် ဆရာကြီးအကြောင်းသည် ရင်ထဲတွင် စွဲနေသည်၊ စွဲရသည့်အကြောင်းမှာ ဆရာကြီး၏ စာရင်းပညာ ထူးချွန်မှုကြောင့်သာချည်း မဟုတ်ပါ။ ဆရာကြီး၏ ကျင့်ဝတ်သိက္ခာကြောင့်လည်း ဖြစ်သည်။ x x x x x x x x x x x x x x x x x x x x x x x x x။ လောကီ၊ လောကုတ္တရာပါ အကျိုးကျေးဇူးကြီးမားလှ၍ ဖြူစင်သန့်ရှင်းသော စာရင်းပညာရှင်အလုပ်ဖြင့် အသက်မွေးတည်ဆောက်ခဲ့သူ၊ မိမိဝမ်းရေးအတွက် မစင်ကြယ်သော ဝတ္ထုပစ္စည်းကို ဘယ်အခါမှု လိုချင်သိမ်းပိုက်မှုမပြုခဲ့သူ၊ စာရင်းသမားများ၏ လမ်းပြရှေ့ဆောင် ဆရာကြီးဦးဘခင်အား ဤစာစုဖြင့် ပူဇော်ကန်တော့အပ်ပါသည်”

ဆရာကြီးဦးဘခင်သည် ခေတ်ကာလအဆက်ဆက်၌ ရောက်ရှိသည့်နေရာဌာနတိုင်းတွင် ထူးချွန်ထက်မြက်စွာ ကြိုးပမ်းအားထုတ်ခဲ့ရုံသာမက ကိုယ်ကျင့်သိက္ခာတရားကို ခိုင်မြဲစွာ ဆောက်တည်လျက် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များ ကျေပွန်အောင် ဆောင်ရွက်ခဲ့သူအဖြစ်လည်း မှတ်ကျောက်တင် ကမ္ပည်းထိုးသွားခဲ့သူဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ဖြောင့်မတ်စွာ ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိတို့၏ ဘဝခရီးလမ်းကို မှန်ကန်စွာ တက်လမ်းရှာလိုသော လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများအတွက် စံနမူနာပြ ပုဂ္ဂိုလ်အဖြစ်လည်း အစဉ်အမြဲ ရပ်တည်နေမည် ဖြစ်ပါသည်။

**အမှန်တရားထင်ရှားရမည်**

၁၉၅၃ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည့် တရားအားထုတ်သူများ၏ကိုယ်တွေ့ (Personal Experience of Candidates) စာအုပ်တွင် ဆရာကြီး၏ ဘဝအပေါ်ခံယူချက်၊ ဦးတည်ချက်၊ ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည် -

–Our motto is TRUTH MUST TRIUMPH.

–Our principle is WORK MORE AND TALK LESS

–Our aim is NIBBANCI PEACE TO ALL.

အထူးသဖြင့် ဝိပဿနာတရားအားထုတ်သူယောဂီများအတွက် ဘာဝနာလုပ်ငန်းခွင်တွင် နှလုံးသွင်းရန် တရားတော်နှင့်အညီ ဆရာကြီးဦးဘခင် ချမှတ်ပေးခဲ့သော အောက်ပါဆောင်ပုဒ်များသည် လောကုတ္တရာလုပ်ငန်းများအတွက်သာမက မိမိတို့၏ လောကီလုပ်ငန်းတာဝန်များကို တော်တည့်ဖြောင့်မတ်စွာ လုပ်ကိုင်ဆောင်ရွက်နေကြသော နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံသားများအတွက် ခံယူကျင့်သုံးအပ်သော ဘဝရှေ့ဆောင်လမ်းညွှန်များအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**– အမှန်တရားထင်ရှားရမည်။**

**–ငွဲ့လျှင်စောင်း စောင်းလျှင်မှောက်မည်။**

**–ယောနိသောမနသိကာရ**

**ရည်ညွှန်း**


- မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း- ဒေါက်တာမောင်မောင်။ (ပထမအကြိမ် ၁၉၆၉ ခုနှစ်)
- မမေ့ကောင်းသောဖြစ်ရပ်များ(အင်္ဂလိပ်ဘာသာ)ဆောင်းပါး (ဦးဂိုအင်ကာ) ဆရာကြီးဦးဘခင် ကွယ်လွန်သည့် (၁၂) နှစ်မြောက်အထိမ်းအမှတ် ဝိပဿနာဂျာနယ် (ဘာသာပြန်ဆိုသူ -ဂါမဏိ) (၁၉-၁-၁၉၈၃)
- သူလိုအရာရှိ - ဓမ္မဒူတအတွဲ (၁) ဓမ္မာစရိယဦးဌေးလှိုင်။ (ပထမအကြိမ်၊ ၁၉၈၅ ခုနှစ်)
- မြန်မာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်ထူးဆရာကြီးဦးဘခင် (အတ္ထုပ္ပတ္တိနှင့်သာသနာပြုလုပ်ငန်းများ)၊ (ဦးကိုလေး (ဇေယျာမောင်) အငြိမ်းစားဒုတိယအဓိပတိ၊ မန္တလေးတက္ကသိုလ်)(ပဉ္စမအကြိမ်၊ ၂၀၀၇ ခုနှစ်)
- အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတည်ထောင်သူ ကျွန်တော့်ဖခင်ဆရာကြီးဦးဘခင် (ဦးသိန်းဇံ) (ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်)
- မြန်မာလူကျော် ၁၀၀ (မောင်ဇေယျာ) (ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်)
- Sayagyi U Ba Khin, Wikipedia စာမျက်နှာ
- Dhamma Servant Nyo Lone ၏ သရေစည်သူ ဆရာကြီးဦးဘခင် (ဓမ္မပဗ္ဗတဝိပဿနာရိပ်သာ၏ လူမှုကွန်ရက် (FB) စာမျက်နှာ)
- ဆရာကြီးဦးဘခင် – Account Care စာရင်းစီးပွားရေးဂျာနယ်ဆောင်းပါး (အယ်ဒီတာ) (၁၀-၁၂-၂၀၁၂)

# ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ၆-၉-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် **သန်း ၈၆ . ၇၆၀** နှင့် အမေရိကန် **ဒေါ်လာ ၂၀၀** ဖြစ်ပါသည်။ ၁၀-၉-၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း

| | ကျပ် |
|---|---|
| ၃-၉-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၄၅,၉၅၀,၄၇၈,၅၀၃.၉၁ |
| (+) ၆-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၈၆,၇၆၀,၀၀၀.၀၀ |
| ၁၀-၉-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄၆,၀၃၇,၂၃၈,၅၀၃.၉၁ |

## ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၃-၉-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၈၃,၆၆၂,၁၄၉.၅၃ |
| (+) ၆-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂၀၀.၀၀ |
| ၁၀-၉-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၈၃,၆၆၂,၃၄၉.၅၃ |

ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund )EDC 600012 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၆-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | အမေရိကန်ဒေါ်လာ |
|---|---|---|
| | ၆-၉-၂၀၂၁ | ၂၀၀.၀၀ |
| ၁ | (ဦးမောင်မောင် ၊ ဒေါ်ခင်ခင်ကြည်)အား ရည်စူး၍ သမီး-ဒေါ်မြခေသီ မိသားစု (ရန်ကုန်မြို့) | ၂၀၀.၀၀ |
| | (၆-၉-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂၀၀.၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ

ကိုဗစ် -၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund )OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၆-၉-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၆-၉-၂၀၂၁ | ၆၀၀,၀၀၀ |
| ၁ | ဦးစော်မင်းဦး+ဒေါ်ညိုညိုသန်း မိသားစု (နေပြည်တော်) | ၆၀၀,၀၀၀ |
| | ၈-၉-၂၀၂၁ | ၂၀၀,၀၀၀ |
| ၁ | ဦးလှရီ + ဒေါ်မေမေအေး မိသားစု (မစ္စသီရိမြို့နယ်) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်မေအေးအေးကြိမ်း (အမျိုးသားလွှတ်တော်ရုံး နေပြည်တော်) | ၁၀၀,၀၀၀ |
| | ၉-၉-၂၀၂၁ | ၅၇,၈၀၀,၀၀၀ |
| ၁ | မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များအသင်း (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၂ | ဒေါ်ညိုညိုစိန်(နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၃ | ဦးလှမြင့်ရွှေ(MD)+ ဒေါ်အေးမြတ်မွန်(Dy MD) မနုတောမြင့်မြတ် ၊ မောင်အောင်ထက်နိုး မောင်သီဟမြင့်မြတ်နှင့် Company ဝန်ထမ်းများမိသားစု နှင့် Company ဝန်ထမ်းများ (UNITED PACIFIC CO.,LTD) | ၅၀,၀၀၀,၀၀၀ |
| ၄ | မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း Myanmar Plastic Industries Association | ၅,၀၀၀,၀၀၀ |
| ၅ | ဦးသိန်းဟန်(Patron Myanmar Plastic Industries Association ) Tokyo Pipe | ၇၀၀,၀၀၀ |
| ၆ | ဦးထွန်း(Chairman - Myanmar Plastic Industries Association ) 555 Tun Co.,Ltd | ၁၀၀,၀၀၀ |
| ၇ | ဦးကြင်ဦး(Vice -Chairman -1- Myanmar Plastic Industries Association ) Popular Plastic Group Co.,Ltd | ၅၀၀,၀၀၀ |
| ၈ | ဦးလှဝင်း(Vice- Chairman - 2- Myanmar Plastic Industries Association ) Lucky Bag Plastic & Swallow Plastic Co.,Ltd | ၅၀၀,၀၀၀ |
| ၉ | ဒေါက်တာထင်ကျော်(Secretary General- Myanmar Plastic Industries Association ) Yee Yee Tun Int'l Co.,Ltd | ၁၀၀,၀၀၀ |
| ၁၀ | ဦးကျော်ဝင်း(Joint- Secretary - 2- Myanmar Plastic Industries Association ) Interact Int'L Co.,Ltd | ၁၀၀,၀၀၀ |
| ၁၁ | ဦးမြင့်စိ (Joint -Secretary - 3 Myanmar Plastic Industries Association ) Daw Mya Thein & Sons Plastic | ၂၀၀,၀၀၀ |
| ၁၂ | ဦးကျော်စွာမြင့် (Joint - Secretary - 4 Myanmar Plastic Industries Association ) Flying Shuttle Int'l Co.,ltd | ၂၀၀,၀၀၀ |
| ၁၃ | ဦးဝင်းဆွေနိုင်(Joint - Secretary - 5 Myanmar Plastic Industries Association ) Center Point Co.,Ltd | ၂၀၀,၀၀၀ |
| ၁၄ | ဦးရွှေလွင်(Finance - Myanmar Plastic Industries Association ) Unisan Plastic Factory Co.,Ltd | ၂၀၀,၀၀၀ |
| ၁၅ | ဦးမြင့်ဆွေ(Auditor - Myanmar Plastic Industries Association ) U.M.H Co.,Ltd | ၂၀၀,၀၀၀ |
| ၁၆ | ဦးမီ(Central Executive Committee - Myanmar Plastic Industries Association ) Shwe Mi Industrial Co.,Ltd | ၂၀၀,၀၀၀ |
| ၁၇ | ဦးကျော်မြင့်(Central Executive Committee - Myanmar Plastic Industries Association ) TPBI & Myanmar Star Co.,Ltd | ၂၀၀,၀၀၀ |
| ၁၈ | ဦးသန်းဆောင်(Central Executive Committee - Myanmar Plastic Industries Association ) Royal Hein Co.,Ltd | ၂၀၀,၀၀၀ |
| ၁၉ | ဒေါက်တာမောင်မောင်အေး(Central Executive Committee - Myanmar Plastic Industries Association ) Kian Ho Co.,Ltd | ၂၀၀,၀၀၀ |
| ၂၀ | ဦးရန်ဝင်း(Central Executive Committee - Myanmar Plastic Industries Association ) First Top Plastics & Chemical Co.,Ltd | ၂၀၀,၀၀၀ |
| ၂၁ | ဒေါက်တာကျော်လွန်လွင်(Central Executive Committee - Myanmar Plastic Industries Association ) HK Plastic | ၁၀၀,၀၀၀ |
| ၂၂ | ဦးမြင့်သိန်း(Central Executive Committee - Myanmar Plastic Industries Association ) Aung Gabar Co.,Ltd | ၂၀၀,၀၀၀ |
| ၂၃ | ဦးချစ်ဦး(Central Executive Committee - Myanmar Plastic Industries Association ) Active Asia Co., Plastic Trading | ၂၀၀,၀၀၀ |
| ၂၄ | ဦးထင်ကျော်(Executive Committee - Myanmar Plastic Industries Association ) Main Stream Trading Co.,Ltd | ၂၀၀,၀၀၀ |
| ၂၅ | ဦးစိုးဝင်း(Executive Committee - Myanmar Plastic Industries Association ) New Life Plastic | ၁၀၀,၀၀၀ |
| ၂၆ | ဒေါ်နှင်းသဲဝင်း(Executive Committee - Myanmar Plastic Industries Association ) Han Su Co.,Ltd | ၅၀၀,၀၀၀ |
| ၂၇ | ဦးရွှေဝင်း(Member- Myanmar Plastic Industries Association) Pan Zapel Phyu Plastic Co.,Ltd | ၁၀၀,၀၀၀ |
| ၂၈ | ဦးမြင့်ဝင်းနိုင်(Member- Myanmar Plastic Industries Association) Grand Lion Co.,Ltd | ၁၀၀,၀၀၀ |
| ၂၉ | ဦးစော်စော်ဝင်း(Member- Myanmar Plastic Industries Association) Cherry Packaging | ၂၀၀,၀၀၀ |
| ၃၀ | ဦးမင်းဆောင်(Member- Myanmar Plastic Industries Association) Gannamar Plastic | ၅၀၀,၀၀၀ |
| ၃၁ | ဒေါ်စန္ဒီ(Member- Myanmar Plastic Industries Association) Angel Plastic | ၅၀၀,၀၀၀ |
| ၃၂ | ဦးစောအေးဝင်းမြိုင်(Member- Myanmar Plastic Industries Association) Green World PP Woven | ၂၀၀,၀၀၀ |

စာမျက်နှာ ၁၉ သို့ ❍

# စက်တင်ဘာ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၀၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်းၵ်ိသာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄၄,၈၁၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၁၀၂) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၉၀၇,၁၇၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၂၇,၅၁၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၅၉၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၇၅,၈၁၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈၈) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၃၅၃) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇,၂၄၆)ခု | (၁၂၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၈)ခု | (၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀၃)ခု | (၄၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၆)ခု | (၁၅)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၈)ခု | (၁၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၁၄)ခု | (၂၄၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၈၆၅)ခု | (၁,၆၅၁)ဦး |
| စုစုပေါင်း | (၄၄,၈၁၈)ခု | (၂,၁၀၂)ဦး |

❍ စာမျက်နှာ ၁၈ မှ

| | | |
|---|---|---|
| ၃၃ | ဒေါ်ခင်ဖေဖော်ထွေး(Member- Myanmar Plastic Industries Association) | ၂၀၀,၀၀၀ |
| | Nan Tha Zin Trading | |
| ၃၄ | ဒေါ်ရွှေရွှေမာ(Member- Myanmar Plastic Industries Association) | ၂၀၀,၀၀၀ |
| | Myanmar Star Light Export - Import Co.,Ltd | |
| ၃၅ | ဦးဝင်းဦး(Member- Myanmar Plastic Industries Association) | ၂၀၀,၀၀၀ |
| | Sein Hin Thar Recycle Plastic | |
| ၃၆ | ဦးကျော်စိုးလွင်(Member- Myanmar Plastic Industries Association) | ၂၀၀,၀၀၀ |
| | 333 Recycle Plastic | |
| ၃၇ | ဦးဆန်းငြိမ်း(Member- Myanmar Plastic Industries Association) | ၂၀၀,၀၀၀ |
| | Kabar Kyaw Trading Co.,Ltd | |
| ၃၈ | Yunn Thinzar(ဂျူးလီ) | ၁၀၀,၀၀၀ |
| ၃၉ | ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း | ၃၀၀,၀၀၀ |
| ၄၀ | ဦးဇော်လှ+ဒေါ်မြင့်မြင့် (SUPER FORCE COMPANY) | ၁၀၀,၀၀၀ |
| ၄၁ | ကော့သောင်းခရိုင်ဆန်စပါးလုပ်ငန်းရှင်များအသင်း | ၁၀၀,၀၀၀ |
| ၄၂ | ကော့သောင်းခရိုင်ဆေးဆိုင်လုပ်ငန်းရှင်များအသင်း | ၂၀၀,၀၀၀ |
| ၄၃ | ဒေါ်ချိုချိုသက် သမီး မယွန်းလဲ့ပြည့်လွင်၊ မိသားစု | ၁၀၀,၀၀၀ |
| ၄၄ | ဦးဇော်အေး မိသားစု (ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်) | ၁,၀၀၀,၀၀၀ |
| | (ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း) | |
| ၄၅ | ဦးဇော်ဝင်းရှိန် + ဒေါ်ရွှေယမင်းမာ (A Bank) | ၅၀၀,၀၀၀ |
| ၄၆ | ဦးနေနိုင်ထွေး + ဒေါ်ဆွေဇင်ငြိမ်း သား-သုနေနိုင်ထွေး (မောရိုယာမိသားစု) | ၅၀၀,၀၀၀ |
| ၄၇ | ဦးစော်စော် + ဒေါ်ငွေငွေမိုင် သမီး-အိမ့်မှူးစော်၊ သား-ရဲမာန်စော် | ၁,၀၀၀,၀၀၀ |
| | Max Myanmar Holding Co,ltd | |
| ၄၈ | Ma Za Ra | ၁၀၀,၀၀၀ |
| ၄၉ | Ma Fang Fang | ၁၀၀,၀၀၀ |
| ၅၀ | ဦးဆန်းလင်း+ဒေါ်ရီရွှန်းစိုးဝင်း၊ သား ဖုန်းမြတ်လင်း၊ ကောင်းမြတ်လင်း | ၁,၀၀၀,၀၀၀ |
| | Super Seven Stars Group Co.,Ltd | |
| ၅၁ | မကွေးတိုင်း ကုန်သည်များအသင်းနှင့် အသင်းသူအသင်းသားများ | ၁၆,၃၆၀,၀၀၀ |
| | | |
| | (၆-၉-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၈၆,၇၆၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ် –၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ

**ကိုဗစ် –၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

**အရင်အပတ်က Unit 3 Lesson 4 : My favourite room အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson : 1 Talking about your family and free time အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Unit 4 Lesson : 1 Talking about your family and free time

- Words that go with go, do, play
- Talking about hobbies and families

ဒီသင်ခန်းစာမှာ go, do, play တို့နဲ့တွဲဖက်အသုံးပြုရတဲ့ လုပ်ဆောင်ချက်တွေကို ရှင်းပြသွားပါမယ်။

အားကစားနဲ့ အခြားလုပ်ဆောင်ချက်တွေကို ရေးသားတဲ့အခါ go, do, play တို့ကို အသုံးပြုရပါတယ်။ စကိတ်စီးတယ်ဆိုရင် **go skating** ကိုသုံးရတယ်။ ကရာတေးကစားတယ်ဆိုရင် **do karate** ကိုသုံးပြီးတော့ တင်းနစ်ကစားတယ်ဆိုရင် **play tennis** ကိုသုံးရပါတယ်။ ဒီလိုအသုံးအနှုန်းကွဲပြားမှုတွေရှိတယ်ဆိုတာ သတိပြုရပါမယ်။ ဒါကြောင့် go, do, play တို့နဲ့တွဲသုံးတဲ့ အသုံးအနှုန်းတွေကို အလွတ်ကျက်မှတ်ထားပါ။

### Go + Ving (activities)

Go ကို Ving နဲ့ အဆုံးသတ်တဲ့ လုပ်ဆောင်ချက်တွေနဲ့တွဲဖက်အသုံးပြုပါတယ်။

| | |
|---|---|
| go riding | စက်ဘီးစီး |
| go fishing | ငါးမျှား |
| go skiing | နှင်းလျှောစီး |
| go sailing | ရွက်လှေစီး |
| go windsurfing | ရေလှိုင်းစီး |
| go snowboarding | နှင်းလျှောစီး |
| go swimming | ရေကူး |
| go dancing | ကခုန်ခြင်း |
| go cycling | စက်ဘီးစီးခြင်း |
| go running | ပြေးခြင်း |

### Do + sports

do ကို အသင်းအဖွဲ့မဟုတ်ဘဲ တစ်ဦးတည်း တစ်ယောက်တည်း ကစားရတဲ့အားကစားမျိုး၊ ဘောလုံးမသုံးဘဲ ကစားရတဲ့အားကစားအမျိုးအစားတွေနဲ့ တွဲဖက်အသုံးပြုပါတယ်။ ဥပမာပြောရင် ဉာဏ်စမ်းကစားနည်း၊ ပြေးခုန်ပစ်အားကစား၊ ကရာတေး၊ သိုင်း စသည်ပေါ့။

| | |
|---|---|
| do aerobics | အေရိုးဗစ် (ကိုယ်လက်လှုပ်ရှားအားကစား) |
| do gymnastics | ကျွမ်းဘား |
| do taekwondo | တိုက်ကွန်ဒို |
| do judo | ဂျူဒို |
| do karate | ကရာတေး |
| do kung-fu | ကွန်ဖူး |
| do ballet | ဘဲလေးအက |
| do exercise | လေ့ကျင့်ခန်း |
| do yoga | ယောဂ |
| do athletics | ပြေးခုန်ပစ်အားကစား |
| do archery | မြားပစ် |
| do a crossword puzzle | ဉာဏ်စမ်းကစားနည်း |
| do tai chi | ထိုက်ချီသိုင်းကစားနည်း |

### play + sports

play ကို အသင်းအဖွဲ့နဲ့ ကစားတဲ့အားကစားတွေ၊ ဘောလုံးလိုမျိုး အခြားပစ္စည်းတစ်ခုခုကို အသုံးပြုပြီးကစားရတဲ့အားကစားနည်းတွေနဲ့တွဲဖက်အသုံးပြုပါတယ်။ ဥပမာ ဘောလုံး၊ ရေခဲပြင်ဟော်ကီ စသည်ဖြင့်ပေါ့။

| | |
|---|---|
| play badminton | ကြက်တောင်ရိုက် |
| play table tennis | စားပွဲတင်တင်းနစ် |
| play football | ဘောလုံး |
| play basketball | ဘတ်စ်ကတ်ဘော |
| play volleyball | ဘော်လီဘော |
| play chess | စစ်တုရင် |
| play cricket | ခရစ်ကတ် |
| play snooker | စနူကာ |
| play hockey | ဟော်ကီ |
| play baseball | ဘေ့စ်ဘော |
| play rugby | ရတ်ဂ်ျဘီ |
| play squash | ဘောလုံးရိုက်အားကစား |

**လေ့ကျင့်ခန်း**

**(၁) ပေးထားသောပုံများကိုကြည့်ပြီး အင်္ဂလိပ်လိုရေးပါ။**


1. go fishing


2.--------------


3.--------------


4.--------------


5.--------------


6.--------------


7.--------------


8.--------------


9.--------------

**(၂) အောက်ပါတို့ကို မြန်မာလိုရေးပါ။**

၁။ Hello, my name is Ko Ko. My parents are U Khin Maung and Daw Nan Khin. I like playing football. My father's hobbies are listening to the radio and travelling. My mother loves going shopping.

၁။ ____________________________________________

____________________________________________

____________

၂။ Hi, I'm Min Thu. My parents are U Ba and Daw Mu. I have one sister and one brother. I am the youngest. My father and my sister like playing piano and my mother loves watching movies. My brother and I love travelling and listening to music.

၂။ ____________________________________________

____________________________________________

____________

****************

**(လာမည့်အပတ်တွင် Lesson 2 : A happy family အကြောင်းဖော်ပြပါမည်)**

## Grade 7 (စနစ်သစ်)

**အရင်အပတ်က Unit 3 Lesson 1 : At the clothes shop (အင်္ကျီဆိုင်မှာ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ ဈေးဝယ်သူနဲ့ အရောင်းစာရေးတို့ရဲ့ စကားပြောဆိုပုံများကို လေ့ကျင့်ခန်းများ ဖော်ပြသွားမှာဖြစ်ပါတယ်။**

**(ယခင်အပတ်မှ အဆက်)**

### Unit 3 Lesson 1 : At the clothes shop (အင်္ကျီဆိုင်မှာ)

**လေ့ကျင့်ခန်း**

**(၁) အောက်ပါစကားပြောပုံစံများကို အင်္ဂလိပ်လိုရေးပါ။**

**စကားပြော (၁)**



အရောင်းစာရေး - မင်္ဂလာပါ။ ဘာများကူညီပေးရမလဲ ခင်ဗျာ။
ဝယ်သူ - ကျွန်တော် ရှပ်အင်္ကျီလိုချင်လို့ပါ။ ခင်ဗျားတို့ဆီမှာ ရောင်းသလား။
အရောင်းစာရေး - ဟုတ်ကဲ့။ ရှိပါတယ်။ လက်တိုယူမှာလား။ လက်ရှည်ယူမှာလား။ (long/short sleeve shirt)
ဝယ်သူ - လက်ရှည်လိုချင်ပါတယ်။
အရောင်းစာရေး - ဒီမှာကြည့်ပါ။ ဘယ်အဆင်ကြိုက်ပါသလဲ။
ဝယ်သူ - ဒီအဆင်လေးကြိုက်ပါတယ်။ ဈေးက ဘယ်လောက်လဲ။
အရောင်းစာရေး - ၁၂၀၀၀ ကျပ်ပါခင်ဗျာ။
ဝယ်သူ - ကောင်းပါပြီ။ ဒါလေး ယူလိုက်ပါမယ်။
အရောင်းစာရေး - ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**စကားပြော (၂)**



အရောင်းစာရေး - မင်္ဂလာပါ။ ဘာများလိုချင်ပါသလဲ ခင်ဗျာ။
ဝယ်သူ - ဦးထုပ်တစ်လုံးလောက် လိုချင်ပါတယ်။
အရောင်းစာရေး - ဟုတ်ကဲ့။ ရှိပါတယ်။ ရော့ ဒီမှာပါ။
ဝယ်သူ - ဒီလို ဒီဇိုင်းမျိုးကို အနီရောင်ရှိပါသလား။
အရောင်းစာရေး - ဟုတ်ကဲ့။ ရှိပါတယ်။
ဝယ်သူ - ကျွန်တော် ဝတ်ကြည့်လို့ရမလား။
အရောင်းစာရေး - ဟုတ်ကဲ့။ ရပါတယ်။
ဝယ်သူ - ဈေးက ဘယ်လောက်လဲခင်ဗျာ။
အရောင်းစာရေး - ၃၅၀၀ ကျပ်ပါ ခင်ဗျာ။
ဝယ်သူ - ဟုတ်ကဲ့။ ဒါလေး ယူပါမယ်။
အရောင်းစာရေး - ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ပါနော်။ သူငယ်ချင်းတွေလည်း ခေါ်လာခဲ့ပါ။ (come again and bring your friends)

**စကားပြော (၃)**

ဝယ်သူ - တစ်ဆိတ်လောက်။ ဒီမှာ ဂျက်ကတ်တွေရှိလား။
အရောင်းစာရေး - ဟုတ်ကဲ့ရှိပါတယ်။ အပြာရောင်၊ ခဲရောင်နဲ့ အနီရောင်တွေ ရှိပါတယ်။
ဝယ်သူ - အပြာရောင်လေးက လှလိုက်တာ။ ဝတ်ကြည့်လို့ရမလား။
အရောင်းစာရေး - ဟုတ်ကဲ့ ရပါတယ်။ အဝတ်လဲခန်းက ဟိုမှာပါ။
ဝယ်သူ - ဘယ်လိုနေလဲ။ ကျွန်တော်နဲ့လိုက်ရဲ့လား။
အရောင်းစာရေး - ခင်ဗျားနဲ့ တော်တော်လိုက်ပါတယ်။
ဝယ်သူ - တကယ်လား။ ဒါဘယ်လောက်တဲ့လဲ။
အရောင်းစာရေး - ဒါက ၃၅၀၀၀ ကျပ်ပါ။
ဝယ်သူ - ဈေးကြီးလိုက်တာ။ ၂၅၀၀၀ ကျပ်ထားလိုက်ပါ။
အရောင်းစာရေး - ၃၀၀၀၀ ကျပ်ရပါမယ်။
ဝယ်သူ - ကောင်းပြီ။ ဒါလေးယူလိုက်မယ်။

**စကားပြော (၄)**



အရောင်းစာရေး - ဘာကူညီပေးရမလဲ ခင်ဗျာ။
ဝယ်သူ - ဟုတ်ကဲ့။ ကျေးဇူးပြုပြီး ကျွန်တော် ဆွယ်တာတစ်ထည်လောက်လိုချင်လို့ပါ။
အရောင်းစာရေး - ဝတ်ကြည့်ချင်သလား။ အဝတ်လဲခန်းက ဟိုဘက်နားမှာပါ။
ဝယ်သူ - ဒါက ကျွန်တော်နဲ့ နည်းနည်းကျပ်နေတယ်။
အရောင်းစာရေး - ဒီဟာလေးဆိုရင်ရော။
ဝယ်သူ - ဒါလေးက အတော်ပဲ။ ဈေးက ဘယ်လောက်လဲ။
အရောင်းစာရေး - ၁၅၀၀၀ ကျပ်ပါ။
ဝယ်သူ - အိုး များလိုက်တာ။ ၁၀၀၀၀ ကျပ်အတိမရဘူးလား။
အရောင်းစာရေး - ဒါရောင်းဈေးပါ။
ဝယ်သူ - ကောင်းပါပြီ။ မယူတော့ပါဘူး။ ကျေးဇူးတင်ပါတယ်။

******************

**(လာမည့်အပတ်တွင် အဖြေများဖော်ပြပါမည်)**

## Grade 8 (စနစ်ဟောင်း)

**ယခင်အပတ်က Active Voice မှ Passive Voice ပြောင်းရေးနည်း အခြေခံသဘောကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Simple Present Tense ကိုသုံးပြီး ဝါကျပေါင်းစုံ A.V မှ P.V ပြောင်းရေးနည်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

**(ယခင်အပတ်မှ အဆက်)**

**Simple Present Tense**

| | |
|---|---|
| Active Voice ပုံစံ | – V1 |
| Passive Voice ပုံစံ | – am, is, are + V3 |

### Positive Sentence (ရိုးရိုးဝါကျ)

(A.V) Ma Ma **cooks** the rice.

(P.V) The rice _______________.

ဒီဝါကျမှာ **Ma Ma** က **Subject** ဖြစ်ပြီး **the rice** က **Object** ဖြစ်ပါတယ်။ **Verb (ကြိယာ)**က cooks. ဖြစ်ပါတယ်။ **Active Voice** ကနေ **Passive Voice** မပြောင်းရေးခင် ဝါကျကို **Subject, Verb, Object** ခွဲခြားတတ်ဖို့ လိုပါတယ်။ ဝါကျတစ်ကြောင်းဟာ **Active Voice** နဲ့ရေးထားတာလား ဒါမှမဟုတ် **Passive Voice** နဲ့ ရေးထားတာလားဆိုတာ သိဖို့အတွက် **Verb (ကြိယာ)**ကို ကြည့်ရပါတယ်။ သားတို့ သမီးတို့ ကျက်မှတ်ထားတဲ့ **Active – Passive Forms** တွေအတိုင်းပဲ **Verb** ဟာ **V1** ဆိုရင် **A.V** ဖြစ်ပြီးတော့ **am, is, are + V3** ဆိုရင် ဝါကျဟာ **Passive** ပုံစံနဲ့ရေးထားတယ်လို့ သိထားရပါမယ်။ ဒါကြောင့် **Object** ဖြစ်တဲ့ the rice ကို **P.V** ပြောင်းရေးတဲ့အခါ ဝါကျအရှေ့ကို ပို့လိုက်ပါ။ ပြီးရင် Verb (ကြိယာ)ကို **P.V** ပုံစံပြောင်းရေးပါ။ **A.V** ဝါကျရဲ့ **Subject** က တိကျမှုရှိရင် **P.V** ပြောင်းတဲ့အခါ **by** ခံရေးပါ။ ဒီတော့ အဖြေက The rice is cooked by Ma Ma. ဆိုပြီးဖြစ်သွားပါတယ်။

(A.V) Ma Ma **cooks** the rice. (မမက ထမင်းကို ချက်တယ်။)
**(ပြုလုပ်သူဦးစားပေး A.V)**

(P.V) The rice **is cooked** by Ma Ma. (ထမင်းကို မမ ချက်တယ်။)
**(ခံရသူဦးစားပေး P.V)**

### Negative Sentence (အငြင်းဝါကျ)

(A.V) Ma Ma **does not cook** the rice.

(P.V) The rice __________________ .

ဒီဝါကျက **Negative** အငြင်းဝါကျဖြစ်ပါတယ်။ အထက်မှာပြောခဲ့တဲ့အတိုင်းပဲ **Subject, Verb, Object** ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် **Ma Ma** က **Subject** ဖြစ်ပြီးတော့ **the rice** က **Object** ဖြစ်ပါတယ်။ **does not cook** က **Verb** ဖြစ်ပါတယ်။ **does not cook** ဆိုတာ **V1** ကို အငြင်းပြောင်းရေးထားတာပါ။ **Subject (အနည်း)** ဖြစ်လို့ **does not** သုံးထားတာ။ Subject (အများ) ဆိုရင် **do not** ကို သုံးရမှာပါ။ အဲဒီတော့ **Verb** က **V1** ဖြစ်နေတယ်။ ဆရာတို့ **P.V** ပြောင်းရေးမယ်ဆိုရင် **Object** ဖြစ်တဲ့ **the rice** ကို ဝါကျရှေ့ပို့ပါ။ **V1** ရဲ့ **P.V** ပုံစံက **am, is, are + V3** ဖြစ်ပါတယ်။ **The rice** က အနည်းကိန်းဖြစ်တဲ့အတွက် **am, is, are** ထဲက **is** ကို ရွေးချယ်ပေးရပါမယ်။ အငြင်းဝါကျဖြစ်တဲ့အတွက် **is** ရဲ့ အနောက်မှာ **not** ပြန်ထည့်ရေးရပါတယ်။ ပေးထားတဲ့ဝါကျက **Positive** ဆိုရင် **Passive Voice** ပြောင်းရေးရင်လည်း **Positive** ပဲပြန် ရေး၊ ပေးထားတာ **Negative** ဆိုရင် **P.V** ရေးရင်လည်း **Negative** ပုံစံ ပြန်ရေးပေးရပါတယ်။ ပြီးတော့ **V3** ပုံစံက cooked ပဲဖြစ်ပါတယ်။ **Subject Ma Ma** က ကိုယ်ပိုင်နာမည် တိကျမှုရှိတဲ့အတွက် by ခံရေးရပါမယ်။ ဒါကြောင့် အဖြေက The rice <u>is not cooked</u> by Ma Ma. ဆိုပြီး ဖြစ်သွားပါတယ်။

(A.V) Ma Ma **does not cook** the rice. (မမ ထမင်း မချက်ပါ။)
**(Subject ဦးစားပေး A.V)**

(P.V) The rice **is not cooked** by Ma Ma. (ထမင်းကို မမ မချက်ပါ။)
**(Object ဦးစားပေး P.V)**

### Positive Question (ရိုးရိုးမေးခွန်း)

(A.V) Does Ma Ma **cook** the rice? (မမ ထမင်းချက်သလား။)

(P.V) Is ____________________? (ထမင်းကို မမ ချက်သလား။)

ဒီဝါကျက **Does** အကူကြိယာကို ရှေ့ထုတ်ထားတဲ့အတွက် **Question** မေးခွန်းဝါကျဖြစ်ပါတယ်။ ဝါကျကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် **Does** က အကူကြိယာဖြစ်ပြီး **Ma Ma** က **Subject** ဖြစ်ပါတယ်။ **cook** က **Main Verb** ဖြစ်ပြီး the rice က **Object** ဖြစ်ပါတယ်။ **Does Ma Ma cook** ပုံစံကို မူလရိုးရိုးဝါကျပုံစံ မြင်ကြည့်မယ်ဆိုရင် **Ma Ma cooks** ဖြစ်ပါတယ်။ မေးခွန်းဖြစ်လို့ **Does** အကူကြိယာကို ရှေ့ထုတ်ရေးထားတာပါ။ အဲဒီတော့ **V1** ပုံစံပဲပေါ့။ ဆရာတို့က ဒီလိုမေးခွန်းဝါကျတွေကို Passive Voice ပြောင်းရေးမယ်ဆိုရင် အရင်ဆုံး ရိုးရိုးဝါကျပုံစံကို ပြန်စဉ်းစားကြည့်ပါ။ **Does Ma Ma cook the rice?** ရဲ့ရိုးရိုးပုံစံက **Ma Ma cooks the rice.** ဖြစ်ပါတယ်။ ဒါကြောင့် The rice ကို ရှေ့ပို့ပါ။ **am, is, are** ထဲက is ကိုရွေးချယ်ပါ။ **V3** ပြောင်းရေးပါ။ **The rice is cooked by Ma Ma.** ဆိုပြီးဖြစ်သွားပါတယ်။ ဒီဝါကျက **Positive** ရိုးရိုးဝါကျရဲ့ **Passive Voice** ပုံစံပဲရှိသေးတယ်။ ဆရာတို့ပြောင်းရေးရမယ့် ဝါကျက **Question** မေးခွန်းဝါကျဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ **Passive Voice** ရိုးရိုးဝါကျကို မေးခွန်းပုံစံပြောင်းပေးရမယ်။ မေးခွန်းပုံစံပြောင်းရင် ဝါကျမှာပါတဲ့ အကူကြိယာတွေကို ဝါကျအရှေ့ကို ထုတ်ရေးလိုက်ပါ။ ဒါဆို မေးခွန်းပုံစံဖြစ်သွားပါလိမ့်မယ်။ အခုဝါကျမှာ **is** က အကူကြိယာ ဖြစ်ပါတယ်။ ဒါကြောင့် **is** ကို ဝါကျအရှေ့ထုတ်ရေးရမှာဖြစ်ပါတယ်။ ဒီတော့ အဖြေက **Is the rice cooked by Ma Ma?** ဆိုပြီး အဖြေရပါတယ်။

### Negative Question (အငြင်းအမေး)

(A.V) Doesn't Ma Ma cook the rice? (မမ ထမင်းမချက်ဘူးလား။)

(P.V) Isn't ____________________? (ထမင်းကို မမ မချက်ဘူးလား။)

ဒီဝါကျက **Negative Question** အငြင်းအမေးဝါကျဖြစ်ပါတယ်။ အထက်မှာပြောခဲ့တဲ့ **Question** ဝါကျနဲ့ ပြောင်းရေးပုံအတူတူပဲဖြစ်ပါတယ်။ အငြင်းဖြစ်တဲ့အတွက် **not** ထည့်ပေးရတာပါ။ ဒါကြောင့် အဖြေက **Isn't the rice cooked by Ma Ma?** ဆိုပြီးရပါတယ်။

### Wh..question

(A.V) Who cooks the rice? (ဘယ်သူက ထမင်းကို ချက်သလဲ။)

(P.V) By whom _______________? (ထမင်းကို ဘယ်သူချက်သလဲ။)

ဒီဝါကျက **Who** နဲ့မေးထားတဲ့ **Question** မေးခွန်းဝါကျဖြစ်ပါတယ်။ ဝါကျကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် **Who** က **Subject**၊ **cooks** က **Verb** ဖြစ်ပြီးတော့ the rice က **Object** ဖြစ်ပါတယ်။ ဒီမေးခွန်းကို **Passive Voice** ပြောင်းရေးတော့မယ်ဆိုရင် **Who** နေရာမှာ တစ်ယောက်ယောက်ကို အစားထိုးသွင်းကြည့်ပါ။ ဥပမာ မမ ပေါ့။ ဒါဆို ဝါကျပုံစံက **Ma Ma cooks the rice.** ဖြစ်သွားပါပြီ။ ရိုးရိုးဝါကျပုံစံကို **Passive Voice** ပုံစံ အရင်ဆုံးပြောင်းရေးကြည့်ပါ။ **The rice is cooked <u>by Ma Ma.</u>** ဆိုပြီး ဖြစ်သွားပါတယ်။ ဒီတော့မှ **by Ma Ma** နေရာမှာ **Who** ကို ပြန်ပြီး အစားသွင်းကြည့်လိုက်ပါ။ **by who** ဆိုပြီးဖြစ်သွားတယ်။ **by** က **preposition (ဝိဘတ်)** ဖြစ်ပါတယ်။ **preposition (ဝိဘတ်)**တွေရဲ့ အနောက်မှာ ဘယ်တော့မှ **Subject** ပုံစံမလိုက်ပါဘူး။ **Object** ပုံစံပဲ လိုက်ရပါတယ်။ ဒါကြောင့် **by who** ပုံစံကို **by whom** ဆိုပြီး ပြောင်းပေးရပါတယ်။ မေးခွန်းဝါကျဖြစ်တဲ့အတွက် **by whom** တစ်တွဲလုံးကို ဝါကျအရှေ့ကို ပို့လိုက်ပါ။ မေးခွန်းဖြစ်တဲ့အတွက် အကူကြိယာ is ကို အရှေ့ပို့ပေးရပါတယ်။ ဒီတော့ **By whom is the rice cooked?** ဆိုပြီး ရသွားပါတယ်။ **<u>(အလွယ်မှတ်ရင် Who နဲ့မေးရင် By whom နဲ့ဖြေရတယ်လို့ မှတ်ထားလိုက်ပါ။)</u>**

**(ဆက်လက်ဖော်ပြပါမည်)**

## Grade 9 (စနစ်ဟောင်း)

**အရင်အပတ်က Verb Form (မေးခွန်းဖြေဆိုနည်း)တွေကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာလည်း Verb Form မေးခွန်းဖြေဆိုနည်းတွေကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။**

**(ယခင်အပတ်မှ အဆက်)**

### (၃) Subject Verb agreement သတိပြုပါ။

ဝါကျတစ်ကြောင်းရေးဖွဲ့တဲ့အခါ ဘယ်ကာလနဲ့ပဲရေးရေး Subject Verb အနည်း၊ အများကို ညှိရေးဖို့လိုပါတယ်။ Subject နည်းရင် Verb နည်းမယ်။ Subject များရင် Verb များမယ်။

### (၄) V1 လိုက်သည့်နေရာများ

*do, does, did, can, could, will, would, shall, should, may, might, must, to တို့ရဲ့အနောက်မှာ V1 (infinitive) မူလကြိယာသဏ္ဍာန် လိုက်ပါတယ်။

ဒ့ါအပြင် ခိုင်းစေတဲ့ဝါကျအစမှာလည်း V1 လိုက်ပါတယ်။ Please, Kindly, had better, had rather တို့ရဲ့အနောက်မှာလည်း V1 လိုက်ပါတယ်။

*let, make, see, hear, watch + Object ရဲ့အနောက်မှာလည်း V1 လိုက်ပါတယ်။

(၁) let + Object + V1 = ခွင့်ပြုသည်။

ဥပမာ။ Father lets me go shopping.
(ဖေဖေက ကျွန်တော့်ကို ဈေးဝယ်ထွက်ခွင့်ပြုတယ်။)

(၂) make + Object + V1 = ခိုင်းသည်။ ဖြစ်စေသည်။

ဥပမာ။ Mother makes me buy ngapi.
(မေမေက ကျွန်တော့်ကို ငါးပိဝယ်ခိုင်းတယ်။)

(၃) see + Object + V1 = မြင်သည်။

ဥပမာ။ I saw the children <u>swim</u> in the lake.
(ရေကန်ထဲမှာ ကလေးတွေ ရေကူးနေတာကို ကျွန်တော် မြင်ခဲ့တယ်။) (လုပ်ရပ်ကို အစမှအဆုံးမြင်ခြင်းကို ဆိုလိုတယ်။)

ဥပမာ။ I saw the children <u>swimming</u> in the lake.
(ရေကန်ထဲမှာ ကလေးတွေ ရေကူးနေတာကို ကျွန်တော်မြင်ခဲ့တယ်။) (လုပ်ရပ်ကို ခဏတာ အခိုက်အတန့်မျှသာမြင်ခြင်းကို ဆိုလိုတယ်။)

(၄) hear + Object + V1 = ကြားသည်။

ဥပမာ။ I heard the baby cry.
(ကလေးငိုသံကို ငါကြားခဲ့တယ်။)

(၅) watch + Object + V1 = စောင့်ကြည့်သည်။

ဥပမာ။ I watched them play football.
(သူတို့ ဘောလုံးကစားတာကို ငါကြည့်ခဲ့တယ်။)

### (၅) Ving လိုက်သည့်နေရာများ

* stop, continue, carry on, keep on, go on, enjoy, love, like, dislike, finish တို့ရဲ့အနောက်မှာ Ving ပုံစံလိုက်ပါတယ်။

* see, hear, watch, feel, find, keep + Object ရဲ့အနောက်မှာလည်း Ving လိုက်ပါတယ်။

* After, before, on, my, our, your, his, her, their, its တို့ရဲ့အနောက်မှာလည်း Ving လိုက်ပါတယ်။

### (၆) Conditional Sentence (If) လျှင်

**Type (1) If V1 .., will V1… (… လျှင်.. …လိမ့်မည်)**

* ယခုပစ္စုပ္ပန်ကာလမှာ ဖြစ်ပျက်တဲ့အကြောင်းအရာ ကိစ္စတစ်ခုအပေါ် မူတည်ပြီး အနာဂတ်မှာ ဘာဖြစ်မယ်၊ မဖြစ်ဘူးစသည်ဖြင့် ပြောဆိုရေးသားရာတွင် Conditional Type (1) ကို သုံးရပါတယ်။

ဥပမာ (၁) သူတို့ ကြိုးစားရင် အနိုင်ရလိမ့်မယ်။
If they <u>try</u>, they <u>will win</u> the match.

(၂) မင်းစာကြိုးစားရင် စာမေးပွဲအောင်လိမ့်မယ်။
If you <u>try</u> hard, you <u>will pass</u> the exam.

(၃) သူလာရင် ငါတို့ သွားမယ်။
If he <u>comes</u>, we <u>will leave</u>.

**Type (2) If V2 …, would V1… (… လျှင် … လိမ့်မည်)**

- စိတ်ကူးယဉ်ရေးဖွဲ့တဲ့ဝါကျဖြစ်ပါတယ်။ မဖြစ်နိုင်တာကို တွေးတောပြီးပြောဆိုတဲ့အခါမှာ Conditional Type (2) ကို သုံးရပါတယ်။

ဥပမာ။ ငါသာ ငှက်ကလေးတစ်ကောင်ဆိုရင် မင်းဆီပျံသန်းလာမှာပေါ့။ (တကယ်တော့ ငါက လူတစ်ယောက်ပါ။ ငှက်မဖြစ်နိုင်ပါ။ စိတ်ကူးယဉ်ပြောဆိုခြင်းသာဖြစ်ပါတယ်။)

If I <u>were</u> a bird, I <u>would fly</u> to you. (ဒီဝါကျက unrealism မဟုတ်ဝါကျ ဖြစ်တဲ့အတွက် Subject က ဘာပဲဖြစ်ဖြစ် verb to be ရေးတဲ့အခါ were ကိုသာသုံးရပါတယ်။)

ဥပမာ။ ငါ့မှာသာ အတောင်ပံတွေရှိခဲ့မယ်ဆိုရင် မင်းဆီအချိန်မီလာမှာပေါ့။ (တကယ်တော့ ငါကလူတစ်ယောက်ပါ။ အတောင်ပံတွေ မရှိနိုင်ပါ။ စိတ်ကူးယဉ်ပြောဆိုခြင်းဖြစ်ပါတယ်။)

If I <u>had</u> wings, I <u>would come</u> to you in time.

ဥပမာ။ ငါသာ ဘုရင်တစ်ပါးဆိုရင် မင်းလည်း ဘုရင်မတစ်ပါးဖြစ်မှာပေါ့။ (တကယ်တော့ ငါက သာမန်လူတစ်ယောက်ပါ။ ဘုရင်တစ်ပါးမဖြစ်နိုင်ပါ။ စိတ်ကူးယဉ်ပြောဆိုခြင်းဖြစ်ပါတယ်။)

If I <u>were</u> a king, you <u>would be</u> a queen.

ဥပမာ။ ငါသာ မင်းဆိုရင် ဒီအလုပ်ကို လက်မခံဘူး။ (တကယ်တော့ ငါက မင်း မဟုတ်ဘူး။ စိတ်ကူးယဉ်သက်သက်ပြောတာ)

If I <u>were</u> you, I <u>would not accept</u> that job.

**Type (3) If had V3.., would have V3… (..လုပ်ခဲ့မယ်ဆိုရင်… ပြီးဖြစ်နေမှာပေါ့)**

- အတိတ်အချိန်မှာ ကိစ္စရပ်တစ်ခုကို လုပ်ဆောင်ဖို့ ပျက်ကွက်ခဲ့တယ်။ ဒါပေမယ့် အဲဒီကိစ္စရပ်ကို လုပ်ဆောင်ခဲ့မယ်ဆိုရင် အကျိုးရလဒ်တစ်ခုခုဖြစ်လိမ့်မယ်ဆိုပြီး ယခုပစ္စုပ္ပန်ကာလမှာ နောင်တရတဲ့သဘောနဲ့ ပြောဆိုရေးသားတဲ့အခါမှာ Conditional Type (3) ကို သုံးရပါတယ်။

ဥပမာ (၁) မင်းငါ့ဆီကို ဖုန်းဆက်ခဲ့မယ်ဆိုရင် ငါအချိန်မီအရောက်လာမှာပေါ့။ (တကယ်တော့ ဖုန်းမဆက်ထားတဲ့အတွက် အချိန်မီမရောက်နိုင်ခဲ့ဘူး။)

If you <u>had phoned</u> me, I <u>would have come</u> to you in time.

ဥပမာ (၂) မင်းသာ စာကြိုးစားခဲ့မယ်ဆိုရင် စာမေးပွဲအောင်ပြီးဖြစ်မှာပေါ့။ (တကယ်တော့ စာမကြိုးစားခဲ့တဲ့အတွက် စာမေးပွဲမအောင်ဘူး။)

If you <u>had tried</u> hard, you <u>would have passed</u> the exam.

ဥပမာ (၃) သူသာ စာမေးပွဲအောင်ပြီးဖြစ်ခဲ့မယ်ဆိုရင် သူ့အဖေ သူ့ကို စက်ဘီးအသစ်တစ်စီး ဝယ်ပေးပြီးဖြစ်နေမှာပေါ့။(တကယ်တော့ သူစာမေးပွဲမအောင်ခဲ့ဘူး။ စာမေးပွဲအောင်ခဲ့မယ်ဆိုရင်သဘောနဲ့ ပြောခြင်းဖြစ်ပါတယ်။)

If he <u>had passed</u> the exam, his father <u>would have bought</u> a new bike for him.

**(ဆက်လက်ဖော်ပြပါမည်)**

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အဖိုးတန်သော အိမ်သူမယ်သန့်

**ဦးဖိုးကျား**

ကျွန်ုပ်သည် နောက်သုံးနှစ်လောက်က ပုသိမ်မြို့သို့ ကျောင်းစစ်သွား၏။ နံနက်လမ်းလျှောက်စဉ် ရွှေမုဋ္ဌောစေတီအနီး၌ ရှေးက ကျွန်ုပ်၏ တပည့်ဟောင်းဖြစ်ဖူးသော မယ်သန့်ဆိုသော သူငယ်မကို တွေ့ရ၏။ ကျွန်ုပ်သည် အင်္ဂလိပ်ကျောင်းသို့ မဝင်ရောက်မီ ပုသိမ်နယ် အသုတ်ရွာ ဘုန်းတော်ကြီးကျောင်းတွင် မြန်မာကျောင်းဆရာ လုပ်နေဖူး၏။ ထိုကျောင်း၌ ဉာဏ်အတော်အတန် ကောင်း၍ လိမ္မာရေးခြားရှိပြီး ချက်ချာသော တပည့်မလေး တစ်ယောက်ကား ထိုမယ်သန့်ပင်တည်း။ ကျွန်ုပ် ထိုကျောင်းမှထွက်၍ အင်္ဂလိပ်ကျောင်းသို့ ပြောင်းသောအခါ မယ်သန့်မှာ ခုနစ်တန်းတွင် ကျန်ရစ်၏။ ထိုကစ၍ ကွဲခဲ့သည်မှာ ၁၅ နှစ်၊ အနှစ် ၂၀ ခန့် ကြာလေပြီ။

ယခုတွေ့သောအခါ မယ်သန့်မှာ ခုနစ်တန်းနှင့် ဆရာဖြစ်အောင်ပြီးနောက် ပုသိမ်မြို့ မြန်မာကျောင်းတစ်ခုတွင် ဆရာမအလုပ်ရကြောင်း၊ နောက်မကြာမီ ကျောင်းဆရာတစ်ယောက်နှင့် အိမ်ထောင်ကျကြောင်း စသည်တို့ကို ပြောပြသဖြင့် သိရ၏။ ပြီးမှ ထမင်းတစ်နပ် ကျွေးလိုကြောင်း ဖိတ်သည်နှင့် တစ်ညနေ၌ ထမင်းသွားရောက်စားရ၏။

ကျွန်ုပ်ရောက်လျှင် မိမိ၏လင်ယောကျ်ား မောင်မြကိုလည်း ခေါ်ငင်ပြသ၏။ ထိုအခါ ကျွန်ုပ်သတိပြုမိသည်ကား နေရာခင်းခြင်း၊ ထမင်းပြင်ခြင်း၊ ရေခွက်ထားပုံမှစ၍ အစစအရာရာကို မောင်မြသာလျှင်ပြုလုပ်၏။ သို့ရာ၌ မောင်မြသည် မယ်သန့်၏ဩဇာကို အလုံးစုံခံယူကာ တပည့်သည် ဆရာအားလည်းကောင်း၊ မောင်ငယ်သည် အစ်မကြီးအားလည်းကောင်း၊ သားငယ်သည် အမိအားလည်းကောင်း ခံ့ညားရိုသေသကဲ့သို့ နာခံပြုမူသည်ကို တွေ့ရ၏။ အယုတ်သဖြင့် လက်သုတ်သဖြင့် လက်သုတ်ပဝါချသည်ကိုပင် “မသန့်ရေ- လက်သုတ်ပဝါကို ရေတာကောင်းရဲ့ ဘယ်ဘက်က ထားရမလဲကွဲ့”ဟု မေးပြီးမှ မယ်သန့်ပြောသောနေရာတွင် တစ်သဝေမတိမ်း ချလေသည်။

ထိုအမူအရာတို့ကို တွေ့မြင်ရသောအခါ ကျွန်ုပ်တွေးထင်မိသည်ကား “ဘယ့်နှယ်လဲ၊ ငါတပည့်မ မယ်သန့်ဟာ အတန်လိမ္မာပါတယ်။ အခုတော့ လင်သားကို လက်အောက်ငယ်သား အစေးအပါးကဲ့သို့ နိုင်လှချေကလား၊ မယ်သန့် တယ်ဆိုးနေပါကလား၊ သင်းတော့ ငါဆုံးမရလိမ့်မယ်”ဟု တစ်ယောက်တည်းစိတ်ကူးနှင့် စိတ်ဆိုးပြီး ထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် မောင်မြ အလစ်တွင် မယ်သန့်ကို အနီးသို့ခေါ်၍ -

“ဟဲ့-မသန့်၊ နင်တယ်ဆိုးနေပါကလားဟင်၊ သင်း ဘယ့်နှယ်လဲ၊ လင်ကို နိုင်လှချည့်ကလား၊ နင်က အကောင်းမှတ်လို့လား၊ နင်” မယ်သန့်က ပြုံးလျက် “ဆရာက ကျွန်မကို လင်နိုင်တတ်တဲ့ မိန်းမဆိုးမှတ်လို့လား ဆရာရဲ့၊ ဆရာက ကိုယ့်တပည့်အကြောင်း မသိလို့ပဲကို၊ အဲလေ- ဟုတ်သလောက်တော့ဟုတ်ပါတယ်။ နို့ပေမယ့် ဘယ်လိုဘယ်ပုံနိုင်တယ်ဆိုတာကို ကာယကံရှင် ကိုမြကိုပဲ မေးပါဆရာရယ်”

“အေး-မေးရလိမ့်မယ်၊ နင်ဆိုးတာတွေ ပေါ်ကုန်ရင်တော့၊ ဒါပဲ”ဟု ကြိမ်းမောင်းလိုက်၏။ မယ်သန့်သည်လည်း ရယ်လျက်ထသွားလေ၏။

ပြီးမှ မောင်မြကို ကျွန်ုပ်တည်းခိုသောအိမ်သို့ ခေါ်လာခဲ့၍ “ဘယ့်နှယ်လဲ မောင်မြ၊ မယ်သန့်က မင့်အပေါ်မှာနိုင်တယ်လို့ ငါသဘောရတယ်။ မယ်သန့်လိုတာရှိရင်ပြော၊ ငါ့တပည့်မ ငါ့သားသမီးနဲ့ မခြားဘူး၊ ငါဆုံးမနိုင်တယ်”

မောင်မြက ပြုံး၍ “ဆရာထင်တာ မလွဲပါဘူး၊ မသန့်ရဲ့ ဩဇာကို ကျွန်တော်ခံတာ သူ့အစီအရင်ကို ကျွန်တော်ခံတာဟာ အမှန်ပဲဆရာရဲ့၊ နို့ပေမယ့် ဆရာရေ၊ သူ့ဟာက အနိုင်ဆိုးမဟုတ်၊ အနိုင်ကောင်းကို ဆရာရဲ့၊ သူက နိုင်တာမဟုတ်ပါဘူး၊ ကျွန်တော်က ကျွန်တော့်စေတနာနဲ့ ကျွန်တော်အနိုင်ခံနေတာပါ ဆရာရဲ့”ဟု အားရပါးရ ပြောလေ၏။

“အင်း၊ နို့ မင်း အနိုင်ခံပုံပြောပါဦးကွဲ့ လူရဲ့”ဟု မေးမှ အောက်ပါအတိုင်း ပြောလေ၏-

“ဦးဖိုးလူရဲ့ ကျောင်းမှာ မသန့်က ခြောက်တန်းဆရာမ၊ ကျွန်တော်က ဦးမြင့်ရဲ့ကျောင်းမှာ ခုနစ်တန်းဆရာ၊ အဲဒါနဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ကျွန်တော်တို့ ညားကြပါတယ်။ သူက လခ ငွေကျပ် ၆၀ ၊ ကျွန်တော်က ငွေကျပ်၈၀ ရပါတယ်။

ဆရာ့တော့ပြောရမယ်။ ကျွန်တော်က အပျော်အပါး နည်းနည်းလိုက်စားပါတယ်။ အသုံးလည်း ဖွာချင်ပါတယ်။ ငွေကိုငွေမမှတ်ဘူး။ ဒီလိုဆရာရဲ့ ကျွန်တော့်မိဘတွေက ချမ်းသာဖူးတယ်။ အဲ ဟိုတုန်းကတော့ ငွေကိုသုံးချင်သလို သုံးရတာနဲ့ ကျွန်တော့်မှာ ဒီအကျင့်ဆိုးတွေ ပါနေပါတယ်။

အဲဒါနဲ့ မသန့်နဲ့ရတော့ ဆရာရေ၊ သူက စည်းကြီးကမ်းကြီးနဲ့ကလားဗျ။ လခထုတ်လို့ သူ့လက်ထဲမရောက်ရင် တစ်ခါတည်း ကျွန်တော့် ကျောင်းဆရာကြီးဆီသွားပြီး တိုင်တာပဲ။ နောက်ဆုံးတော့ ဆရာရေ့ ဆရာကြီးကလည်း ကျွန်တော့်အကျင့်ကိုလည်းသိ၊ မသန့်ရဲ့သဘောသတ္တိကိုလည်း သိတာနဲ့ လခကို ကျွန်တော့် လက်ထဲကို မထည့်ဘူး။ မသန့်ကိုသာ ထုတ်ပေးတယ်။

အဲဒီကစပြီး ကျွန်တော်ဟာ မသန့်ကို ရန်သူလို တစောင်းစောင်း တမဲမဲနဲ့ နေမိပါတယ်။ သူထုတ်ပေးသမျှကိုသာ သုံးစွဲရပါတယ်။ ဒါနဲ့ မကြာမကြာ စကားများ လက်လွန်ခြေလွန်တောင် ရှိမိပါတယ်။ ကျွန်တော် အခု အင်မတန်နောင်တရပါတယ်။ တစ်နေ့တော့ ကျွန်တော်က-

“ဘယ့်နှယ်လဲမသန့်၊ ကျုပ်ကို ထောင်သားလို ထားမလို့လား”

“မဟုတ်ပါဘူး ကိုမြရဲ့၊ အားလုံး နောင်ကောင်းကြဖို့အရေးပါ။ ကောင်းပြီ၊ ယခု ကျွန်မတို့ တစ်လ ငွေကျပ် ၁၄၀ ရတယ်။

ရှင်က တစ်လကို ဈေးသုံး .......... ၁၅ ကျပ်
ကျွန်မက ........................... ၁၅ ကျပ်
အိမ်က မိခွေးက......................၅ ကျပ်
အိမ်လခ..............................၁၅ ကျပ်
စားစရိတ်.............................၅၀ ကျပ်
ဝတ်စရိတ်.............................၃၀ ကျပ်
သားရေးနာရေးအသေးသုံး............၁၀ ကျပ်
ပေါင်းငွေ.............................၁၄၀ ကျပ်

ကိုင်း သဘောကျရဲ့လား

“စားစရိတ် ငွေကျပ် ၅၀၊ များလှချေကလား၊ မိခွေး အတွက်ကလည်း ၅ ကျပ်လား၊ ကျုပ်ကိုတော့ ၁၅ ကျပ်ပဲ ပေးသလား”

“ရှင်တို့ယောကျ်ားများဟာ ဒါတွေမသိတာပဲ။ ဒါမိန်းမ အလုပ်တွေရှင့်၊ မိန်းမမှသိတယ်။ ရှင်တို့ နားမလည်ပါဘူး”

ကျွန်တော့်မှာ ဘာမျှပြန်မပြောနိုင်ပါ။ သို့ရာတွင် သာ၍မကျေနပ် စိတ်ဆိုးပြီး အောင့်သိုးသိုး လုပ်နေပါသည်။ သူ့ကို ရန်သူကြီးလုပ်ပြီး စကားပင် ကျပ်ကျပ်မပြောမိပါ။ မကြာမကြာ လက်ရောက်ခြေရောက်ပင် ရှိမိပါတယ်။ ထူးတာက ဆရာရဲ့၊ ကျွန်တော့်ကို အင်မတန်သည်းခံတယ်။ ဘာမှမဖြစ်သလိုပဲ။ သူက ခေါ်ခေါ်ပြောပြော ကျွေးကျွေးမွေးမွေးနဲ့ ဝတ္တရားဘာမှမပျက်ဘူး၊ ဘာမှလည်း ဆိုစရာမရှိဘူး၊ ကျွန်တော့်မှာသာ တစ်ယောက်တည်း ရန်ဖြစ်နေဆိုသလို အတော်ခွကျနေတာပါပဲ။

အဲဒီလို နေလာကြလို့ သုံးနှစ်လောက်ကြာတော့ အစိုးရမှာ ငွေမရှိလို့ဆိုပြီး ဆရာတွေ အလျှော့မှာ ကျွန်တော် အလုပ်ပြုတ်ပါရော၊ မသန့်ရဲ့လခ ငွေကျပ် ၆၀နဲ့သာ ခြစ်ခြစ်ခြုတ်ခြုတ် နေရပါတော့တယ်၊ ကျွန်တော်လည်း အင်မတန်စိတ်ညစ်ပါတယ်။ ဘယ်မှာမှလည်း အလုပ်ရှာလို့မရပါ။

နောက်သုံးလလောက်ကြာရင်ပဲ မသန့်ဖျားပါရော ဆရာရေ၊ ပထမလမှာ လခနဲ့အခွင့်ရပါရဲ့၊ နောက်လတွေတော့ လခမရှိ အခွင့်သာရပါရော၊ သာပြီးကျပ်သွားတာပေါ့ဆရာရဲ့၊ ကျွန်တော်လည်း ဆင်းရဲလေလေ သံဝေဂရဆိုသလို သတိတရားရပြီး အစွမ်းကုန် အလုပ်ရှာပါရဲ့၊ မရပါ၊ ဆွေမျိုးများဆီက ချေးငှားရတာလည်းများတာနဲ့ နောက်ထပ်မချေးငှားဝံ့တော့ပါ။ အဲဒါနဲ့ ခြေကုန်လက်ပန်းကျပြီး အင်မတန်စိတ်အညစ်ကြီးညစ်ကာ-

“ကဲ-မသန့်၊ ခွတော့ကျကုန်ပြီ၊ ငွေလည်းမရှိ၊ အလုပ်လည်းမရ၊ မင်းအသိပဲ၊ ချေးငှားသုံးတာလည်း ငွေကျပ် ၁၀၀ လောက် ကြွေးတင်နေပြီ၊ ကျုပ်တော့ မကြံတတ်ဘူး၊ မင့်ဖို့ ခါတ်စာကလေးဘာကလေး တောင် မဝယ်နိုင်ဘူး၊ ငါ့မှာလည်း မင်းမြင်တဲ့ အတိုင်း အဝတ်အစားများမှာ လူထဲတောင် မဝင်ဝံ့ဘူး၊ ကျုပ်တော့ သေသာသေချင်တော့တာပဲ”

အဲဒီတော့မှ မသန့်က “အဲဒါပဲ၊ ရှင်တို့ယောကျ်ားတွေဟာ ရတုန်းအရမ်းသုံး၊ မရတဲ့အခါ အငတ်နေဆိုတာမျိုးလိုပဲ၊ ကျောချမှ ဓားပြမှန်းသိတော့တာပဲ။ ဟုတ်စ၊ ကျွန်မက ခြစ်ခြစ်ခြုတ်ခြုတ်သုံးဖို့ပြောတော့ ရှင်က ကျုပ်ကိုရန်မူတယ်၊ ခုတော့ ဘယ့်နှယ်နေသလဲ၊ အဲဒါမှတ်ထား၊ ကဲကဲရှင်မကြံတတ်ရင် ကျွန်မကြံရသေးတာပေါ့။ ရော့ရော့၊ ဒါကြည့်စမ်း” ဆိုပြီး ခေါင်းအုံးအောက်က ဘဏ်မှာ ငွေစုထားတဲ့ စာရင်းလက်မှတ်ကို ထုတ်ပြပါတယ်။

ကျွန်တော့်မှာ အံ့သြပြီး ယူကြည့်လိုက်တော့ ငွေကျပ် ၂၅၀၀ လောက် ရှိနေတာကို တွေ့ရတော့မှ မသန့်မျက်နှာကို ကျွန်တော်အကြောင်သားကြည့်နေရပါတယ်ဆရာ။

“ရှင် ကြောင်တောင်တောင် အူတူတူ လုပ်မနေနဲ့၊ ကျွန်မပြောပြမယ်။ ရှင့်ကိုပြတဲ့ အသုံးစာရင်းထဲက

ကျွန်မသုံးဖို့ဆိုတဲ့ငွေ .................၁၅ ကျပ်
မိခွေးဖို့.................................၅ကျပ်
စားစရိတ် ၅၀ ကျပ်ဆိုတဲ့အထဲက
၃၀ ကျပ်သာသုံးလို့ ပိုငွေ ...........၂၀ ကျပ်
ဝတ်စရိတ်တစ်ဝက် .................၁၅ ကျပ်
အသေးသုံးတစ်ဝက် .................၅ ကျပ်
ပေါင်း ..................... ၆၀ ကျပ်

အဲဒါနဲ့ တစ်လကို ငွေကျပ် ၆၀ ရှင်မသိအောင် ကျွန်မဘဏ်မှာ ငွေစုခဲ့တာ ယခုသုံးနှစ်ကျော်ဆိုတော့ အတိုးနဲ့ဘာနဲ့ ငွေကျပ်၂၅၀၀ လောက်ဖြစ်နေတာပေါ့၊ ငွေကျပ်၂၅၀၀ လောက်ရှိပေမယ့် ရှင်သုံးချင်တိုင်း မသုံးရဘူး၊ တင်နေတဲ့ကြွေး ငွေကျပ် ၁၀၀ ဆပ်ဖို့နဲ့ အခုအတောအတွင်းသုံးဖို့ ငွေကျပ် ၁၀၀၊ အဲဒီ ငွေကျပ် ၂၀၀ ကိုသာ ထုတ်ချေ။ ရော့ “ချက်” ဟု ရေးပေးလိုက်ပါတယ်။

ကျွန်တော့်မှာလည်း ထန်းလျက်အိုးပေါ် မှောက်လဲသလို အင်မတန် ပြုံးရွှင်ပြီး “ကျေးဇူးရှင်မမခင်ဗျား၊ ကျွန်တော်မျိုးအတွက် ၁၅ ကျပ်ကို နောက် တောင်းမသုံးတော့ပါဘူး။ မမ ပေးသမျှကိုသာ ယူပါတော့မယ်”လို့ ပြောင်သလိုလို အဟုတ်သလိုလိုနဲ့ပဲ ပြောမိပါသေးတယ်။

အဲဒါနဲ့ မသန့်လည်း မကြာမီ ပြန်ပြီးကျန်းမာလာလို့ သူ့အလုပ်ကို ပြန်ရပါတယ်။ ကျွန်တော့်မှာတော့ အလုပ်ပြန်မရ၊ ရှာလို့လည်း အဆင်မသင့်ဖြစ်နေပါတယ်။ ကျွန်တော်လည်း မသန့်ကျေးဇူးကို အမြဲသတိရ နောင်တလည်းရပြီး မသန့် အလုပ်သွားတဲ့အခါ ကျွန်တော်က အိမ်မှာအလကားမနေဘဲ အစစအရာရာ ချွေတာပြီး မရှက်မကြောက် ရေခပ်၊ တံမြက်လှည်း၊ ထမင်းချက်၊ အဝတ်လျှော် ဆိုသလို ကူညီလိုက်တော့ အိမ်စရိတ်ဟာ တစ်ဝက်လောက်သက်သာသွားပါတယ်။ အဲဒါနဲ့ မသန့်လခ ငွေကျပ် ၆၀ နဲ့ပဲ ကျွန်တော်တို့ နေလောက်စားလောက်ရှိပါတယ်။

တစ်နေ့တော့ ဆရာရေ၊ ကျွန်တော်ဟာ လခစားအလုပ် စိတ်ပျက်ပြီး ငါ့အစွမ်းနဲ့ငါ ကြံမယ်လို့စိတ်ထားပြီး စက်ပိုင်တစ်ယောက်ထံ သွားပြီး အဝယ်တော်ပွဲစားလုပ်လိုတဲ့အကြောင်း ပြောပြပါတယ်။

စာမျက်နှာ ၂၃ သို့ ☆

> မသန့်က “အဲဒါပဲ၊ ရှင်တို့ယောကျ်ားတွေဟာ ရတုန်းအရမ်းသုံး၊ မရတဲ့အခါ အငတ်နေဆိုတာမျိုးလိုပဲ၊ ကျောချမှ ဓားပြမှန်းသိတော့တာပဲ။ ဟုတ်စ၊ ကျွန်မက ခြစ်ခြစ်ခြုတ်ခြုတ်သုံးဖို့ပြောတော့ ရှင်က ကျုပ်ကိုရန်မူတယ်၊ ခုတော့ ဘယ့်နှယ်နေသလဲ၊ အဲဒါမှတ်ထား၊ ကဲကဲ ရှင်မကြံတတ်ရင် ကျွန်မကြံရသေးတာပေါ့။ ရော့ရော့၊ ဒါကြည့်စမ်း” ဆိုပြီး ခေါင်းအုံးအောက်က ဘဏ်မှာငွေစုထားတဲ့ စာရင်းလက်မှတ်ကို ထုတ်ပြပါတယ်

# ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းဖွင့်

**သာယာဝတီ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကို ယမန်နေ့က Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားပို့ချရာ မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**ပြောကြား**

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်မင်းထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများဖြစ်သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နော်ထူးဘိုနှင့် ဒုတိယဦးစီးမှူး ဒေါ်စုသဲမွန်ထွန်းတို့က ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ကျေးလက်ရေပေးရေး လုပ်ငန်းဆောင်ရွက်သည့် ကျေးရွာများအနက် ကျေးရွာပေါင်း ၁၀ ရွာမှ ကော်မတီဝင်များကို သင်တန်းပို့ချရမည်ဖြစ်ပြီး ကျန်ရှိသည့်ကျေးရွာ ခုနစ်ရွာမှ ကော်မတီဝင်များကိုလည်း ယခုလအတွင်းအပြီး ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်လှစ်သင်ကြားပို့ချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်များ မြင့်မားလာခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို လျှော့ချလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**



# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေး

**သာယာဝတီ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အရ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားအရည်အချင်းပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် အိမ်ထောင်စုစာရင်းရရှိရေးအတွက် မေလ ပထမပတ်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိရာစက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ညောင်ကောက်ကွေးကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစန်းထူးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပန်းခင်းစီမံချက် ဆောင်ရွက်ပေးနေမှုများကို မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရပ်ကွက်များအတွင်း လှည့်လည်ကြေညာပေးခြင်း၊ လူစည်ကားရာနေရာများတွင် ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်



**ကန်ကြီးထောင့် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းကို စက်တင်ဘာ ၇ ရက်တွင် ဖွင့်လှစ်ရာ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၇ ရက်မှ ၂၅ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါသင်တန်းကို ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပညာအရည်အချင်း အလယ်တန်းအဆင့်ရှိသော လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

**ရှင်းလင်းပြောကြား**

သင်တန်းကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခဲ့ကာ သင်တန်းဖွင့်ပွဲတွင် ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က သင်တန်းဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**၂၂၂**

❖ **ခန္တီးမြို့မှ**

ယခင်မူလ ကြိုးတံတားဟောင်းမှာ သက်တမ်းကြာမြင့်လာပြီဖြစ်ရာ တံတားခံနိုင်ဝန်အား လျော့နည်းလာသောကြောင့် တံတားပေါ်မှတစ်ဆင့် ဖြတ်သန်းမောင်းနှင်ကြသည့်ယာဉ်များ၏ Weight Limit ကို ၁၃ တန်သာ ခွင့်ပြုနိုင်တော့သဖြင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်မှု အဆင်ပြေစေရန်အတွက် အဆိုပါကြိုးတံတားဟောင်းနှင့် ကပ်လျက်နေရာ၌ နန့်စလိန်ချောင်း တံတားသစ်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

တံတားသစ်၏ အရှည်မှာ စုစုပေါင်း ၃၃၀ ဒသမ ၄၅ ပေ ရှိပြီး တံတားအကျယ်မှာ ၃၀ ဒသမ ၅ ပေ၊ တံတားကင်းလွတ်အကျယ်မှာ ၁၄၃ ပေနှင့် တံတားကင်းလွတ်အမြင့် သုံးပေရှိကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း၊ တံတားအောက်ခံအုတ်မြစ်များကို အချင်း ၂ ဒသမ ၇၅ မီတာ ရှိသည့် Caisson Well Foundation ဖြင့် တည်ဆောက်ထားပြီး တံတားကိုယ်ထည်မှာ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်ကို သံကူကွန်ကရစ်ရက်မနှင့် သံမဏိရက်မတို့ဖြင့် တည်ဆောက်ထား၍ ယာဉ်သွားလမ်းအကျယ် ၂၇ ဒသမ ၅ ပေရှိသည့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် ဆောင်ရွက်ထားကြောင်း၊ တံတားခန်းဖွင့်အကျယ် ၁၀၀ ဒသမ ၇၂ မီတာရှိပြီး ခန်းဖွင့်အကျယ် မီတာ ၂၀ နှစ်ခန်း၊ ၁၅ မီတာ တစ်ခန်းနှင့် ၄၅ ဒသမ ၇၂ မီတာ တစ်ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

○ **ကျောဖုံးမှ**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြု ပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လက်ခံထား**

ယနေ့ည ၇ နာရီအချိန်အထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၂၇ ဦးနှင့် အမျိုးသမီး ၁၂၁ ဦး စုစုပေါင်း ၂၄၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၄ ဦး လက်ခံထားရှိကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် နယ်မြေခံဆေးတပ်ရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာသို့ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး အဆိုပါစင်တာ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် လူနာများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် တိုင်းစစ်ဌာနချုပ်နှင့် အလှူရှင်များက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြု ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

☆ **စာမျက်နှာ ၂၂ မှ**

စက်ပိုင်က ကျွန်တော့ ပုံပန်းသွက်လက်ပုံကို ထောက်လို့ လုပ်တော့လို့တော့ ဆိုပါရဲ့၊ နို့ပေမယ့် "မောင်ရယ်၊ အခုခေတ်မှာ ငွေကြေးကိုယုံရဖို့ အင်မတန်ခက်တယ်။ ဒီတော့ကာ ငွေကိုတော့ အရင်ထုတ်မပေးနိုင်ဘူး။ မောင့်အစွမ်းနဲ့မောင်ပဲ စပါးဝယ်ခဲ့ရင်ဖြင့် ပွဲခနဲ့ တစ်ခါတည်းငွေချေမှာပဲ"လို့ ပြောပါတယ်။ ။

ကျွန်တော် အတော်စိတ်ပျက်သွားတာပေါ့ ဆရာရဲ့။ ဘဏ်မှာ မသန့်ရဲ့ ငွေကျပ် ၂၀၀၀ ကျော်ရှိတာကို ကျွန်တော်သိပါရဲ့။ နို့ပေမယ့် မတောင်းဝံ့ မတောင်းရက်ဘူး ဆရာရဲ့။ မသန့်ဟာ အင်မတန် စစ်စီတယ်။ တောင်းရင်လည်း ရမှာမဟုတ်ဘူးလို့ ထင်ပြီး ကျွန်တော် မှိုင်မှိုင်နေတာပဲ။

နို့ပေမယ့် အကင်းပါးတဲ့ မသန့်က ကျွန်တော့်ရဲ့ မှိုင်ချက်ကို မသက်ာလို့ အထပ်ထပ်မေးတာနဲ့ နောက်ဆုံးတော့ ပြောပြလိုက်တာပေါ့။ ဒီတော့မှ မသန့်ကရယ်မောပြီး ရှင် အစကဘာဖြစ်လို့မပြောသလဲ၊ ယောက်ျားဆိုတာ အဲဒီလိုကြံဖန်ရတယ်၊ နောက်မဆုတ်ရဘူး၊ စွန့်စားရတယ်၊ မတော်တဆ ဆုံးပါးသွားကော အကျိုးရှိမလားလို့ လုပ်တာပဲ၊ ဘာပူစရာရှိသလဲ၊ မိသန့် စစ်စီတာက မတော်တဲ့ နေရာမှာသာ စစ်စီတာ၊ ဒီလိုဟာမျိုးမှာ စစ်စီတာ မဟုတ်ဘူး၊ ရော့ "ချက်"ယူသွား၊ ငွေကျပ် ၂၀၀၀ ထုတ်ပြီး စက်မှာသွင်းချေ"လို့ ဆိုလိုက်ပါတယ်။

ကျွန်တော့်မှာ အံ့အားသင့်ပြီး ဩော်-တယ် ဟုတ်တဲ့ မိန်းမပါလား။ ငါအထင်မှားမိပြန်ပြီလို့ တွေးတောမိပါတယ်။ ပြီးမှ ငွေထုတ်၊ စပါးဝယ်၊ စက်ကိုသွင်းတော့၊ ဈေးမကိုက်တာနဲ့ ငွေကျပ် ၇၀၀ လောက်ရှုံးပါတယ်။

ခုတော့ မသန့်ကို ယုံကြည်အားကိုးစိတ်ရှိနေတာနဲ့ ချက်ချင်းပဲ ရှုံးတဲ့အကြောင်း ပြောပြပါတယ်။ အတော်လာတဲ့မိန်းမ ဆရာရေ့၊ ရှုံးတဲ့ဟာကို သူက ဝမ်းသာတယ်တဲ့၊ အဲဒီရှုံးတာဟာ ကျွန်တော် ကုန်သည်အလုပ်မှာ ပိုမိုနားလည်ဖို့တဲ့ဗျ။ သူဟာ ဟုတ်တယ် ဆရာရေ၊ အဲဒီရှုံးပြီးကတည်းက ကျွန်တော် ရောင်းရာဝယ်ရာမှာ အင်မတန် ဆင်ခြင်စဉ်းစားပြီး ဟန်လောက်မှ ရောင်းဝယ်ခြင်းကို ပြုပါတယ်။ ဒုတိယတစ်ခါ သွားသွင်းတော့ အရှုံးကျေပါတယ်။ နောက်တစ်ခါတော့ အမြတ်ပေါ်တာပေါ့ဆရာရဲ့။

အဲဒါ လူကဲကိုခတ်နေတဲ့စက်ပိုင်က မကြာခင်ပဲ ငွေအရင်းထုတ်ပေးပါတယ်။ တိုတိုပြောကြစို့ ဆရာရယ်။ သုံး-လေးလအတွင်းမှာပဲ ပွဲခရော ငွေကျပ် ၃၀၀၀ လောက် ကျန်ပါတယ်။ ဒီတော့ မသန့်က "ကိုင်း-ဒီငွေဟာ ရှင့်အစွမ်းနဲ့ရတာ၊ ဘဏ်မှာ ရှင့်နာမည်နဲ့ပဲ ထားပေတော့"

"ဟာ-ဘယ်က ကျုပ်အစွမ်းဟုတ်ရမလဲ၊ မသန့်ငွေနဲ့ ရင်းလို့ရတာ၊ ဒီတစ်သက်မှာ မမသန့်ကိုပဲ အလုံးစုံယုံကြည်အားကိုး စီမံသမျှ ခံပါတော့မယ်။ အလုံးစုံကိုပဲ လွှဲပါရစေတော့ ကျေးဇူးရှင်မမခင်ဗျား" လို့တောင် ကျွန်တော်က ရယ်မောပြောင် လှောင်ပြောလိုက်ပါသေးတယ်။ အဲဒါပဲ ဆရာရေ၊ သူကနိုင်တာမဟုတ်ဘူး၊ ကျွန်တော်က အနိုင်ခံတာပါ။ ဘာပဲဖြစ်ဖြစ်၊ သူဟာ အနိုင်ကောင်းမဟုတ်လား ဆရာရယ်"ဟု ပြောပြီးနားလေ၏။

ကျွန်ုပ်မှာလည်း တပြုံးပြုံးနှင့် နားထောင်လာခဲ့ရာ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်စိတ်မြောက်ပြီး "အဲဒါ ငါ့တပည့် အစစ်ကွဲ့"ဟု လွှတ်ခနဲ အသားယူ၍ ဆိုလိုက်မိလေ၏။

ထိုအခါ မောင်မြကလည်း အားကျမခံ ဆိုဘိသကဲ့သို့ "အဲဒါမှ ကျွန်တော့်မယားအစစ် ဆရာရဲ့" ဟု လေလုံးထွားထွားနှင့် ကြွားလိုက်လေသတည်း။ ။

■

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**

**အင်ဂျင်နီယာသင်တန်းသားများ**

**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၂၁** ရက်နေ့မှ စတင်၍ **၃-၁၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၆ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။


(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဝေဖြိုးကုသိုလ်ရှင်များတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း









[illegible]

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မဟာရံတံတိုင်း၊ လမ်း၊ ရေတွင်း ဒါယကာကြီး Wave Plus သောက်ရေသန့်နှင့် အေးမြအုပ်စုကုမ္ပဏီ၏ ဖခင်ကြီး

# ဦးလှစိန်

## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်လမ်းသွယ်(၁)၊ အမှတ်(၄၁၄/က) နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ်(၃၁၊ ၃၃၊ ၃၅)နေ (ဦးတန်ကျော့အွန်-ဒေါ်ဆွကျို့)တို့၏သား၊ (ဦးအောင်-ဒေါ်ကျင်မြိုင်) တို့၏သားသမက်၊ အရှင်မာနိတ(သာသနာ့အောင်မြေကျောင်းတိုက်၊ ရန်ကုန်၊ မရမ်းကုန်း)၏ ခမည်းတော်၊ (ဒေါ်ခင်ခင်ထွေး)၏ခင်ပွန်း၊ ဦးအောင်မိုး၊ ဦးသန်းစိုး၊ ဦးမင်းစိုး-ဒေါက်တာမီမီသွယ် (ဓာတ်ရောင်ခြည် အထူးကုဆရာဝန်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်ကြီး၊ ဦးပြည်သိမ်း-ဒေါ်ပြည့်သက်စံ၊ မတင့်မှူးအိမ်[Grade-10၊ အထက(၂) လသာ]တို့၏အဘိုး၊ မသုထက်ပြည့်လျှံသိမ်း [Grade- 2 ၊ အထက(၂) ကမာရွတ်]၊ မောင်ကောင်းပြည့်သိမ်းတို့၏ဘိုးဘိုးကြီးသည် ၁၀-၉-၂၀၂၁ရက်(သောကြာနေ့) ညနေ ၃:၂၈နာရီတွင် အထက်ပါ နေအိမ်၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၂-၉ -၂၀၂၁ ရက် (တနင်္ဂနွေနေ့)တွင် ဖူကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွန့်
### ကြည်း/၂၂၄၈၂ ၊ စခတ(၃)
### အသက်(၅၂)နှစ်

ပင်းတယမြို့နေ(ဗိုလ်မှူး စိုးညွန့်)၊ ဒေါ်မြခက်တို့၏သား၊ ကလောမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးထွန်းမြင့်နိုင်-ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မသက်စုနန္ဒာ၊ မသက်ဖုန်းပြည့်နွယ်တို့၏ဖခင်သည် ၁၀-၉-၂၀၂၁ရက် (သောကြာနေ့) နံနက် ၉:၃၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)နေပြည်တော်၌ (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၁ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)နေပြည်တော် ငြိမ်းအေးဇရပ်တွင် တရားနာယူ၍ တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ဆက်လက်ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတိုး
### စိန်သရဖူ၊ ပေါ်ပြူလာ အထည်စက်(ဝမ်းတွင်းမြို့)
### အသက်(၇၃)နှစ်

ဝမ်းတွင်းမြို့၊ အမှတ်(၁)၊ အောင်မင်္ဂလာရပ်နေ ဒေါ်သျှမ်း၏ခင်ပွန်း ဦးတိုး (ကျောက်ဆင်ရွှေတိဂုံနှင့် တောင်ပုလုကျောက်ဆင်တောရ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ)သည် ၄-၉-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တောင်ပုလု ကျောက်ဆင်တောရ**
**ဂေါပကအဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မြင့်(လားရှိုး)
### အသက်(၉၀)

ဗိုလ်မှူးချုပ်ဆန်းဦးလှိုင်(တပ်မတော်လေ-ငြိမ်း)-ဒေါ်ကျော့မွန်သန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီးဒေါက်တာသန္တာဦးလှိုင်-ဒေါက်တာကောင်းမြတ်လင်းတို့၏ ချစ်လှစွာသော ဘွားဘွား ဒေါ်ခင်မြင့် အသက် (၉၀) သည် ၉-၉-၂၀၂၁ ရက်တွင် ကွယ်လွန်သွားသည်ကို သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

**ဦးမြင့်လွင်-ဒေါ်ညွှန့်ရင် မိသားစု**
**အောင်ပါစေပွဲရုံ(ဘုရင့်နောင်)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသယ်ယူပို့ဆောင်ရေးနှင့်ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုအသင်းချုပ်(MTLF)၏ ဥက္ကဋ္ဌ ဦးစန်းခိုင်လှ အသက်(၅၇)နှစ်သည် ၉-၉-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်ငြိမ်းချမ်းရာဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**

---

### ဦးရဲအောင်(ရသေ့တောင်)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးသထော်ဦး-ဒေါ်စောမြခိုင်)တို့၏ သားကြီး၊ ဒေါ်ခင်မာဦး-(ဦးမြင့်သိန်း)၊ ဒေါ်ခင်မာအောင်-(ဦးခင်မောင်ထွေး)၊ ဒေါ်ခင်မာဝေ-ဦးဇော်ထွန်းလင်းတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၀-၉-၂၀၂၁ (သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဒေါ်ကြာခိုင်(မြောက်ဦး)
### အသက်(၈၅)နှစ်

(ဦးစံလှဘော်-ဒေါ်စံကြွဦး)တို့၏ သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၂၆၀)နေ [ဦးကျော်သာ (လ/ထ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-ရုံးချုပ်)]၏ဇနီး၊ ဒေါ်ခင်မြင့်သူ(ထ/၂၊ ဒဂုံ/မြောက်)၊ ဦးအောင်သူ၊ ဒေါ်ခင်မြနွယ်၊ ဦးအေးသိန်း-ဒေါ်လဲ့ရွှေဇင်ဦးတို့၏ မိခင်၊ မောင်ဇင်လင်းမြတ်၏ အဘောင်ရှင်သည် ၈-၉-၂၀၂၁ ရက် ည ၇ နာရီတွင် ၈၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၁ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မြင့်(လားရှိုး)
### အသက်(၉၀)

ဗိုလ်မှူးချုပ် ဆန်းဦးလှိုင် (တပ်မတော်လေ-ငြိမ်း)-ဒေါ်ကျော့မွန်သန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာသန္တာဦးလှိုင် - ဒေါက်တာကောင်းမြတ်လင်းတို့၏ ချစ်လှစွာသော ဘွားဘွား ဒေါ်ခင်မြင့် အသက်(၉၀)သည် ၉-၉-၂၀၂၁ ရက်တွင် ကွယ်လွန်သွားသည်ကို သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

**ဒေါ်ကျင်မေနှင့် မိသားစု**
**သမာဓိပွဲရုံ(ဘုရင့်နောင်)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မြင့်(လားရှိုး)
### အသက်(၉၀)

ဗိုလ်မှူးချုပ် ဆန်းဦးလှိုင် (တပ်မတော်လေ-ငြိမ်း)-ဒေါ်ကျော့မွန်သန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာသန္တာဦးလှိုင် - ဒေါက်တာကောင်းမြတ်လင်းတို့၏ ချစ်လှစွာသော ဘွားဘွား ဒေါ်ခင်မြင့် အသက်(၉၀)သည် ၉-၉-၂၀၂၁ ရက်တွင် ကွယ်လွန်သွားသည်ကို သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

**ဒေါ်ညွှန့်ရှင်နှင့် မိသားစု**
**အောင်ပင်လယ်ပွဲရုံ(ဘုရင့်နောင်)**

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်တင်တင်
### (မန္တလေး/မေမြို့)
### အသက်(၈၁)နှစ်

မန္တလေးမြို့နေ (ဦးမောင်မောင်-ဒေါ်မိမိ)တို့၏ သမီး၊ [ဗိုလ်မှူးစိုးသိဏ်း (ဒုညွှန်ချုပ်-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)]၏ ဇနီး၊ ဦးမျိုးသန့်-ဒေါက်တာမြင့်မြင့်သင်း၊ (ဦးအုန်းသန့်)-ဒေါက်တာမိုးမိုးအောင်၊ ဦးစိုးဝင်းသန့်(Global World Insurance Co.,Ltd)-ပါမောက္ခဒေါက်တာသန်းသန်းနွယ်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၉-၉-၂၀၂၁ (ကြာသပတေးနေ့) ည ၈:၃၀ နာရီတွင် ဂရန်းဟံသာဆေးရုံကြီး၌ ၈၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၁(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယကာကြီး
# ဦးတိုး
### စိန်သရဖူ၊ ပေါ်ပြူလာအထည်စက်၊ ဝမ်းတွင်းမြို့
### အသက်(၇၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ အိုင်သာရွာနေ (ဦးကြည်-ဒေါ်ဖွားခင်)တို့၏သား၊ ဝမ်းတွင်းမြို့၊ အမှတ်(၁) အောင်မင်္ဂလာရပ်နေ ဒေါ်လုံး၏သားသမက်၊ ကိုနေလင်း-မမိုးမိုးသင်း(ရွှေမောင်းချည်ရောင်းဝယ်ရေး)၊ ကိုစိုးလှိုင်-မမိုးမိုးနှင်း (ဦးစိုးလှိုင်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ကိုကျော်ကျော်ဦး-မခင်ပပလင်း (စိန်သရဖူချည်၊ ဆိုးဆေးရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရဲလင်းတိုး(New York Flim Academy BFA Flim Making)၊ မဇူဇူလင်းတိုး (Grade-11 AIS)၊ မောင်နေလင်းတိုး(Grade-11 AIS)၊ မောင်ရဲလင်းခန့် (Grade-7 AIS)၊ မောင်ပိုင်ထူးကျော်(Grade-2 AIS)၊ မရွှန်းလက်ရွှေရည်(KG-AIS)တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်သျှမ်း(စိန်သရဖူ၊ ပေါ်ပြူလာအထည်စက်၊ ဝမ်းတွင်းမြို့)၏ခင်ပွန်း ဦးတိုးသည် ၄-၉-၂၀၂၁ (စနေနေ့) ည ၉:၃၀ နာရီတွင် နန္ဒာလမ်း၊ ပြင်လွင်ဦးမြို့နေအိမ်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၉-၂၀၂၁(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ၅-၉-၂၀၂၁ ရက်မှစ၍ ၁၀-၉-၂၀၂၁ ရက်အထိ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်၊ ဒါတဗွတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး သတ္တဝါအပေါင်းတို့အား အမျှပေးဝေပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်တင်တင်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း၊ အမှတ်(၁၁၄)နေ ဦးစိုးဝင်းသန့် (Managing Director) (Global World Insurance Co.,Ltd)-ပါမောက္ခ ဒေါက်တာသန်းသန်းနွယ်တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၉-၉-၂၀၂၁ (ကြာသပတေးနေ့) ည ၈:၃၀ နာရီတွင် ဂရန်းဟံသာဆေးရုံကြီး၌ ၈၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Global World Insurance Co., Ltd &**
**Global Life Insurance Co., Ltd**
**ဝန်ထမ်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ခရစ်တော်၌ အိပ်ပျော်ခြင်း
# မန်းစန်းခိုင်လှ
### အလုပ်အမှုဆောင်၊ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)
### အသက်(၅၇)နှစ်

ဒေါ်နန့်စန္ဒာရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ စဖြိုးပြည့်စုံ၏ဖခင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ အလုပ်အမှုဆောင်၊ မန်းစန်းခိုင်လှ အသက် (၅၇)နှစ်သည် ၉-၉-၂၀၂၁ (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)**

---

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ခန္တီးမြို့နယ်၌ နန့်စလိန်ချောင်းတံတားတည်ဆောက်မှု ၉၈ ရာခိုင်နှုန်းပြီးစီး

ခန္တီး စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ နန့်စလိန်ချောင်းတံတားတည်ဆောက်ရေးစီမံကိန်းမှာ ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ တံတားအချောသပ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

နန့်စလိန်ချောင်းကိုဖြတ်သန်း၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ခန္တီး-ဆင်သေ- လဟယ်လမ်း မိုင်(၂၄/၄)၌ ခန့်မှန်း တန်ဖိုးငွေကျပ် သန်းပေါင်း ၁၆၀၀ အကုန်အကျခံ၍ တည်ဆောက်နေသော အဆိုပါ နန့်စလိန်ချောင်းတံတားစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၂)က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖



## အခြေခံပညာကျောင်းများအား ဆက်လက်၍ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တား ထိန်းချုပ်ရန်လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ(ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၁၃-၉-၂၀၂၁ ရက်နေ့မှ ၂၄-၉-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

ကြေးမုံ ယနေ့ဖတ်စရာ

မွန်မြတ်စေတနာနှင့် အေးမြသောအရိပ်အာဝါသ
စာမျက်နှာ » ၈

မိမိကိုယ်မိမိ သိရှိနားလည်ခြင်း
စာမျက်နှာ » ၁၅

လေ့လာစရာ အင်္ဂလိပ်စာ
စာမျက်နှာ » ၂၀၊ ၂၁

အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဝတ္ထုတို
အဖိုးတန်သော အိမ်သူမယ်သန့်
စာမျက်နှာ » ၂၂

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်ပြီးစီးသည့်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

ကိုဗစ် -၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၃ သို့ ○

